www.burmeseclassic.com

စိုးမိုးစာပေ

မိုးဆက်လင်းထက်

# မင်းမွှင်းကြယ်တိုင်ကခဲ့တဲ့ညများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စိုးမိုး
စာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၅

မိုးဆက်လင်းထက်

# မနုဿကိုယ်တိုင်ကစဲ့တဲ့ဥယျာဉ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၉၂၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၆၅၀၈၁၁
အဖုံးဒီဇိုင်း - ကိုမျိုးဆွေသန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
အတွင်းပလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၆၀၀ ကျပ်

မိုးဆက်လင်းထက်
ပန်းပွင့်ကိုယ်တိုင်ကခဲ့တဲ့ဥယျာဉ်/မိုးဆက်လင်းထက်။
ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၆၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။


BURMESE CLASSIC .com

# အခန်း (၁)

www.burmeseclassic.com

www.burmeseclassic.com



မီးပွိုင့်နီတုန်း အလျှင်အမြန် ပြေးရသည်။ ထိပ်ဆုံးက ရပ်ထားသော ကားနားကို ဖြတ်၍ အထဲကို အကဲခတ်လိုက်၏။ အသက် လေးဆယ်ကျော်ခန့် လူတစ်ယောက် ကားမောင်းသူဘက်မှာ ငုတ်တုတ်ထိုင်နေတာ တွေ့ရသည်။ သူက လက်မြှောက်ပြလိုက်တော့ ထိုလူက ဟန်းဖုန်းပြောနေရင်းမှ လက်ခါပြသည်။

နောက်တစ်စီးထံ လှမ်းသွားလိုက်ပြီး အထဲကို ငုံ့ကြည့်လိုက်သည်။ အသက်ခြောက်ဆယ်ခန့် အဘိုးကြီးတစ်ယောက်နှင့် ကောင်မလေး ငယ်ငယ်ချောချောတစ်ယောက် ထိုင်နေတာ တွေ့ရသည်။ ကောင်မလေးက အဘိုးကြီးနားကပ်ပြီး ဘာတွေပူဆာနေလဲမသိ။ အဘိုးကြီးကတော့ ခေါင်းတွေ တညိတ်ညိတ်လုပ်ကာ အနေတာ်

စို : ပို : ၀၁၄၂

www.burmeseclassic.com

www.burmeseclassic.com



သဘောခွေ့နေသည်။

သူ့ကိုမြင်တော့ အဘိုးကြီးက မကြည်သလို တစ်ချက်ဖြစ်သွားပြီး ကားမှန်ကို တင်ပစ်လိုက်၏။ သူ နောက်တစ်စီးကို လှမ်းသွားလိုက်သည်။ ဂျာနယ်တစ်စောင် ရောင်းလိုက်ရ၏။ ပိုင်ငွေကို ပြန်အမ်းပြီးနောက် မီးပွိုင့်က အကွေ့လိုင်း စိမ်းသွားသည်။ ကွေ့မယ့်ယဉ်ကြောဘက်မှ ရပ်နေသည့် ကားတွေ အလျှိုလျှို ထွက်သွားကြသည်။ သူက ဂျာနယ်တွေကို လက်နှစ်ဖက်နဲ့ မြှောက်ပြီး တစ်ချက်အော်လိုက်သည်။

“ဂျာနယ်တွေ ရမယ် . . ဂျာနယ်တွေ . . စီးပွားရေး . . အင်တာနက် ဘောလုံး ပေါ်ပြူလာ . . အချစ် အကုန်ပါတယ်နော်”

ခဏကြာတော့ အတည့်လိုင်းဘက်ကပါ မီးပွိုင့်စိမ်းသွားလေသည်။ ရပ်ထားတဲ့ ကားတွေ ထွက်သွားကြ၏။ သူလည်း လမ်းတစ်ဖက်သို့ ကူးလာခဲ့ပြီး အပင်ရိပ်ကလေးအောက်က ခုံကလေးမှာ ထိုင်လိုက်၏။ ထို့နောက် ရှေ့မှာ ချထားတဲ့ စားပွဲခုံလေးပေါ် ဂျာနယ်တွေကို ပြန်တင်လိုက်သည်။

နောက်တစ်ခါ မီးပွိုင့်နီအောင် စောင့်ရင်း လမ်းသွားလမ်းလာတွေကို ငေးနေလိုက်လေသည်။

* * *

ဝိုး မိုး ၁၁၆ ပ



BURMESE CLASSIC .com

“ဒီနေ့ ဘယ်လိုလဲ ဟေ့ကောင်”
ဟု ထင်ကျော်က မေးသည်။

‘မဆိုးပါဘူး’ ဟု သူ ပြန်ဖြေလိုက်၏။ ထင်ကျော်က စားပွဲခုံအောက်က ခုံတစ်လုံးကို ဆွဲယူထိုင်လိုက်ပြီး လက်မှာပွေ့လာတဲ့ ဂျာနယ်ထပ်ကို ပေါင်ပေါ် တင်လိုက်သည်။ ထို့နောက် နဖူးမှ ချွေးကို တစ်ချက်သုတ်လိုက်၍ . . .

“ငါတော့ ဒီနေ့ သိပ်ရောင်းမကောင်းဘူးကွ၊ အဲ့ဒါကြောင့် ရပ်ကွက်ပတ်မလို့ စဉ်းစားနေတာ၊ မင်း လိုက်ဦးမလား”

ထင်ကျော့်အမေးကို သူ ခေါင်းခါပြလိုက်သည်။

“မင်း ပတ်ချင်ပတ်လေ၊ ငါတော့ မလိုက်တော့ဘူး၊ ဒီအချိန်

ဝိုး မိုး ၁၁၆ ပ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ပတ်လည်း သိပ်မထူးလှပါဘူး၊ ဒီမှာပဲ ကားစောင့်ရောင်းတော့မယ်"

ထင်ကျော်က သူလည်း မပတ်တော့ဘူးဟုဆိုကာ သူ့ဂျာနယ်တွေကို စားပွဲခုံပေါ် ပြန်ခင်းလိုက်၏။

"ဟေ့ကောင် ဟေ့ကောင် ကိုယ့်နေရာကိုယ် မရောင်းဘဲနဲ့ ဘာလုပ်တာလဲ"

ထင်ကျော်က စပ်ဖြီးဖြီးနှင့် ကြည့်၍ . . .

"ဟီး ဟီး မင်းကလည်း အချင်းချင်းတွေပဲဟာ၊ ငါ့နေရာက ဒီနေ့ သိပ်မရောင်းရပါဘူးဆို"

"ဒါဆို ထုံးစံနော်"

"အေးပါ ထုံးစံ . . ထုံးစံပါကွာ၊ ဘယ်သူရောင်းရ ရောင်းရ တစ်ယောက် တစ်ဝက်ပါ"

ထိုအချိန်တွင် မီးနီသွားသည်။ သူက ခုနချထားတဲ့ ဂျာနယ်ထပ်တွေကို ကိုင်၍ ထဖို့လုပ်သည်။ ထင်ကျော်က သူ့လက်ကို လှမ်းဆွဲလိုက်ပြီး . . .

"နေ နေ . . ငါသွားလိုက်မယ်၊ မင်း ဒီမှာပဲ ထိုင်ရောင်းလိုက်"

ထို့နောက် ထင်ကျော် ထွက်သွားသည်။ သူက ဂျာနယ်တွေကို သေချာစီ၍ လမ်းသွားလမ်းလာတွေကို တစ်ချက်ကြည့်ကာ အော်လိုက်၏။



"လာနော် . . လာ . . ဂျာနယ်စုံတွေ . . ဂျာနယ်စုံတွေ"

တချို့ လှည့်ကြည့်သွားကြသည်။ တချို့ ဝယ်သွားကြ၏။ တချို့ကတော့ သူ့ကို ရှိတယ်လို့တောင် မထင်ကြပေ။

ခဏကြာတော့ ထင်ကျော် ရောက်လာသည်။ လက်က ကိုင်လာတဲ့ ပိုက်ဆံတွေကို ရေတွက်၍ . . .

"မဆိုးဘူးကွ၊ ငါးစောင်တောင် ရောင်းလိုက်ရတယ်။ မင်းနေရာလေးက ငါ့အတွက် လပ်ကီးပဲ"

"မင်းနေရာလည်း ရောင်းရပါတယ်ကွာ"

"ဒါပေမယ့် အခုရက်ပိုင်း ဘာဖြစ်တယ်မသိဘူး၊ သိပ်မဝယ်ကြဘူး"

"အေးပေါ့ကွာ၊ ငါတို့ရောင်းနေတဲ့ ကုန်ပစ္စည်းက နေ့စဉ်လူတွေ အသုံးပြုနေကျ အခြေခံစားကုန်တွေမှ မဟုတ်တာ၊ ရောင်းကောင်းတဲ့နေ့ရှိသလို ရောင်းမကောင်းတဲ့အခါလည်း ရှိမှာပေါ့"

"အံမယ် မင်းက စီးပွားရေးဈေးကွက်စကားတွေ ဘာတွေတောင် ပြောလို့"

"ဟဲ ဟဲ . . ဂျာနယ်ရောင်းနေတဲ့ လူပဲကွာ၊ ဒီလောက်တော့ သိပါတယ်"

ထို့နောက် နှစ်ယောက်လုံး ပြိုင်တူပြုံးလိုက်ကြသည်။ လမ်းသွားလမ်းလာတစ်ဦးမှ ဘောလုံးဂျာနယ်တစ်စောင် ဝယ်၍ သူတို့စကားစပြတ်သွားကြ၏။ ခဏနေရင် မီးပွိုင့်နီတော့မည်။ ကားတစ်စီး

www.burmeseclassic.com

www.burmeseclassic.com



က စက်ချွတ်ယွင်းသွား၍ ကားလမ်းအလယ်မှာ ထိုးရပ်သွား၏။ ထို့ကြောင့် ခဏချင်းပင် ကားတွေ ဂျမ်းဖြစ်ကုန်သည်။ မီးပွိုင့်နီခါနီးမှာပင် ထိုကားသည် ပြန်ကောင်းသွားသည်။ ခဏကြာတော့ မီးပွိုင့်နီသွားပြီဖြစ်သည်။ ခုန ယဉ်ကြောပိတ်သွားသောကြောင့် ကားတွေက ယခင်ကထက် ပိုများကာသွား၏။

သူက ဂျာနယ်တွေကို ပွေ့ကာ ထရပ်လိုက်၏။ ထင်ကျော်လည်း ဂျာနယ်ကိုင်ရင်း ထရပ်သည်။ ဒီတစ်ခါတော့ ကားများ၏ နှစ်ယောက်စလုံး လမ်းပေါ် ဆင်းဖို့ ပြင်ဆင်ကြသည်။

မီးပွိုင့်စိမ်းသည့်အချိန်အထိ သူတို့ဂျာနယ်တွေ အစောင်ရေ တော်တော်ရောင်းလိုက်ရ၏။

ထင်ကျော်က မှိုရတဲ့မျက်နှာနဲ့ . . .

“ငါတို့ ဂျာနယ် များများရောင်းရအောင် ကားတွေ များများ ပျက်ပါစေလို့ ဆုတောင်းရမလို ဖြစ်နေပြီ”

သူက ခေါင်းတညိတ်ညိတ်လုပ်ရင်း ရယ်သာနေလိုက်၏။

* * *





မနက် မိုးလင်းတာနဲ့ ညကကျန်တဲ့ ထမင်းကြမ်းနဲ့ အကြော်နှစ်ရာဖိုး ဝယ်ကာ စားလိုက်သည်။ အမေကတော့ မနက်လင်းအားကြီးကတည်းက ဈေးထဲသို့ ထွက်သွားပြီဖြစ်၏။ သူ့မှာ အဖေ မရှိတော့။ သူ ရှစ်တန်းကတည်းက ဆုံးသွားပြီဖြစ်သည်။ အဖေ ဆုံးတဲ့နှစ်မှာတင် သူလည်း ကျောင်းထွက်၍ ကြုံရာကျပန်း လုပ်ခဲ့၏။ အမေက ကုန်စိမ်းရောင်းသည်။ သူက လက်ဖက်ရည်ဆိုင်၊ ကားဝပ်ရှော့၊ အုတ်သယ်၊ ကျောက်သယ် စသည်တို့မှာ အဆင်ပြေသလို ဝင်လုပ်သည်။ ယခုတော့ ဂျာနယ်ရောင်းသည့်အလုပ်ကို လုပ်နေ၏။ ဒီအလုပ်က ယခင်အလုပ်တွေလောက် သိပ်မပင်ပန်း။ ငွေရင်းငွေနည်းလေးတော့ နည်းနည်းစိုက်ထုတ်ရသည်။ သို့သော် သူ့အတွက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ်က ခါတိုင်းအလုပ်တွေထက် ပိုပြီးအဆင်ပြေတယ်ဟု ဆိုရပေလိမ့်မည်။

ထမင်းပန်းကန်ကို ဆေး၍ ကြောင်အိမ်ပေါ် မှောက်ပြီး ငပိရည်ခွက်နှင့် တို့စရာပန်းကန်ကို ကြောင်အိမ်ထဲ ထည့်လိုက်သည်။ ထို့နောက် ဂျာနယ်ထုပ်ကို ဆွဲ၍ အိမ်ပြင်သို့ သူထွက်ခဲ့လိုက်၏။ ထို့နောက် အိမ်တံခါးကို သော့ပိတ်ကာ လမ်းထိပ်သို့ သူ ထွက်ခဲ့လိုက်လေသည်။ အမှန်ကော့ သူတို့အိမ်ကို သော့မပိတ်ဘဲ ဒီအတိုင်းထားပြီး ထွက်လာခဲ့ရင်လည်း ဖြစ်သည်။ တစ်အိမ်လုံးမှာ ခိုးစရာပစ္စည်းဆိုလို့ ဘာမှတန်ဖိုးရှိဟာ မရှိ။ ဒန်အိုးဒန်ခွက် အနည်းငယ်နှင့် အဝတ်ထည့်သည့် သေတ္တာ နှစ်လုံးတော့ ရှိသည်။ သို့သော် ဒါတွေကို သူခိုးက အလေးခံ၍ သယ်မည်မဟုတ်။ ဒန်အိုးဒန်ခွက်တွေကလည်း နှစ်ရှည်လများ အသုံးပြုလာ၍ အိုးပုံ၊ ခွက်ပုံတောင် သိပ်မပေါက်ချင်တော့။

အဲ . . တစ်ခုတော့ ရှိသည်။ တစ်အိမ်လုံးမှာ တန်ဖိုးရှိသည့် ပစ္စည်းဆိုပြီး ဇေဇေပေါက်ပေါက် ပြောရရင်တော့ အိမ်ရှေ့ခန်းမှာ ထားသည့် ကျွန်းဘီဒိုကြီး တစ်လုံးကော့ရှိ၏။ ထိုဘီဒိုထဲတွင်တော့ စာအုပ်တွေ၊ ခေါင်းအုံးတွေနှင့် အိမ်သုံးပစ္စည်းတချို့ ထိုးထည့်ထားတာတွေ့ရ၏။ သို့သော် ဒါကြီးကိုလည်း သူခိုးက မမည်မဟုတ်။ ဒါကြီးမပြီး ထွက်သွားရင်လည်း သူခိုးက ပြေးလို့လွတ်မည်မဟုတ်။ ထို့ကြောင့် သူတို့အိမ်ကို သော့မခတ်ရင်လည်း ရသည်ဟု ဆိုလိုခြင်းဖြစ်သည်။ နောက်တစ်ခု ရှိသေးသည်။ သူတို့နေတဲ့ ရပ်ကွက်ကလည်း





လူကုံတန်ရပ်ကွက်တွေလို တစ်ခြံနဲ့တစ်ခြံ ဘာလုပ်နေလဲဆိုတာ မသိရအောင် တိတ်ဆိတ်ငြိမ်သက်ကာ ကျယ်ဝန်းနေသည်မဟုတ်။ ဒီဘက်အိမ်က အိုးကျယ်ကျယ်ပေါက်ရင်တောင် ဟိုဘက်အိမ်က အတိုင်းသားကြားရ၏။ လူသွားလူလာကလည်း ပြတ်တဲ့အချိန်ဆို၍ လုံးဝမရှိ။

ဆိုက်ကား၊ တွန်းလှည်း၊ ထီသည်၊ ရေစည်လှည်း၊ ပဲပြုတ်သည် စသည်ဖြင့် စည်ကားလှ၏။ ညဘက်ဆိုရင်လည်း လူမပြတ်။ နှစ်နာရီ ကုန်စိမ်းရထားအမီ သွားကြရသော ဈေးသည်တွေရှိသည်။ တစ်နာရီအရောက်ဆိုက်သော ဈေးကားတွေ စောင့်သူရှိ၏။ ထို့ကြောင့် နှစ်ဆယ့်လေးနာရီ စည်ကားလျက်ရှိ၏။ ထို့ကြောင့် ဘယ်လိုသူခိုးမျိုးကမှ စိတ်ညစ်ခံပြီး ဒီလိုအိမ်မျိုးကို ဝင်ခိုးမည်မဟုတ်ပေ။

သို့သော် အိမ်ကို အိမ်နဲ့တူအောင်တော့ သော့ခတ်ခဲ့လိုက်ခြင်းဖြစ်၏။ သော့ကလည်း ဘယ်ဝက်အူလှည့်နဲ့မဆို ကလန့်လိုက်ရင် ပွင့်နိုင်သည့် တရုတ်သော့သေးသေးလေးပင်ဖြစ်သည်။ သို့သော် သော့ဆိုသည့်အရာကတော့ ဘယ်ပစ္စည်းကိုမဆို လုံခြုံအောင် စွမ်းဆောင်ပေးမည့်အရာဖြစ်သောကြောင့် ဘာရယ်ညာရယ်မဟုတ် သော့မရှိတာထက်စာရင် သော့ခတ်ထားတာက လူရှိန်သည်ဟု ဆိုရပေမည်။

လမ်းထိပ်ကိုရောက်တော့ မီးပွိုင့်ဘက်သို့ လျှောက်လာလိုက်သည်။ ထို့နောက် သူစားပွဲခုံနှင့် ထိုင်ခုံတွေထားရာ ခြံဝင်းကြီးထဲသို့ ဝင်ခဲ့လိုက်၏။ ထိုခြံဝင်းကြီးက ဘာခြံဝင်းကြီးလည်းတော့ သူမသိ။



www.burmeseclassic.com

www.burmeseclassic.com



ထိုခြံဝင်းကြီးက သူတို့ငယ်ငယ်ကတည်းက ဒီအတိုင်းပဲဖြစ်သည်။ အခုလည်း ဒီအတိုင်းပဲဖြစ်၏။ တစ်ခါတစ်ရံ သက်ဆိုင်ရာက လူတွေလာပြီး ပေကြိုးတွေနှင့် ဟိုတိုင်းဒီတိုင်း လုပ်တတ်သည်။ နောက်တော့လည်း ဒီအတိုင်းပဲဖြစ်၏။

ခုံနှင့်စားပွဲကို ထုတ်၍ ပိတောက်ပင်အရိပ်ကလေးအောက်မှာ ဖြန့်ခင်းလိုက်သည်။ ထို့နောက် ပါလာတဲ့ ဂျာနယ်ထုပ်ကို ဖြန့်၍ ခင်းလိုက်ပြီး ကြွက်မွေးလေးနဲ့ ဟိုခတ်ဒီခတ်လုပ်၍ ဖုန်ခါလိုက်၏။ ထို့နောက် တစ်နေ့တာအတွက် လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်လိုက်ပါတော့၏။

* * *



"ဟော့ကောင်လေး . . ဟော့ . . ဟော့ . . ဒီမှာ ဂျာနယ်ကောင်လေး"

ခပ်လှမ်းလှမ်း ကားတစ်စီးပေါ်မှ လူကြီးတစ်ယောက်က လှမ်းခေါ်၍ လှမ်းသွားလိုက်သည်။ ထိုလူကြီးက ဘောလုံးဂျာနယ်တစ်စောင် ဝယ်သည်။ ပြန်အမ်းငွေအတွက် အကြွေကို ရှာနေချိန်မှာပင် မီးစိမ်းသွားသည်။

"ဟော့ကောင် အမြန်လုပ်ကွ၊ မီးစိမ်းနေပြီ"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့ ဦးလေး၊ ဒီမှာ . . ဒီမှာ ရပြီ"

ကားက မီးစိမ်းနေ၍ ဖြည်းဖြည်းချင်း မောင်းထွက်သည်။ သူက နောက်က ခပ်သွက်သွက်လိုက်ကာ ပေးရ၏။ ထို့နောက် ပလက်

www.burmeseclassic.com

www.burmeseclassic.com



ဖောင်းဘက်သို့ ပြန်ကူးလာကာ ထိုင်ခုံလေးမှာ ထိုင်ရင်း အမောဖြေနေလိုက်သည်။

"ဘယ်လိုလဲကွ မောနေပြီလား"

နဖူးမှ ချွေးကို တစ်ချက်သုတ်လိုက်ကာ ထင်ကျော့်အမေးကို ပြန်မဖြေအားသေးဘဲ သက်ပြင်းကို အရင်ချရသည်။

"ဟူး မလွယ်ပါလားကွာ၊ ကားတွေကြားထဲ ပြေးလွှားနေရတာနဲ့ တစ်နေ့တစ်နေ့ အချိန်ကုန်နေတာပဲ"

"ဒီလိုပါပဲကွာ၊ ငါတို့အလုပ်ကလည်း ပြေးနိုင်လွှားနိုင်မှ ပိုက်ဆံရမှာ မဟုတ်လား၊ ဒီ[illegible] မီးပွိုင့်စိမ်းသွားလို့ ပိုက်ဆံအချိန်မီ မအမ်းနိုင်ရင် ဆဲသွားတဲ့လူက ရှိသေးတယ်"

သူက ပြုံးလိုက်သည်။ ပြီးနောက် ထင်ကျော့်ကိုကြည့်၍ . .

"မင်း ထမင်းစားပြီးပြီလား"

"မစားရသေးဘူးကွ၊ အခုမှ အိမ်ပြန်မလို့ . . မင်းရော"

"ငါကတော့ သိပ်မဆာသေးဘူး၊ ဒါပေမယ့် မင်းပြန်ရင်တော့ တစ်လက်စတည်း ငါပါပြန်မယ်"

ထို့နောက် သူတို့ ဂျာနယ်အိတ်ကိုဆွဲ၍ ထရပ်လိုက်ကြ၏။ ထင်ကျော်နဲ့ သူနဲ့က တစ်ရပ်ကွက်တည်းဖြစ်သည်။ ထို့ကြောင့် နေ့လယ် ထမင်းပြန်စားရင် များသောအားဖြင့် အတူတကွ ပြန်ဖြစ်ကြ၏။ အိမ်ချင်းကလည်း သိပ်ဝေးတာမဟုတ်။ ထင်ကျော်တို့အမေကလည်း သူတို့အမေလိုပင် ရပ်ကွက်ထိပ်က ဈေးထဲမှာ ငါးခြောက် ရောင်း





သည်။ ထင်ကျော့်အဖေက ပန်းရံခေါင်းဆောင်။ ဘာပဲဖြစ်ဖြစ် ထင်ကျော်တို့က သူတို့ထက်စာရင်တော့ စီးပွားရေး ပိုမိုချောင်လည်တယ်ဟု ဆိုရပေမည်။ မိဘနှစ်ပါးလုံးလည်း အလုပ်လုပ်သလို ထင်ကျော်ကလည်း အလုပ်လုပ်၏။ ထင်ကျော်မှာ ညီမလေးတစ်ယောက် ရှိသည်။ သုံးတန်း တက်နေ၏။ ဘာပဲဖြစ်ဖြစ် မိသားစုလေးယောက်ရှိသည့် အိမ်ထောင်စုမှာ သုံးယောက် အလုပ်လုပ်သည်ဆိုတော့ ချောင်လည်သည်ဟု ဆိုရပေလိမ့်မည်။

ထင်ကျော်ကတော့ ပညာရေးဘက်မှာ သူနဲ့ သိပ်မခြားနား။ ရှစ်တန်းကို နှစ်ခါကျ၍ ကျောင်းထွက်လိုက်၏။ ထို့ကြောင့် သူ့ညီမလေးကို ပညာတတ်ကြီးဖြစ်အောင်ထားမည်ဟု အမြဲကြုံးဝါးလျက်ရှိ၏။

"ဟေ့ကောင် ခိုင်ဇော်"

သူ့နာမည်ခေါ်သံကြား၍ လှည့်ကြည့်လိုက်ပြီး . . .

"ဘာလဲ"

"ငါတို့ ကျောက်သွားတူးရအောင်ကွာ"

"နေရင်းထိုင်ရင်း ဘာအရူးထပြန်တာလဲ"

"ညက ငါကြည့်ရတဲ့ ဗီဒီယိုကားထဲမှာ မင်းသားက ဆင်းရဲလိုက်တာ ငါတို့လိုပဲကွ"

"အဲ့ဒါနဲ့ ငါတို့ ကျောက်သွားတူးတာနဲ့ ဘာဆိုင်လို့လဲ"

"ငါ့စကားကို ဆုံးအောင် နားထောင်ပါဦး၊ အဲ့ဒီမှာ မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ကို သူကောင်မလေးဘက်က မိဘတွေက သဘောမတူလို့ ကျောက်သွားတူးတာ နေ့ချင်းညချင်း သူဌေးဖြစ်သွားတာကွ၊ အားကျစရာကြီး

"နေစမ်းပါကွာ၊ ဟိုဟာက ဗီဒီယိုထဲမှာကွ၊ သူတို့လုပ်ချင်တာလုပ်လို့ရတယ်၊ အပြင်မှာ အဲ့လောက် မလွယ်ပါဘူးကွာ၊ မင်း ငါတို့လမ်းထိပ်က ဘာဘူကို သိတယ်မဟုတ်လား"

"သိတယ်လေ၊ ကွမ်းယာရောင်းတဲ့ မာမက် ယောက်ဖရဲ့အစ်ကိုတစ်ဝမ်းကွဲ"

"သိတယ်ဆိုလည်း ပြီးပါတယ်ကွာ၊ လျှာကိုရှည်တယ်"

"ကဲပါ၊ ထားပါတော့ အဲ့ဒီဘာဘူက ဘာဖြစ်လို့လဲ"

"သေပြီလေ"

"ဟင် ဘာလို့လဲ"

"ဘာလို့ရမှာလဲ၊ မင်းလိုပဲ လက်ဖက်ရည်ဆိုင်တွေ သွားသွားပြီး ရေနွေးကြမ်း အလကားသောက်၊ ပြီးတော့ လက်ဖက်ရည်ဆိုင်မှာဖွင့်တဲ့ ဗီဒီယိုကားတွေကြည့်ပြီး ကျောက်သွားတူးတာ နှစ်လပဲ ကြာတယ်၊ ငှက်ဖျားပိုး ဦးနှောက်ထဲရောက်ပြီး သေတာ"

"အင်"

"မအင်နဲ့၊ ငါတကယ်ပြောတာ၊ ဗီဒီယိုတွေ ကြည့်ကြည့်ပြီးအားမကျစမ်းပါနဲ့ကွာ၊ အပြင်လောကမှာ အဲ့ဒီလောက် အဆင်မပြေပါဘူး၊ ကိုယ့်ရဲ့ ကံဇာတာနဲ့လည်း ဆိုင်ပါသေးတယ်"

"ဒါပေမယ့် ဗီဒီယိုထဲမှာတော့ ဘယ်သူတူးတူး ကျောက်က

မိုး ၊ မိုး ၊ ၁၁၆ ပ



အောင်နေတာပဲကွ"

"အဲ့ဒါပဲ မင်းစဉ်းစားကြည့်ပေါ့၊ ဗီဒီယိုပါဆိုမှ"

ထို့နောက် ထင်ကျော်တို့ အိမ်ရှေ့ရောက်၍ စကားစပြတ်သွားကြသည်။ ထင်ကျော်က အိမ်ထဲ ဝင်မလို့လုပ်ပြီးမှ သူ့ဘက် လှည့်ကြည့်ကာ . . .

"အိမ်မှာ တစ်ခါတည်း စားသွားပါလား"

"နေပါစေကွာ၊ အိမ်ရောက်မှ စားတော့မယ်"

သူက ထိုသို့ပြောပြီး ဆက်ထွက်လာခဲ့သည်။ ထင်ကျော်က လောကွတ်အရခေါ်သည်ဆိုတာ သူ နားလည်သည်။ ထင်ကျော်တို့အိမ်မှာ လူလေးယောက်စာကလွဲရင် အပိုချက်မထားဘူးဆိုတာ သူ သိ၏။ သူတို့အိမ်လည်း ထိုကဲ့သို့ပင်။

* * *

မိုး ၊ မိုး ၊ ၁၁၆ ပ

www.burmeseclassic.com

ထမင်းစားပြီးတော့ နေ့လယ်တစ်ကျော့ ပြန်ဆင်းရသည်။ သူတို့အလုပ်က ဒီလိုပါပဲ။ တစ်နေကုန် တစ်နေခန်း ခြေတိုအောင် လိုက်ရောင်းရသည်။ မီးပွိုင့်မှာ ရောင်းလို့မကောင်းလျှင် ရပ်ကွက်တွေထဲ ခြေသန့်ကာ လိုက်အော်ရောင်းရ၏။ ဒီတစ်ပတ်အတွင်း ထွက်ခဲ့တဲ့ ဂျာနယ်တွေကို နောက်တစ်ပတ် မကူးခင် ရောင်းရ၏။ အကယ်၍ လက်ကျန်ရှိပါက လျှော့ဈေးနှင့် ဈေးလျှော့ကာ ပြန်ရောင်းရသည်။ နောက်ဆုံး ရောင်းမထွက်ဘဲ ကျန်ခဲ့သည့် စောင်ရေတွေကိုတော့ အကုန်စုကာ ဘဲပေါင်းတန်း ပြန်သွင်းရတာ ရှိ၏။

မနက်ဆိုလည်း လေးနာရီလောက် ထရသည်။ ထို့နောက်





ဘတ်စကားစီး၍ ၂၉ လမ်းတို့ ၃၆ တို့မှာရှိသည့် ဆင်တောင်ကြီး၊ ကိုစိုးအောင်၊ ၄၆ လမ်း စသည့် ဂျာနယ်ဖြန့်ချိရေးတိုက်တွေကို အပြေးအလွှားသွားရ၏။ ကိုယ်က မနက်စောစော ဦးအောင်ရောက်နိုင်မှ အဆင်ပြေသည်။ ကိုယ်လိုချင်တဲ့ ဂျာနယ်ကို ဦးဦးဖျားဖျား ရသည်။ ဂျာနယ်တွေမှာလည်း အမျိုးမျိုး အစားစားရှိ၏။ နာမည်ကြီးဂျာနယ်တွေဆို ကိုယ်လိုချင်တဲ့ စောင်ရေအတိုင်း အပြတ်ပေးစနစ်ဖြင့် တစ်ခါတည်း ငွေချေပြီး ယူရတာရှိ၏။ တချို့ဂျာနယ်တွေကတော့ တစ်ခါတည်း ငွေချေစရာ မလို။ ရောင်းပြီးမှ ကျန်တဲ့စောင်ရေအတိုင်း ငွေတွက်ပြီး ပေးလိုက်ရုံသာ။ ဒါကလည်း ဂျာနယ်ကို အကောင်းအတိုင်း၊ အစုတ်အပြဲ၊ မိုးရေစိုခြင်း မရှိမှ ပြန်လက်ခံသည်။ မဟုတ်ပါက ကိုယ်က စိုက်လျော်ရ၏။ ထိုအခြေအနေမျိုးဖြစ်လာပါက ကိုယ့်အိတ်ထဲကပင် ပါသွားလေသည်။

ခိုင်ဇော်နဲ့ ထင်ကျော်က မနက်ဆို လေးနာရီလောက် ထသည်။ မျက်နှာသစ်ပြီးတာနဲ့ ဘာမှစားမနေဘဲ ဖြန့်ချိရေးတိုက်သို့ ပြေး၏။ သူတို့လိုပင် ဂျာနယ် လက်ပွေ့ရောင်းတဲ့ လူတွေ ဖြန့်ချိရေးတိုက်ရှေ့မှာ ပုံကာနေသည်။ မသိသူတွေ လာကြည့်ပါက မနက်မိုးမလင်းခင် ဒီလူအုပ်ကြီး ဘာလုပ်နေပါလိမ့်ဟု ထင်ကောင်းထင်ပေလိမ့်မည်။ ဂျာနယ်ပုံကြီးနှင့် လူအုပ်ကြီးသည် ထိုအချိန်တွင် တဝုန်းဝုန်းနှင့် ဆူညံကာနေ၏။ ထို့ကြောင့် ကိုယ်က စောနိုင်သမျှ စောစောရောက်သွားမှ လိုချင်တဲ့ ဂျာနယ်နဲ့ စောင်ရေကို လိုချင်သလောက်



www.burmeseclassic.com

www.burmeseclassic.com



ရမည်ဖြစ်လေသည်။

ဂျာနယ်ယူပြီးတော့ အိမ်ခဏပြန်ပြီးမှ မနက်စာစား၊ ပြီးတော့မှ ကိုယ်ရောင်းချမည့် ပတ်ဝန်းကျင်သို့ အချိန်မီ ပြေးကြရ၏။ ဤသို့ဖြင့် မနက်လေးနာရီမှ စလိုက်သော ကိစ္စသည် တစ်နေကုန် ဟိုပြေး ဒီပြေးနှင့် ညနေငါးနာရီလောက်မှ နားရ၏။ ဂျာနယ်တွေကလည်း တစ်ပတ်လျှင် ခုနစ်ရက်လုံး သူ့နေ့နှင့်သူ ထွက်နေ၍ သူတို့သည်လည်း တစ်ပတ်လုံး ထိုကဲ့သို့ပင် လုံးလည်လိုက်နေရလေသည်။

သူတို့ဘဝသည် နေ့တိုင်း သံပတ်ပေးထားသော စက်ရုပ်တွေလို ဖြစ်နေသည်။ သို့မဟုတ် နေ့တိုင်း အချိန်မှန်မှန် လည်ပတ်နေသော စက်ယန္တရားကြီးတစ်ခုနှင့် တူ၏။ တော်ရုံတန်ရုံ နေထိုင်မကောင်းဖြစ်တာလောက်တော့ ဆေးကုချိန်တောင် မရ။ သူများတွေလို ဆေးလေးသောက်ပြီး စောင်ကလေးနဲ့ ကွေးနေချိန်မရ။ ထို့ကြောင့် သူတို့လောကမှာ ဆောင်ပုဒ်တစ်ခု ပြောင်းရမလိုဖြစ်နေသည်။

"အချိန်နှင့် ဂျာနယ်သည် လူကိုမစောင့်" ဟု . . .။

လူကသာ ဂျာနယ်ကို ပြန်စောင့်နေရ၏။

ထို့အပြင် ဂျာနယ်တွေသည် သူတို့ကို ချိုးပွေ့ချီပြီး နိုင်ငံအနှံ့ ဖြန့်ဖြူးပေးနေသော လူတွေ၏ လက်တွေကိုလည်း မညှာတာပေ။ ခုတ်ဖြတ် ဖျက်ဆီးတတ်သည်။ အနာတရဖြစ်အောင် ပြုလုပ်တတ်၏။ တခြားတော့မဟုတ်။ ဂျာနယ်တွေမှာ ပါသည့် စာရွက်တွေက ပါးလျ ပြတ်ရှစေသောကြောင့်ဖြစ်၏။ ထို့ကြောင့် လက်ပွေ့ရောင်းသူ တော်



တော်များများ ဂျာနယ်တွေ၏အောက်တွင် ကတ်ထူပြားခပ်ပါးပါး တစ်ခုခံ၍ ရောင်းတတ်ကြ၏။

ဤသို့ဖြင့် ဂျာနယ်ရောင်းသူတို့၏ ဘဝသည် ပြတ်ရှခြင်း၊ ခုတ်ဖြတ်ခြင်း၊ တိုးဝှေ့ခြင်း၊ ကားဟွန်းတီးသံ၊ မီးပွိုင့် အနီ အစိမ်း၊ လမ်းတကာ လှည့်လည်မှု စသည်တို့ဖြင့် နိစ္စဓူဝ ပြည့်နှက်နေသော စက်ယန္တရားရုပ်ကလေးများပင် ဖြစ်ပါတော့သည်။

သို့သော် ဘဝသည် ဘဝပဲဖြစ်သည်။

ဂျာနယ်ရောင်းသူမှာလည်း ဘဝရှိသည်။

ဂျာနယ်ဖတ်သူမှာလည်း ဘဝရှိ၏။

ဂျာနယ်ထဲမှာပါတဲ့ လူတွေမှာလည်း ဘဝရှိ၏။

ဂျာနယ်ဖန်တီးသူတွေမှာလည်း ဘဝရှိ၏။ ထို့အပြင် . . .

ဂျာနယ်ထဲမှာ စီးပွားရေး ရှိသည်။

ဂျာနယ်ထဲမှာ ကျန်းမာရေး ရှိသည်။

ဂျာနယ်ထဲမှာ စကြဝဠာရှိ၏။

ဂျာနယ်ထဲမှာ စစ်ပွဲရှိ၏။

ဂျာနယ်ထဲမှာ အချစ်ရှိ၏။

ဂျာနယ်ထဲမှာ အားကစားရှိ၏။

နောက်ဆုံး ကုန်ကုန်ပြောရရင် ဂျာနယ်တွေထဲမှာ ကမ္ဘာကြီး တစ်ခုလုံး ရှိသည်။

ထို့ကြောင့် ဂျာနယ်ရောင်းသူလေးများသည် ကမ္ဘာကို ထမ်း

www.burmeseclassic.com

www.burmeseclassic.com



ပိုးပြီး လူတကာရင်ထဲ ခံစားသူအကြိုက် အံဝင်ခွင်ကျ လိုက်လံတပ်ဆင်ပေးနေသော သဘာဝကိုယ်စားလှယ်လေးများပင် ဖြစ်လေတော့သည်။

* * *



**သိမ်း**ထားသော စားပွဲခုံကို ဆွဲထုတ်၍ ပလက်ဖောင်းဘေးမှာ ခင်းလိုက်၏။ ညက နှင်းကျထားသောကြောင့် စားပွဲခုံက စိုအိကာနေသည်။ ခုံပေါ်မှာ ကပ်ကျန်နေသော သစ်ရွက်ဖတ်တွေကို လက်ဖြင့်ခွာကာ ဖယ်၍ အဝတ်စုတ်နှင့် တစ်ချက် သုတ်လိုက်၏။ ထို့နောက် ပလတ်စတစ်စားပွဲခင်းလေးကို ခုံပေါ် ဖြန့်ခင်းလိုက်လေသည်။ ခေါက်ရိုးကြေနေသော စားပွဲခင်းလေးက လေးချက်လောက် ဖြန့်လိုက်သောအခါ စားပွဲနှင့် အံဝင်ခွင်ကျဖြစ်ကာသွား၏။

ဂျာနယ်တွေကို သေသပ်စွာ စားပွဲပေါ် ချလိုက်သည်။ ထို့နောက် လေတိုက်ရင် လန့်မသွားစေရန် သစ်တုံးတစ်ခုနှင့် ဖိထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ဒါ ရှင့်စားပွဲလား ဟုတ်လား .. ဒါ ရှင့်ဟာလား"

ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် မော့ကြည့်လိုက်သည်။ ကောင်မလေးတစ်ယောက် ခါးထောက်ရပ်ရင်း သူ့စားပွဲကို လက်ညှိုးထိုးကာ အော်နေ၏။

သူက . . .

"ဘာ .. ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဒါ ရှင့်စားပွဲဆိုရင် ချိတ်ထားတဲ့ စံပယ်ပန်းကုံးတွေ ဘယ်မှာလဲ"

"ဘာစံပယ်ပန်းလဲ .. ဘာလဲ"

"ဒီမှာ ချိတ်ထားတာလေ ဒီမှာ .. အဲ့ဒါ ဘယ်မှာလဲ"

ကောင်မလေးက စားပွဲခြေထောက်ကို လက်ညှိုးထိုးကာ အော်နေ၏။ သူလည်း ယောင်ပြီး ငုံ့ကြည့်လိုက်ပြီးမှ . . .

"ဒီမှာ ခင်ဗျားပြောနေတာတွေ ကျွန်တော် တစ်ခုမှ နားမလည်ဘူး၊ ဘာစံပယ်ပန်းတွေလဲ .. ဘယ်က စံပယ်ပန်းလဲ"

"ရှင် ဒီစားပွဲကို ဟိုမြဝင်းကြီးထဲက ယူလာတာမဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဆို စံပယ်ပန်းတွေ မတွေ့ဘူးလား"

"မတွေ့ဘူး"

"မတွေ့လို့ ဘယ်ဖြစ်မလဲ၊ ကျွန်မ ဒီစားပွဲမှာ ပန်းတွေ ချိတ်ခဲ့





တာ၊ ရှင် ယူတုန်းက မတွေ့ရင် ဘယ်ရောက်သွားလဲ"

"ဟ ဘယ်သိမလဲ၊ ကျွန်တော် ယူတုန်းကတော့ ဘာမှမတွေ့ဘူး"

"မတွေ့ရင် လျော်ရမယ် ဒါပဲ"

"ဘာ"

သူ မျက်လုံးပြူးကာသွား၏။ နေရင်းထိုင်ရင်း ပြဿနာက တက်လေပြီ။ သူလည်း ထိုကောင်မလေးကို တစ်ခါမှ မမြင်ဘူး။ ပြီးတော့ စံပယ်ပန်းနဲ့ ကောင်မလေးသည် ဘယ်လိုပတ်သက်မှုန်းလည်း သူ မသိ။ သူ ဂီခုံကို ယူခဲ့တုန်းကလည်း ဘာစံပယ်ပန်းမှ မတွေ့ခဲ့ပေ။

သူ မျက်လုံးပြူးပြီး ပြန်အော်တာကိုကြည့်၍ ကောင်မလေးက

"ကျွန်မ ဒီခြေထောက်မှာ ချိတ်ခဲ့တာ ကျွန်မ သိတယ်၊ မောင်လေးအတွက် စမူဆာ သွားဝယ်ပေးနေတုန်း ချိတ်ထားခဲ့တာ၊ အခု ရှင်က ခုံကို ယူသွားတော့ ကျွန်မ ပန်းတွေ မတွေ့တော့ဘူး"

"နေပါဦး၊ မင်းက စံပယ်ပန်းတွေ ငါ့ခုံမှာ ဘာလို့ လာချိတ်ထားရတာလဲ"

"စမူဆာ သွားဝယ်လို့ပါဆို၊ ထီးတစ်ဖက်နဲ့ဆိုတော့ မအားတာနဲ့ ချိတ်ခဲ့တာ"

"အဲ့ဒါတော့ ငါလည်း မသိဘူး၊ မင်းဘာသာမင်း ချိတ်သွားတာပဲ၊ ငါ ဘယ်သိမလဲ"

သူလည်း ဒေါသထွက်သွား၍ မင်းတွေ ငါတွေ ဖြစ်ကုန်သည်။ ကောင်မလေးက ဒေါသပြေလျော့ပုံ မပေါ်။ ကျေနပ်ပုံလည်း မရ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် လျော်ရမှာပေါ့ . . ဘာလဲ"

"ငါက ဘာလို့ လျော်ရမှာလဲ"

"လျော်ရမှာပေါ့၊ ရှင့်ခုံမှာ ချိတ်ထားတာပဲ ရှင် လျော်"

ပြဿနာကတော့ ဘာမှန်းမသိဘဲ တက်လေပြီ။ ကောင်မလေးက ဘာကြောင့်မှန်းမသိ။ ပြောရင်းဆိုရင်းနှင့် အသံတွေ တုန်ကာ မျက်ရည်တွေ ဝဲလာသည်။

"ကဲ ကဲ ဒါဆို စားပွဲထားတဲ့နေရာမှာ ပြန်သွားကြည့်မယ် လာ"

ကောင်မလေးက လိုက်လာ၏။ စားပွဲထားတဲ့ နေရာ ရောက်တော့ ဟိုရှာဒီရှာ လုပ်လိုက်ရာ ခဏအကြာတွင် အုတ်နံရံဘေးက မြောင်းထဲ အထွေးလိုက်ကျနေသော စံပယ်ပန်းကုံးများကို တွေ့လိုက်ရလေသည်။ ကောင်မလေးက စံပယ်ပန်းကုံးတွေကို တစ်ချက်ကြည့်၍ ပါးပြင်ပေါ် စီးကျလာသော မျက်ရည်တွေကို သုတ်လိုက်ကာ. .

"တွေ့လား . . တွေ့လား၊ ဒါ ရှင်လုပ်လို့ ဖြစ်သွားတာ တွေ့လား"

သူလည်း ခေါင်းကို ကုတ်ရင်း . . .

"တွေ့တာက တွေ့ပါတယ်၊ ဒါပေမယ့် ငါက တမင်လုပ်တာမှ မဟုတ်တာ၊ မင်း ငါ့ခုံမှာ ဒီပန်းတွေ ချိတ်ခဲ့မှန်းမှ ငါ မသိတာ၊ ပြီးတော့ ဒီစံပယ်ပန်းကုံးလေး ပြုတ်ကျသွားတာနဲ့ မင်း အဲ့ဒီလောက် ဖြစ်သွားစရာ မလိုပါဘူး၊ မင်းပုံစံက ရွှေလက်စွပ် ပျောက်သွားတာကျနေတာပဲ"



ကောင်မလေးက နှာသီးဖျားလေးကို တစ်ချက် ပွတ်လိုက်၍

"ဒီပန်းတွေ မရောင်းရဘဲ ပြန်သွားရရင် ကျွန်မကို အမေက ဆူမှာ၊ ရှင်ဘာသိလို့လဲ၊ ရှင်က နည်းနည်းမှ ကိုယ်ချင်းမစာဘူး၊ ပြီးတော့ ယောကျ်ားကြီးတန်မဲ့နဲ့ လူကို ပြန်အော်သေးတယ်"

သူ မျက်မှောင်ကျုံ့လိုက်သည်။ ပြီးတော့ ရင်ထဲမှာ ဇဝေဇဝါ ဖြစ်သွား၍ . . .

"နေပါဦး၊ မင်းက ဒီပန်းတွေကို ဘာလုပ်တာလဲ"

"ရောင်းတာ . . ရောင်းတာပေါ့"

"ဘယ်မှာ ရောင်းတာလဲ"

"ဒီမီးပွိုင့်မှာ ရောင်းမှာ၊ ဒုက္ခပဲ အမေ ဆူတော့မယ်"

သူ သက်ပြင်းကို ချလိုက်သည်။ စားစရာ မရှိ။ လျော်စရာ ရှိလေပြီ။ သူလည်း စားပွဲခုံ ယူတုန်းက ထိုစံပယ်ပန်းအတွဲကို သတိမထားမိလိုက်။ အခုတော့ ဘာမှမဆိုင်ပါဘဲနှင့် ပြဿနာက တက်လေပြီ။ စျေးသည်အချင်းချင်းဆိုတော့လည်း ကိုယ်ချင်းစာမိ၏။ ပြီးတော့ ကောင်မလေးပုံစံက သူ့အမေ ဆူမှာကို တကယ်ကြောက်နေသည့်ပုံစံ။ သူ့ထက်တော့ လေးငါးနှစ်ယောက် ငယ်ပုံရ၏။ အလွန်ဆုံးရှိလှ ဆယ့်ရှစ် ဆယ့်ကိုး အရွယ်လောက်။ သူ့မှာ ညီမလေးမရှိသော်လည်း သူ့ညီမလေးသာ ဒီလိုမျိုးဖြစ်လိုက်ရင်ဆိုတဲ့ အတွေးဝင်လာ၍ . . .

"ကဲ ကဲ . . မင်းစံပယ်ပန်းတွေက ဘယ်လောက်လဲ"

"သုံးထောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ သုံးထောင် ဟုတ်လား၊ များလှချည်လား၊ မင်း လိမ်မပြောနဲ့နော်၊ ဒီစပယ်ပန်းတွေ အဲ့ဒီလောက် မရှိဘူးကွ"

"ဘာလို့မရှိရမှာလဲ၊ အရင်း နှစ်ထောင် ရှိတယ်"

"ဘယ်လို . . ဒါဆို တစ်ထောင်က ဘယ်လို့ တိုးသွားတာလဲ"

"တစ်ထောင်က အမြတ်လေ၊ ဒါတွေ အကုန်ရောင်းရရင် ကျွန်မ တစ်ထောင် မြတ်မှာ"

'ဟူး' ခနဲ သက်ပြင်းချလိုက်သည်။ ထို့နောက် . . .

"ဒါဆို ဒီလိုလုပ်ကွာ၊ နှစ်ထောင့်ငါးရာတော့ ယူ၊ ငါလည်း ဒီနေ့ရောင်းရမယ် ပိုက်ဆံထဲက ပေးရမှာကွ၊ မင်းကို လျှော့လိုက်ပြီးရင် ငါ့အရင်းတောင် ကျန်ပါ့မလား မသိဘူး"

ကောင်မလေးက ညာဘက်ပါးကလေးကို လေနဲ့ တစ်ချက်ဖောင်းကာ စဉ်းစားနေသည်။ သူမပါးမှာ လိမ်းထားသော သစ်ရွက်ပုံသနပ်ခါးလေးက ပါးမို့မို့ထက်မှာ ကော့ကာ တက်လာ၏။

"ရတယ် . . ပေး"

"အခုတော့ မယူနဲ့ဦးလေကွာ၊ ငါလည်း အခုမှ ဆိုင်ခင်းတယ်ဆိုတာ မင်းအမြင်ပဲ"

"ဒါဆို ကျွန်မက ဘယ်တော့လာယူရမှာလဲ"

"ညနေ သုံးနာရီလောက် လာယူ"

"ဟင် ဒါတော့ မဖြစ်ဘူး၊ ရှင်က မပေးဘဲ ထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ"

ဦ : ၃ : ၀၁ ၄ ၂



"ဟာ ငါ ဒီမှာ နေ့တိုင်း ဈာနယ်ရောင်းနေတာ လူတိုင်းသိတယ်၊ ပြီးတော့ ငါက ဒီအနောက်ဘက်က ရပ်ကွက်ထဲမှာ နေတာ"

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

သူ့စိတ်ထဲမှာ နည်းနည်းတော့ အချဉ်ပေါက်သွားသည်။

"မင်း ငါ့ကို မယုံဘူးဆိုလည်း မတတ်နိုင်ဘူးကွာ၊ မင်းဘာသာမင်း ကြိုက်သလိုသာ လုပ်တော့"

ထိုတော့ ကောင်မလေးမျက်နှာက မချိုပြုံးလေး ဖြစ်သွားပြီး

"အဲ့လိုမဟုတ်ပါဘူး၊ ကိုယ်အလျှော်တောင်းရမယ့် လူတစ်ယောက်ရဲ့ နာမည် သိချင်ရုံလေးပါ"

"ဒါဆိုလည်း ပြီးရော၊ ငါ့နာမည် ခိုင်ဇော်၊ သုံးနာရီ လာခဲ့ဒါပဲ"

"ဟုတ်ကဲ့"

ထို့နောက် ကောင်မလေး ထွက်ကာသွား၏။ ကောင်မလေး ထွက်ကာနီးမှ သူက လှမ်းပြီး . . .

"နေဦး . . နေဦး၊ မင်းကို အရင်က ဒီနားမှာ မတွေ့ဖူးပါဘူး၊ မင်းက ဘယ်ကလဲ"

"ကျွန်မကလည်း ဒီနားကပဲ၊ ဒီနားကိုတော့ အခုမှ ရောက်ဖူးတာ၊ အရင်က ဈေးထဲမှာ ရောင်းတာ"

"ဪ"

"ဘာလဲ ရှင်က မယုံလို့လား"

ဒီ : မို : ၀၁ ၄ ၂

www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ပါဘူး မေးကြည့်တာ”

“ဒါဆိုလည်း ပြီးရော . . သွားမယ်”

ကောင်မလေးက ခပ်သုတ်သုတ် ထွက်ကာသွားသည်။ သူလည်း ေးကြည့်နေရင်းမှ ဂျာနယ်ရောင်းဖို့ သတိရပြီး ခြံပြင်သို့ ပြန်ထွက်ခဲ့လေတော့သည်။

* * *



“မင်း ဘာတွေဖြစ်နေတာလဲ၊ အထဲမှာ ဆူညံဆူညံနဲ့”

အပြင်ရောက်တော့ ထင်ကျော်က စားပွဲအေးက ထိုင်ခုံလေးမှာ ထိုင်နေရင်း မေးသည်။ သူက ထင်ကျော့်အမေးကို ပြန်မဖြေသေးဘဲ . . .

“မင်းက ဘယ်လိုဖြစ်လို့ ဒီဘက်ရောက်လာတာလဲ”

“ထုံးစံအတိုင်းပေါ့ကွာ၊ ဟိုဘက်မှာ လမ်းတွေ ပိတ်ထားတယ်ကွ၊ မြေအောက်ဓာတ်ကြိုး ပြင်နေတယ်ဆိုလားပဲ၊ အဲ့ဒါကြောင့် ကားတွေက ဒီဘက်ကပဲ ဖြတ်တော့တာ”

“ကဲ ဒါဆိုလည်း ဘယ်တတ်နိုင်မလဲကွာ၊ အတူတူ ရောင်းကြတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး သူက ထင်ကျော့်ဘေးက ခုံလေးမှာ ဝင်ထိုင်လိုက်သည်။ ထင်ကျော်က ယူလာတဲ့ ဂျာနယ်တွေကို စားပွဲပေါ် စနစ်တကျ တင်လိုက်ပြီး . . .

"မင်း ခုန ဘာဖြစ်နေတာလဲ"

"မသိပါဘူးကွာ၊ ကောင်မလေးတစ်ယောက် သူ့စံပယ်ပန်းကုံးတွေကို ငါထောင်ထားတဲ့ စားပွဲခြေထောက်မှာ လာချိတ်ထားတာတဲ့၊ အဲ့ဒါ ငါက စားပွဲခုံ ယူလိုက်တော့ စံပယ်ပန်းတွေက မြောင်းထဲ ပြုတ်ကျသွားရော . . ."

"အဲ့ဒါနဲ့ . ."

"အဲ့ဒါနဲ့ . . ငါ့ကို အလျော်တောင်းတော့တာပေါ့ကွ"

"ဟင် ဘာဆိုင်လဲ၊ သူ့ဘာသာသူ လာချိတ်ထားတဲ့ဟာကို"

"ထားလိုက်ပါတော့ကွာ၊ ဈေးသည်အချင်းချင်းပဲ"

"ကောင်မလေးမို့လို့ မင်းက အလျော်မတောင်းလည်း လျော်ပေးချင်နေတာမလား"

"မဟုတ်ပါဘူးကွာ၊ သူ့ပုံလေးကိုကြည့်ပြီး သနားသွားလို့ပါ"

ထင်ကျော်က ပြုံးစိစိလုပ်ပြီး ခေါင်းတညိတ်ညိတ် လုပ်သည်။ သူက ထင်ကျော့်ကို ကြည့်ပြီး . . .

"မင်းက ဘာဖြစ်နေတာလဲ"

"ဩော် ဘာမှမဟုတ်ပါဘူး၊ မင်း သနားလည်း သနားချင်စရာပဲလို့ တွေးမိလို့ပါ၊ ကောင်မလေးကလည်း သနားစရာကောင်းအောင် ချစ်စရာကောင်းနေတာကိုးကွ"





"မင်းက မြင်ဖူးလို့လား"

"ငါ မင်းတို့နှစ်ယောက် အထဲမှာ စကားပြောနေကတည်းက ရောက်နေတာ၊ ကောင်မလေး ထွက်သွားတာလည်း တွေ့လိုက်တယ်။ ဘာတွေဖြစ်နေတာလဲဆိုတာကိုတော့ အခု မင်းပြောပြမှ သိတာ"

"ဒါနဲ့များ မင်းက ဝင်မလာဘဲ ဘာချောင်းနေတာလဲ"

"ဝင်လာမလို့ပဲကွ၊ ဈေးဝယ်သူ ရောက်လာတာနဲ့ ရောင်းပေးနေရလို့"

ထင်ကျော်က ထိုသို့ပြောပြီး ငါးရာတန် နှစ်ရွက်နှင့် နှစ်ရာတန် တစ်ရွက်ကို လှမ်းပေးသည်။

သူက . . .

"ယူထားလေ၊ ရောင်းရသမျှ ညနေကျမှ ခွဲယူတာပေါ့"

"မင်းပဲ ယူထားလိုက်ပါကွာ၊ ငါ့မှာ ထည့်စရာ ပါမလာဘူး"

သူက ပိုက်ဆံကို လှမ်းယူပြီး အိတ်ထဲ ထည့်လိုက်၏။ ထို့နောက် ဂျာနယ်တစ်မျိုးကို နှစ်စောင်စီလောက် ယူပြီး ထပ်ထားလိုက်သည်။ မီးပွိုင့်နီလို့ ကားတွေ ရပ်သွားရင် အဆင်သင့်ယူသွားရုံသာ။

"ဒါဆို မင်း ကောင်မလေးကို အလျော်ပေးလိုက်ရတာပေါ့"

"အခုတော့ မပေးရသေးဘူးကွ၊ ညနေ လာယူလို့ ပြောထားတယ်"

"ဘယ်လောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ထောင့်ငါးရာ"

"ဘာ . . နှစ်ထောင့်ငါးရာ ဟုတ်လား၊ အားလားလား များလှချည်လား၊ မင်း စံပယ်ပန်း တစ်ပင်လုံး ခုတ်လှဲပစ်ရင်တောင် အဲလောက်ပေးရမှာ မဟုတ်ဘူး"

"ဒါတောင် သုံးထောင် တောင်းတာ ဆရာ၊ နှစ်ထောင့်ငါးရာကို မနည်းဆစ်ထားရတာ"

"မင်းဟာကလည်း မလွယ်ပါလားကွာ၊ ဒီနေ့ ရောင်းရတဲ့ အမြတ်ကလေးတော့ ကုန်ပြီပေါ့"

"ဘယ်တတ်နိုင်မလဲကွာ"

ဟုပြောရင်း မီးပွိုင့်နီသွားသောကြောင့် အသင့်ထပ်ထားသော ဂျာနယ်တွေကို မ၍ လမ်းမဘက်သို့ ဆင်းလိုက်သည်။ ထင်ကျော်လည်း ဂျာနယ်တချို့ပွေ့၍ သူ့နောက်မှ ပါလာတော့၏။

"ဂျာနယ်တွေ ရမယ် . . ဂျာနယ်တွေ . . အင်တာနက် အလဲဗင်း အချစ် ဘောလုံး . . အစုံ ပါတယ်နော်"

သူတို့အော်သံများက ကတ္တရာလမ်းတစ်လျှောက် ဖြန့်ထွက်သွားကြလေတော့၏။

* * *

[redacted]



"ငါး ရာ ခုနစ်ရာ တစ်ထောင် ထောင့်သုံးရာ ထောင့်ငါးရာ နှစ်ထောင် နှစ်ထောင့်တစ်ရာ နှစ်ထောင့်တစ်ရာ့ ငါးဆယ် နှစ်ထောင့်နှစ်ရာ အင်း . . နှစ်ထောင့်ငါးရာ ပြည့်ပြီ၊ ဘယ်လိုဖြစ်တာလဲ အကြွေတွေချည်းပါလား"

"ဂျာနယ်ရောင်းတဲ့ လူတစ်ယောက်ဆီက ရတဲ့ ပိုက်ဆံကတော့ အကြွေတွေပဲ ဖြစ်မှာပေါ့ကွ"

ကောင်မလေးက သူ့လွယ်အိတ်လေးထဲကို ထိုးထည့်လိုက်သည်။ ထို့နောက် . . .

"ဒါနဲ့ ဒီနေရာမှာ ပန်းရောင်းတဲ့လူ ဘယ်နှယောက်ရှိလဲဟင်"

"သတိမထားမိဘူး . . ဘာဖြစ်လို့လဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး၊ မေးကြည့်တာ . . ကျွန်မက အခုမှ ဒီဘက်မှာ ပန်းလာရောင်းမှာဆိုတော့ ဒီနေရာမှာ ဘယ်နှယောက်များ ရှိလဲလို့"

အရေးထဲ ဈေးကွက်လုမယ့်လူ ဘယ်နှယောက်ရှိလဲဆိုတာ စုံစမ်းနေသေးသည်။ ထင်ကျော်က ကောင်မလေးကို ကြည့်၍ ရယ်လိုက်သည်။ ကောင်မလေးက ထင်ကျော့်ကို ကြည့်၍ . . .

"ဘာရယ်တာလဲ"

"မဟုတ်ပါဘူး၊ မင်းက စံပယ်ပန်းရောင်းမှာ ရွှေဆိုင် ဖွင့်မှာကျနေတာပဲ၊ ဈေးကွက်တောင် လာစုံစမ်းနေလို့ပါ"

"ဟုတ်တယ်လေ စံပယ်ပန်းရောင်းတာလဲ စုံစမ်းရမှာပဲ၊ ဈေးထဲမှာဆို ပန်းသည် လေးငါးသည်ရှိတော့ ရောင်းမကောင်းလို့ ဒီဘက်လာရောင်းတာ၊ ဒီဘက်ကမှ အခြေအနေမကောင်းရင် နောက်တစ်မျိုး စဉ်းစားရမှာပေါ့"

ထင်ကျော် ပါးစပ်ပိတ်သွား၏။ ဘာမှတော့ ဆက်မပြောတော့။ သူက ဂျာနယ်တွေကို ကျွတ်ကျွတ်အိတ်ထဲ သေချာစွာထည့်၍ စားပွဲခင်းကို ခေါက်လိုက်သည်။ ထို့နောက် စားပွဲခုံကို ခြံဝင်းထဲသို့ သွားထည့်လိုက်၏။ အပြင်ပြန်ထွက်လာတော့ မတ်တပ်ရပ်ကာ စောင့်နေသော ထင်ကျော့်ကို တွေ့ရ၏။ သူက ဘေးဘီတစ်ချက်ကြည့်ပြီး

"ကောင်မလေးရော"

"ပြန်သွားပြီလေ၊ မင်းကောင်မလေးက ဘာမှန်းလည်းမသိဘူး"



"ဘာဖြစ်လို့လဲ"

"ကြောင်တောင်တောင်ပါကွာ၊ လေကြီးလေကျယ်နဲ့"

သူက ပြုံးလိုက်ရင်း ထင်ကျော့်ပခုံးကို လှမ်းဖက်လိုက်ကာ

"ကဲ လာ ပြန်ရအောင်၊ လမ်းမှာ ဝက်ခေါင်းသုပ်လေး တစ်ပွဲလောက် ဝယ်သွားဦးမယ်ကွာ"

"မင်းက ဒီနေ့ သိပ်တွက်ချေကိုက်နေတယ်ပေါ့ ဟုတ်လား"

ထင်ကျော်က သူ အလျှော်ပေးလိုက်ရတာကိုကြည့်၍ ရွဲ့ပြောလိုက်သော စကားဖြစ်၏။ သူက ပြုံးပြလိုက်၍ . . .

"လက်ကျန်လေးနည်းနည်း ရှိပါသေးတယ်ကွ၊ အမေ့အတွက် ဝင်ဝယ်သွားမလို့ပါ"

ထို့နောက် သူတို့ ဝက်ခေါင်းသုပ်ဆိုင်သို့ ထွက်လာခဲ့သည်။ ဆိုင်မှာ ဝက်ခေါင်းသုပ်တစ်ပွဲ ဝယ်ပြီးနောက် အိမ်သို့ ပြန်လာခဲ့လိုက်၏။ အိမ်ရောက်တော့ အမေက အိမ်ရှေ့ခန်းမှာထိုင်ရင်း ကန်စွန်းရွက်တွေ စည်းနေသည်။ အိမ်ပေါ်တက်လာသော သူ့ကို လှမ်းကြည့်ပြီး

"လက်က ဘာတွေလဲ"

"ဝက်ခေါင်းသုပ်တွေ၊ အမေ့အတွက် ဝယ်လာတာ"

"ပိုက်ဆံကုန်လို့၊ အိမ်မှာလည်း ဟင်းတွေရှိနေတဲ့ဟာကို"

"စားစေချင်လို့ပါ အမေရယ်၊ ဒီလောက်ကလေးစုမိလိုက်လို့လည်း သားတို့ သူဌေးဖြစ်မသွားပါဘူး"

"ဟုတ်ပါပြီ စကားတောင်စားရဲ့၊ ဒါနဲ့ ဒီနေ့ ဘယ်လောက်ရ

www.burmeseclassic.com

www.burmeseclassic.com



လဲ ပြော”

“တစ်ပြားမှ မရဘူး”

“ဟင် နင် အလုပ်မသွားဘူးလား၊ ဘယ်တွေလျှောက်သွားနေတာလဲ”

“ဘယ်မှလျှောက်မသွားဘူး၊ အလုပ်လည်း သွားတယ်၊ ဒါပေမယ့် ဒီနေ့ တစ်ပြားမှ မကျန်ဘူး”

အမေက မျက်မှောင်ကျုံ့လိုက်ကာ သူ့ကို ကြည့်၍ . . .

“နားမလည်ဘူး၊ ရှင်းအောင်ပြောစမ်း”

အမေ့ကို ဖြစ်သမျှအကြောင်း နတ်သံနှော၍ ရှင်းပြရသည်။ အမေက သူ ရှင်းပြတာတွေ နားထောင်နေရင်း သက်ပြင်းတချချ လုပ်၏။

သူ့စကားဆုံးတော့ . . .

“ဘယ်တတ်နိုင်မလဲ၊ နောက်ဆိုရင်တော့ သတိထားနော်၊ ဒါမျိုးအကြောင်းရှာပြီး လိုက်လုပ်စားနေတဲ့လူ ဖြစ်နေဦးမယ်”

“ဟာ အမေကလည်း သူ့ရုပ်က အဲ့ဒီလိုလုပ်မယ့်ရုပ် မဟုတ်ပါဘူး”

“နင် ငါမွေးလို့ ကြီးလာတာပါ၊ လောကကြီးအကြောင်း နင် ဘယ်လောက်သိလို့လဲ၊ လူတွေက သမ္မာအာဇီဝသာ လုပ်မစားချင်တာ၊ ဒါမျိုးဆို ငွေရလွယ်တယ်ဆိုပြီး လုပ်စားနေကြတာ တစ်ပုံကြီး”

သူ နောက်ဖေးခန်းထဲ ဝင်လာခဲ့သည်။ ပန်းကန်လုံးတစ်လုံးထဲ ဝက်ခေါင်းသုပ်ကို ထည့်၍ ကြောင်အိမ်ထဲ ထည့်ထားလိုက်၏။ ထို့နောက် ကြောင်အိမ်ထဲသို့ တစ်ချက်လှေ့လာလိုက်၏။ မနက်က ကျန်တဲ့ ဘဲဥဟင်းနဲ့ ငါးပိရည်ခွက်ကို တွေ့ရသည်။ ဗိုက်ထဲမှာ ဘဲဥဟင်းနဲ့ရပြီး ဆာကာသွား၏။ သို့သော် ထမင်းအခြေအနေကို ကြည့်၍ ဆာတဲ့စိတ်ကို မြိုသိပ်ကာ ထားလိုက်လေသည်။ ဒီအချိန် သူ ထမင်းစားလိုက်လျှင် ညဘက်တစ်ခေါက် ထပ်ဆာလိမ့်မည်။ ထမင်းက တစ်ကြိမ်စားသာသာ သူတို့သားအမိနှစ်ယောက်အတွက် လုံလောက်၏။ ထို့ကြောင့် ညဘက် ထမင်းစားချိန်ရောက်မှသာ တစ်ခါတည်းစားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါတော့သည်။



* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

မိုး : မိုး : ၁၁ ၆ ပ



"ပန်း တွေနော် . . စံပယ်ပန်းတွေ၊ လတ်လတ်ဆတ်ဆတ်မွှေးမွှေးလေးတွေ . . တစ်ကားလုံး မွှေးပျံ့စေရမယ်၊ အာမခံတယ်"

"တူမကြီး ဘယ်လိုရောင်းလဲ"

"တစ်တွဲ နှစ်ရာ ဦးလေး"

"တစ်တွဲပေး"

အရင်းနားက အပ်ချည်ကြိုးကို လက်ညှိုးနဲ့ တစ်ချက်ရစ်၍ ခဲချွန်မားလေးနှင့် ကျင်လည်စွာ တစ်ချက်ဖြတ်ကာ အထုံးကလေး လုပ်ပြီး ချည်ပေးလိုက်သည်။ ကားသမား ဦးလေးကြီးက တစ်ချက် လှမ်းယူ၍ ကားအလယ်ကောင်ရှိ နောက်ကြည့်မှန်မှာ ချည်လိုက်၏။

မိုး : မိုး : ၁၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှစ်ရာတန် တစ်ရွက် လှမ်းပေးလိုက်သည်။ သူမ လှမ်းယူပြီး ဆက်ထွက်လာခဲ့သည်။

လေးစီးလောက်ကျော်လာတော့ ကားတစ်စီးပေါ်က လူငယ် တစ်ယောက်က သူမကို လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးတစ်ယောက် ကို လှမ်းခေါ်သော ပုံစံမျိုးနှင့် လှမ်းကာခေါ်၏။

"ရွှတ် . . ရွှတ် . . ရွှတ် . . ဟေ့"

သူမ လှည့်ကြည့်တော့ လက်ယပ်ကာပြသည်။ ထို့နောက် လှမ်းသွားလိုက်ကာ . . .

"စံပယ်ပန်းလား အစ်ကို"

"ဘယ်လောက်လဲ"

"တစ်တွဲ နှစ်ရာပါ"

ထိုလူငယ်က သူ့ဘေးနားမှာ ထိုင်နေတဲ့ သူ့သူငယ်ချင်းကို လှည့်ကြည့်လိုက်ပြီး . . .

"နှစ်ရာတဲ့"

"ငါးရာဖိုးယူလိုက်ကွာ"

"ညီမလေး ငါးရာဖိုး ရလား"

"ရတာပေါ့ အစ်ကိုရဲ့"

ထို့နောက် စံပယ်ပန်းကို ဖြတ်ကာပေးလိုက်၏။

လူငယ်က စံပယ်ပန်းကို လှမ်းမယူသေးဘဲ . . .

"ညီမလေးက ရုပ်ရှင်မင်းသမီး လုပ်လို့ရတယ် သိလား"



"ရှင်"

"ရုပ်ရှင်မင်းသမီး လုပ်လို့ရတယ်လို့ ပြောတာ"

"ဟာ အစ်ကိုကလဲ"

"တကယ်ပြောတာ၊ ဟုတ်တယ်နော် ဟေ့ကောင်"

"ဟုတ်တာပေါ့ကွ၊ ညီမလေးက ပန်းရောင်းတယ်ဆိုပေမယ့် ညီမလေးရောင်းတဲ့ ပန်းထက် ညီမလေးက ပိုလှနေတာကိုး"

သူမ ရယ်သာနေလိုက်သည်။ လူငယ်က စံပယ်ပန်းကို လှမ်းယူ၍ ငါးရာတန်ကို ထုတ်ပေးလိုက်၏။ ထို့နောက် ရှေ့က ကားတွေ ထွက်သွား၍ သူမကို တာ့တာ တစ်ချက်ပြကာ ကားကိုဖြည်းဖြည်းချင်း မောင်း၍ ထွက်သွားလေတော့သည်။

သူမလည်း ပိုက်ဆံကို လွယ်ထားတဲ့ လွယ်အိတ်ကလေးထဲ ထည့်၍ တစ်ဖက်လမ်းသို့ ကူးလာခဲ့လိုက်၏။

"ဘယ်လိုလဲ ရောင်းကောင်းလား"

"မဆိုးပါဘူး၊ ရှင်တို့ရော"

"ငါတို့ကတော့ ဒီလိုပါပဲ၊ ပုံမှန်လေးတော့ ရောင်းနေရတာပဲ"

သူမက ထင်ကျော့စကားကို နားထောင်ပြီး တစ်ချက်စူးစမ်း လိုက်ဟန်နှင့် . . .

"ဒါနဲ့ ဟိုတစ်ယောက်ကော"

"ခိုင်ဇော်လား၊ ဟိုမှာလေ"

လမ်းအလယ်တုံးမှာ ရပ်ရင်း လမ်းဖြတ်ကူးမလို့ ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ခိုင်ဇော်ကို တွေ့လိုက်ရ၏။ သူမက . . .

"ဟင် ခုန ကျွန်မလည်း အဲ့ဒီဘက်မှာ ပန်းရှာနေတာပါ။ မတွေ့မိပါဘူး"

"ဟိုဘက်ခြမ်း ရောက်နေလို့ဖြစ်လိမ့်မယ်"

"ဟိုဘက်ခြမ်းဆိုတာ မီးပွိုင့်ဟိုဘက်ခြမ်းလား"

"ဟုတ်တယ်"

"အဲ့ဒီဘက်ကိုလည်း သွားရှာချင်တယ်၊ ဒါပေမယ့် ကြောက်လို့"

ထင်ကျော်က မျက်မှောင်တစ်ချက် ကျုံ့လိုက်ပြီး . . .

"ဘာဖြစ်လို့လဲ"

"အဲ့ဒီဘက်က ဒီဘက်နဲ့ မတူဘူးလေ၊ လမ်းမနှစ်ခု ခွဲထွက်သွားတာဆိုတော့ ကားအရမ်းရှုပ်တယ် . . အဲ့ဒါကြောင့် . ."

ထင်ကျော်က ရယ်လိုက်သည်။

ထိုအချိန်မှာ ခိုင်ဇော် အနားရောက်လာ၏။ သူမကို တွေ့တော့ ခိုင်ဇော်က . . .

"ဩော် ဘယ်လိုလဲ ပန်းသည်မလေး၊ အဆင်ပြေလား"

"နာမည်ရှိပါတယ်၊ နာမည်ခေါ်ပါ"

"မင်းနာမည်မှ ငါမသိတာ"

"ဖူးပွင့်ဝေတဲ့"

"ဟိုက်ရှားပါး နာမည်နဲ့ အလုပ်နဲ့ကလည်း လိုက်ပါတယ်"

ဦး : နို : ၁၁၉၆



သူမ ပြုံးလိုက်သည်။

ထို့နောက် ခိုင်ဇော့်ကို ကြည့်၍ . . .

"ခုန ဟိုဘက်ခြမ်း ရောက်နေတာဆို"

"အင်း ဟုတ်တယ်၊ တွေ့လိုက်လို့လား"

"မတွေ့လိုက်ပါဘူး၊ သူ ပြောလို့"

သူမက ထင်ကျော့်ကို လက်ညှိုးထိုးပြ၏။ ထင်ကျော်က ပခုံးတွန့်ပြလိုက်သည်။

သူမက စကားကိုဆက်၏။

"နောက်ရက်တွေ အဲ့ဒီဘက်သွားရင် ခေါ်ပါလားဟင်"

"ဘာလုပ်ဖို့လဲ"

"ကျွန်မလည်း လိုက်ရှာင်းချင်လို့"

ခိုင်ဇော်က အားရပါးရ တစ်ချက်ထရယ်လိုက်ပြီး . . .

"ဟား ဟား ဟား . . မင်းကတော့ လုပ်ပြီ၊ အဲ့ဒီဘက်ကို ငါပါမှ မဟုတ်ပါဘူးကွာ၊ မင်းဘာသာမင်း ကြိုက်တဲ့အချိန် သွားရောင်းလည်း ရတာပဲ၊ ဒီလမ်းတွေက ငါပိုင်တာမှ မဟုတ်တာ"

ထိုတော့မှ သူမက လမ်းမနှစ်ခု ခွထွက်နေသော လမ်းဆုံအခြမ်းဘက်ဖြစ်နေ၍ ကားတွေကို ကြောက်သောကြောင့် မသွားရဲဖြစ်နေသည့်ကိစ္စကို ရှင်းပြလိုက်သည်။

ထိုတော့မှ ခိုင်ဇော်က ပြုံးလိုက်ကာ . . .

"အေးလေ ဒါဆိုလည်း ခေါ်သွားမယ်လေ၊ ဒါပေမယ့် ငါ

ဦး : နို : ၁၁၉၆

www.burmeseclassic.com

www.burmeseclassic.com



စကားတော့ နားထောင်ရမယ်နော်"

"အံမယ် ဘာလို့လဲ၊ ဒါလေး လုပ်ပေးရတာများ"

"ဒါလေး လုပ်ပေးရတာဆိုပေမယ့် အဲ့ဒီဘက်မှာ ကားတွေ သိပ်ရှုပ်တာကွ၊ မင်း တစ်ခုခုဖြစ်သွားရင် ငါ့တာဝန်မကင်းဘူး၊ မင်း နားမထောင်ဘူးဆိုရင်လည်း ရပါတယ်၊ ငါလည်း ခေါ်မသွားနိုင်ဘူး"

ခိုင်ဇော့်စကားကြောင့် သူမ တွေသွားသည်။

ပြီးတော့မှ မညိတ်ချင် ညိတ်ချင်နှင့် ခေါင်းညိတ်ပြကာ . . .

"အဲ့ဒါဆိုလည်း ပြီးရော . . ပြီးရော"

ဟုဆိုလေသည်။ ခိုင်ဇော် ပြုံးလိုက်၏။

ထို့နောက် ထင်ကျော့်ကို ကြည့်ပြီး . . .

"ထမင်းပြန်စားမယ်လေ"

"ပြန်မယ်လေ၊ ငါလည်း ဗိုက်တွေ ဆာနေပြီ၊ မင်း မလာသေးလို့ စောင့်နေတာ"

"ရှင်တို့က ထမင်းချိုင့် မပါဘူးလား"

"အိမ်က နီးနီးလေးပဲ၊ အလုပ်ရှုပ်လို့ ထည့်မလာဘူး၊ မင်းကရော"

"ပါတယ်၊ ဟိုမှာ ချိတ်ထားတာ မတွေ့ဘူးလား"

သူမ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်တော့ အုတ်နံရံအပေါ်က သံချွန်တစ်ခုမှာ ချိတ်ထားသော နှစ်ဆင့်ချိုင့်လေးတစ်လုံးကို တွေ့လိုက်ရသည်။





ထို့နောက် ခိုင်ဇော်နဲ့ ထင်ကျော်က ဂျာနယ်တွေ သိမ်း၍ ထွက်ခဲ့ကြတော့၏။ စားပွဲခုံနဲ့ ခုံနှစ်လုံးကိုတော့ ဒီအတိုင်းပဲ ထားခဲ့သည်။ သူမက ထမင်းစားရင်း စားပွဲခုံနှင့် ခုံတွေကို ကြည့်ပေးမယ်ဟု ဆိုသောကြောင့် ဖြစ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ခနေ့လယ် ထမင်းစားပြီး ပြန်ရောက်တော့ သူမက ထိုင်ခုံမှာ ငုတ်တုတ်ကလေး ထိုင်ကာ စောင့်နေသည်။ ထမင်းတော့ စားပြီးသွားပြီဖြစ်သည်။ သူတို့နှစ်ယောက် ပြန်ရောက်လာတာကို ကြည့်၍ . . .

"ကြာလိုက်တာ ဘာတွေလုပ်နေတာလဲ"

"နီးတယ်ဆိုပေမယ့် အသွားအပြန် နာရီဝက်လောက်တော့ ကြာတာပေါ့ကွ၊ ထမင်းစားပြီး ခဏတဖြုတ် နားရသေးတာပေါ့၊ ဒါနဲ့ မင်းက ငါတို့သွားကတည်းက ဒီမှာထိုင်နေတာလား"

"အင်းပေါ့၊ ဘယ်မှမသွားရဲဘူး၊ ခုံတွေ ပျောက်သွားမှာစိုးလို့"

"အဲ့လောက်လည်း မစိုးရိမ်ပါနဲ့ကွာ၊ ဒီနေရာက အဲ့လောက်





မဆိုးပါဘူး၊ လူတွေလည်း ရှိနေတဲ့ဟာ"

သူမက သစ်ကိုင်းလေးမှာ ချိတ်ထားတဲ့ စံပယ်ပန်းတွဲလေးကို ဖြုတ်ကာ ထရပ်လိုက်သည်။

"ကဲ ကျွန်မ သွားဦးမယ်၊ အချိန်ကြာရင် ပန်းတွေ နွမ်းကုန်မှာစိုးလို့"

သူမပန်းတွေက အခုကတည်းက နွမ်းစပြုနေလေပြီ။ သူတို့ကို စောင့်ပေးနေရတဲ့ အချိန်တွေအတွက် ခိုင်ဇော်ရင်မှာ အားနာကာသွား၏။ ခဏကြာတော့ သူမ ထွက်သွားသည်။

ကတ္တရာလမ်းပေါ် ပန်းတွဲလေး ကိုင်ရင်း အော်ကာ ရောင်းသွား၏။ လေတစ်ချက်အဝှေ့မှာ သူမဆံနွယ်တွေ လွင့်ဝဲကာသွားသည်။ စံပယ်ပန်းရနံ့တချို့ ပတ်ဝန်းကျင်သို့ ဖြန့်ထွက်ကာသွား၏။

ဝယ်သူ ဝယ်သွားကြသည်။ စသူတွေ စသွားကြ၏။ တချို့က မဝယ်ဘဲ ဈေးမေးကာသွားသည်။ သူမကတော့ အားလုံးကို အပြုံးလေးနဲ့ ဆက်ဆံသည်။ သူမအပြုံးက ပူပြင်းသော နေရောင်ခြည်အောက်က လောကဓံကို မေ့ထားသော ပကတိ ကြည်လင်နေသည့် အပြုံးမျိုးဖြစ်၏။

ဒီကောင်မလေးသာ သူဌေးသမီးလေးတစ်ယောက်ဖြစ်ခဲ့ရင် စံပယ်ပန်းကိုင်ထားသော လက်တစ်ဖက်သည် ဟန်းဖုန်းတစ်လုံးကို ကိုင်ထားပြီး အကြွေစ ခပ်နွမ်းနွမ်းတွေကို ရေတွက်နေသော ကျန်လက်တစ်ဖက်က နောက်ဆုံးပေါ် ကိုယ်ပိုင်ကားလှလှလေးတစ်စီး၏



www.burmeseclassic.com

www.burmeseclassic.com



စတီယာတိုင်ကိုသော်လည်းကောင်း၊ ဒါမှမဟုတ် ငွေသိန်းဂဏန်း အထက်ပါသော စလင်းဘတ်အိတ်လှလှလေးကိုသော်လည်းကောင်း လွယ်ထားသောလက် ဖြစ်နေပေလိမ့်မည်။

ထိုအခါ သူမအပြုံးကို ယခုထက် လူတွေ စိတ်ဝင်စားမည်။ ယခုထက် လူတွေ ပိုပြီးအရေးစိုက်လိမ့်မည်ဖြစ်၏။ ယခုတော့ စံပယ် ပန်းသည်ကောင်မလေးတစ်ယောက်၏ အပြုံးသည် သူတို့ကားအ တွင်းတွင် ဖွင့်ထားသော သီချင်းတစ်ပုဒ်လောက်သော်လည်းကောင်း၊ သူတို့ပြောနေသော ဟန်းဖုန်းတွေအတွင်းမှ စကားများလောက်သော် လည်းကောင်း စိတ်ဝင်စားဖို့မကောင်းလှပေ။

သို့သော် ထိုကောင်မလေး၏အပြုံးကိုတော့ ဘဝတူချင်းမို့ သူ ခံစားမိသည်ဟု ခိုင်ဇော်ထင်၏။

ကောင်မလေး၏ အပြုံးသည် အေးချမ်းသည်။

ကြားဖူးနားဝရှိသော မိုနာလီဇာ၏အပြုံးဆိုတာကို မမြင်ဖူး သော်လည်း ထိုကောင်မလေး၏ အပြုံးကတော့ လှပနေ၏။

တစ်နည်းဆိုရလျှင် . . .

မိခင်ဝမ်းတွင်းမှ ကျွတ်လွတ်လာသော ကလေးတစ်ယောက် ၏ ဘာမှမသိသေးသော လောကကြီးကို ပြုံးပြချင်သည့် ဆန္ဒတစ်ခုအ တွက်သာ ဖြစ်ပေါ်လာသော အပြုံးမျိုးဖြစ်သည်။

ထိုအပြုံးလေးသည် ရိုးသားသည်။

ထိုအပြုံးလေးသည် ဖြူစင်သည်။





ထိုအပြုံးလေးသည် အေးချမ်း၏။

ထို့အပြင် . . .

ဘာခံစားချက်မှ အရောင်ဆိုးမထားသော ရင်ဘတ်ထဲက လာသောကြောင့် အေးချမ်းတည်ငြိမ်လှလေသည်။

"ဟော့ကောင် ငေးတာလည်း တော်ရုံတန်ရုံပေါ့ကွာ၊ စီးပွား ပျက်လောက်အောင် မသုပ်စမ်းပါနဲ့"

ထင်ကျော့်စကားကြောင့် ခိုင်ဇော့်အတွေးတွေ ပျက်သွား သည်။ ထို့နောက် ရှက်ရယ် တစ်ချက်ရယ်လိုက်ကာ ဂျာနယ်ထုပ်ကို ပွေ့ပိုက်၍ လမ်းမဘက်သို့ ထွက်လာခဲ့လိုက်တော့၏။

နေရောင်ခြည်ကတော့ ပူပြင်းနေဆဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



နေက ပူပြင်းလှ၏။ ဒီလိုပူပြင်းလှသော နေရောင်ခြည်အောက်မှာ သူတို့လိုဘဝတူတွေ ဈေးစက်များအောက်တွင် လုပ်ရှားနေကြသည်။ ဆေးလိပ်၊ ကွမ်းယာ ရောင်းသူတွေ၊ ဂျာနယ်ရောင်းသူတွေ၊ တစ်ခါတစ်ရံ ရှောက်သီးဆေးပြား လိုက်ရောင်းတဲ့ အခြောက်တွေတောင် ကားမှတ်တိုင်တွေဘက် ရောက်လာတတ်သည်။ သူတို့ ကျင်လည်ကျက်စားတဲ့ မီးပွိုင့်နားမှာလည်း ကားမှတ်တိုင်တစ်ခုရှိသည်။ ထို့ကြောင့် တစ်ခါတစ်ရံ အခြောက်တွေ သီချင်းဆိုရင်း ရှောက်သီးဆေးပြား ရောင်းနေတာ တွေ့ရ၏။

ခိုင်ဇော်က ဒီနေ့ မီးပွိုင့်ဟိုဘက်ခြမ်းသို့ သွားရန် စဉ်းစားထားသည်။ ယခင်ကတော့ ခိုင်ဇော်တစ်ယောက်တည်း ရှိနေ၍ ပြဿ





နာ မရှိ။ အခုတော့ ထင်ကျော်ပါ ရောက်လာပြီဆိုတော့ နယ်မြေတစ်ခုထဲမှာ နှစ်ယောက် ပြိုင်ရောင်းရင် ရောင်းအားက ဖြန့်ထွက်သွားသည့်သဘောရှိသည်။ ထို့ကြောင့် မီးပွိုင့်ကို တစ်ဖက်တည်း လုပ်စားလို့ မရတော့။ ဟိုဘက်ခြမ်း တစ်ယောက်၊ ဒီဘက်ခြမ်း တစ်ယောက် အလှည့်ကျ ရောင်းရတော့သည်။

အမှန်ဆို ဒီနေ့ ဟိုဘက်ခြမ်းကို တာဝန်ကျသူမှာ ထင်ကျော်ဖြစ်သည်။ သို့သော် ထင်ကျော်က 'ဖူးပွင့်ဝေ' ပြောထားသော စကားရှိနေ၍ ခိုင်ဇော့်ကို လွှတ်သည်။

ခိုင်ဇော်က . . .

"မင်းလည်း သူ့ကို ခေါ်သွားလို့ ရတာပဲကွာ" ဟုဆိုတော့

"ကောင်မလေးက မင်းကို အကူအညီတောင်းထားတာကွ၊ ငါ့ကို တောင်းတာမှ မဟုတ်တာ၊ မင်းပဲ သွားလိုက်ပါကွာ"

ဟု ဆိုလာသည်။ သူလည်း မစွမ်းရင်းကရှိ၍ ကန့်စွန်းခင်းက ငြိတော့သည်။ ထို့ကြောင့် ဒီနေ့လည်း ခိုင်ဇော်ပဲ ဟိုဘက်ခြမ်းသို့ ထွက်ခဲ့လိုက်ခြင်းဖြစ်၏။ အရေးထဲ မယ်မင်းကြီးမလေးကို ရှာနေရသေးသည်။ သူမလည်း ဒီနေ့မှ ဒီဘက်ခြမ်းမှာ တော်တော်လေး ရောင်းကောင်းနေသည်။ ထို့ကြောင့် ဟိုပြေး၊ ဒီလွှား လုပ်နေရ၍ တော်တော်နဲ့ ဖမ်းမရ။ နေ့လယ်လောက်မှ သူမနဲ့ တွေ့သည်။ အကျိုးအကြောင်း ပြောပြတော့ ပါလာ၏။

ခိုင်ဇော်က ပလက်ဖောင်းအတိုင်း စုန်လျှောက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



မီးပွိုင့်ထိပ်ရောက်တော့ မီးစိမ်းနေ၍ မကူးသေးဘဲ ရပ်ကာ စောင့်နေသည်။ ကားတွေက များသောကြောင့် မီးပွိုင့်သည် တော်တော်နဲ့ မနီသေး။ ခိုင်ဇော် စိတ်မရှည်တော့ဘဲ ခပ်လှမ်းလှမ်း ကျောင်းရှေ့သို့ လျှောက်လာခဲ့သည်။ ကျောင်းလွှတ်ချိန်ဖြစ်၍ ကျောင်းသား ကျောင်းသူတွေ လမ်းဖြတ်ကူးနေသည်။ ယာဉ်ထိန်းရဲတွေက ကားတွေ တားပေးနေကြ၏။ ကျောင်းရှေ့တွင် ကျောင်းကြိုယာဉ်တွေ၊ ဖြတ်သွားဖြတ်လာ ကားတွေနှင့် ရှုပ်ယှက်ခတ်နေတာ တွေ့ရ၏။

"လာ ကျောင်းသားတွေနဲ့ရောပြီး ငါတို့ ဟိုဘက်ကူးရအောင်"

ဖူးပွင့်ဝေက ဘာမှမပြော။ အသံတိတ်သာ ခေါင်းကို ညိတ်ပြသည်။ ခိုင်ဇော်က ပလက်ဖောင်းပေါ်မှ ဆင်း၍ ကတ္တရာလမ်းကို လွှတ်လိုက်သော ကျောင်းသားတစ်အုပ်နဲ့ ဖြတ်ကူးဖို့ လုပ်သည်။

ထိုအချိန်တွင် ဖူးပွင့်ဝေ နားထဲမှာ သူမကို လှမ်းခေါ်သံလို အသံမျိုးကြားလိုက်ရ၍ ခိုင်ဇော် အင်္ကျီစကို လှမ်းဆွဲလိုက်၏။ ခိုင်ဇော်က လှည့်ကြည့်တော့ သူမက ခဏဆိုသော အမူအရာနှင့် လက်ကာပြပြီး သူမကို လှမ်းခေါ်သည် ထင်ရသော ရပ်ထားသည့် ကားတစ်စီးထံ လှမ်းသွားလိုက်၏။

ကားထဲမှာ အကျအန ထိုင်နေသည့် လူငယ်ကို မြင်လိုက်ရတော့ သူမစိတ်ထဲ မြင်ဖူးသလိုလို ဖြစ်သွားသည်။ ထိုလူငယ်က ပြုံးပြ၍ လက်ငါးချောင်း ထောင်ပြလိုက်ကာ . . .





"ငါးရာဖိုးလောက်"

ဟု ပြော၏။

ထိုတော့မှ သူမ မှတ်မိသွားသည်။ မနေ့က သူမကို မင်းသမီး လုပ်ပါလားဟု စနောက်သွားသော လူငယ် ဖြစ်နေ၏။

သူမက ထုံးစံအတိုင်း အပြုံးကလေး တပ်ဆင်၍ စံပယ်ပန်း ငါးရာဖိုးကို အကုံးလေးတွေ ရေတွက်ကာ ပေးလိုက်လေသည်။ လူငယ်က ငါးရာတန် တစ်ရွက် ထုတ်ပေး၍ . . .

"ညီမလေးက ကျောင်းရှေ့မှာလည်း လာရောင်းတာလား"

"အင်း ဟိုဟာ . . မဟုတ်ဘူး၊ ဟိုဘက်သွားရောင်းမလို့"

လူငယ်က ခေါင်းညိတ်ပြရင်း . . .

"သြော် အစ်ကို ဒီမှာ တူမလေးတစ်ယောက်ကို ကျောင်းလာကြိုရင်း လှမ်းမြင်လိုက်လို့"

"ဟုတ် သွားလိုက်ဦးမယ်နော်"

"အေး အေး"

သူမ ထိုနေရာမှ လှည့်ထွက်ခဲ့သည်။ ခပ်လှမ်းလှမ်းမှ သူတို့နှစ်ယောက် စကားပြောနေတာတွေကို ရပ်ကြည့်နေသော ခိုင်ဇော့်ကို တွေ့ရ၏။ သူမ အနားရောက်လာတော့ ခိုင်ဇော်က . . .

"အသိနဲ့ တွေ့နေတာလား"

"အသိတော့ မဟုတ်ပါဘူး၊ မီးပွိုင့်မှာ ပန်းဝယ်ရင်းနဲ့ အဲဒါ"

ခိုင်ဇော်က ပြုံး၍ ခေါင်းညိတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီမှာ ပန်းလာရောင်းတာတောင် မကြာသေးဘူး၊ မိတ်ဆွေတွေ ဘာတွေ ရနေပြီပေါ့"

"ဒီလိုပါပဲ အစ်ကိုရယ်၊ အားလုံးနဲ့ အလိုက်အထိုက်ပေါ့"

ခိုင်ဇော်က သူ့အပေါ် 'အစ်ကို' ဟု ကောင်မလေးက နာမ်စားသုံးလိုက်တာကို သတိထားမိလိုက်၏။ ဘာပဲဖြစ်ဖြစ် ခင်မင်မှု တစ်ဆင့် တိုးလာတဲ့သဘောဟု ရင်ထဲမှာ နားလည်လိုက်သည်။ ထိုနားလည်မှုနဲ့အတူ ခန္ဓာကိုယ်က ဘာကြောင့်မှန်းမသိ နွေးထွေးကာ သွား၏။

ခိုင်ဇော် လမ်းတစ်ဖက်သို့ ဖြတ်ကူးလိုက်သည်။ ကောင်မလေးက သူ့နောက်ကနေပြီး ခိုင်ဇော့်အင်္ကျီစကို ဆွဲကာလိုက်လာ၏။ ဟိုဘက် ပလက်ဖောင်းပေါ် ရောက်တော့ ခိုင်ဇော်က . . .

"ခါးက အင်္ကျီစကို သိပ်မဆွဲနဲ့ဟ၊ တော်ကြာ ပုဆိုးကျွတ်ကျသွားရင် ခက်မယ်"

"ဟာ အစ်ကိုကလည်း ဘာမှန်းမသိဘူး"

ခိုင်ဇော့်စကားကြောင့် ကောင်မလေးမျက်နှာ ရဲခနဲ ဖြစ်သွားပြီး ရှေ့သို့ ပြေးထွက်ကာသွား၏။ ကောင်မလေး ရှက်သွားသော မျက်နှာလေးကို စက္ကန့်ပိုင်းလေး သူ ခံစားမိလိုက်သည်။ မိန်းကလေးတစ်ယောက် ရှက်ခြင်း၊ ကြောက်ခြင်းကို သူ့ဘဝတွင် ယခုလို အနီးကပ် မမြင်ဘူးပေ။ ဖြတ်သန်းလာရသော ဘဝအခြေအနေအရ ဘယ်မိန်းကလေးနဲ့မှလည်း သူ့ဘဝဟာ လက်ပွန်းတတီး မရှိခဲ့။

ဝို : ဝို : ၁၁၄၂



အခုတော့ မိန်းကလေးတစ်ယောက်၏ ရှက်ရွံ့ခြင်းနှင့် ကြောက်လန့်ခြင်း နှစ်ခုလုံးကို သူ ခံစားလိုက်ရသည်။ ဖူးပွင့်ဝေသည် ကားတွေ လူတွေကို ကြောက်ရွံ့သောကြောင့် လမ်းဖြတ်ကူးစဉ် သူ့အင်္ကျီစလေးကို ဆွဲကာ ကလေးတစ်ယောက်လို ပါလာသည်။ ထိုအချိန်တွင် လမ်းဖြတ်ကူးသော သူနှလုံးသားသည် ကားအစင်းရေပေါင်းများစွာ၏ အင်ဂျင်သံထက် ဆူညံနေတာ သေချာသည်။

သူ ပြောလိုက်သော စကားတစ်ခွန်းကြောင့် ကောင်မလေး ရှက်ကာ ထွက်ပြေးသွားသည်။ ထိုမျက်နှာလေးသည် သူ့ရင်ထဲမှာ ပန်းနုရောင်နှင်းဆီပန်းခင်းလေး ရုတ်တရက် ဖြတ်ပြေးသွားသလို ထင်လိုက်ရ၏။

သူ သက်ပြင်းကို ချလိုက်သည်။ ရင်မောရှိုချသော သက်ပြင်းဖြစ်၏။ ထို့နောက် ဘာရယ်မဟုတ် လမ်းတစ်ဖက်ကမ်းသို့ ကြည့်လိုက်မိ၏။ ခုန စံပယ်ပန်း ဝယ်သွားသော လူငယ်က သူတို့လမ်းဘက်သို့ စိုက်ကြည့်နေတာ တွေ့လိုက်ရသည်။ သူနဲ့ အကြည့်ချင်းဆုံတော့ ထိုလူငယ်က မျက်နှာလွှဲသွား၏။

ခဏကြာတော့ ထိုလူငယ်ထံသို့ အသက် ခုနစ်နှစ်ခန့် ကောင်မလေးတစ်ယောက် ရောက်လာတာတွေ့ရသည်။ ထိုလူငယ်က ကားရှေ့ခန်းက တံခါးကို ဖွင့်ပေး၏။ ကောင်မလေးသည် ကျောင်းစိမ်းဝတ်စုံလေးနဲ့ဖြစ်သည်။ ထို့နောက် ထိုလူငယ်၏ နောက်ဆုံးပေါ် ကားလေးသည် လမ်းမဘက်သို့ ဖြည်းညင်းစွာ ကွေ့ထွက်၍ ေမာင်း

ဒို : မို : ဂ၁၄၂

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေတော့၏။

ခိုင်ဇော် မီးပွိုင့်လမ်းဆုံရှိရာဘက်သို့ ဖြည်းလေးစွာ လျှောက်ထွက်ခဲ့သည်။ ဘာဖြစ်လို့မှန်းမသိ ကောင်းကင်က ကြည်လင်နေသော်လည်း သူ့ရင်ထဲမှာ မိုးအုံ့ကာနေသည်။

* * *





"ဒီနေ့ အစ်ကိုတို့နှစ်ယောက်အတွက် ဟင်းတွေ ပိုထည့်လာတယ် သိလား၊ ထမင်းကတော့ ဝယ်စားလိုက်"

ဖူးပွင့်ဝေက ထိုသို့ပြောပြီး ချိုင့်ကလေးကို မြှောက်ကာပြ၏။ အရင်က ထည့်လာနေကျ နှစ်ဆင့်ချိုင့်လေး မဟုတ်ဘဲ သုံးဆင့်ချိုင့် ဖြစ်နေတာ တွေ့ရသည်။

ထင်ကျော်က . . .

"ဘာဟင်းတွေလဲဟ"

"ဝက်သားဟင်း"

"ဟ ရှယ်ပဲဟေ့၊ ငါတို့က ဝက်ဆို အကောင်လိုက် မောင်းသွင်းတဲ့ ကောင်တွေဟ"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် သိပါတယ်၊ အဲဒါကြောင့်လည်း အများကြီး ထည့်လာတာပေါ့"

ထိုသို့ပြောရင်း ဖူးပွင့်ဝေက ချိုင့်ကို သူမ ချိတ်နေကျ နေရာလေးမှာ ချိတ်လိုက်သည်။ ထို့နောက် လက်တစ်ဖက်မှာ ကိုင်လာသော စံပယ်ပန်းတွဲလေးကို မကြည့်၍ လွယ်အိတ်ထဲမှာ သယ်လာသော ရေဘူးထဲက ရေနဲ့ တစ်ချက် နှစ်ချက် တောက်လိုက်သည်။ ထို့နောက် သူတို့ဘက် လှည့်ကြည့်၍ . . .

"ကဲ သွားလိုက်ဦးမယ်၊ နေ့လယ်မှ ဆုံမယ်နော်"

ခိုင်ဇော်က ဂျာနယ်တွေကို ရေတွက်ရင်း ခေါင်းညိတ်ကာ ပြလိုက်၏။ ထင်ကျော်က . . .

"ဒါနဲ့ နင် ဒီနေ့ မီးပွိုင့်ဟိုဘက် မသွားတော့ဘူးလား"

ကောင်မလေးက ခေါင်းခါ၍ . . .

"မသွားတော့ဘူး၊ ဒီနေ့တော့ ဒီမှာပဲ ရောင်းတော့မယ်"

"အေးလေ ဒီနေ့က ငါသွားရမယ့် အလှည့်ဆိုတော့ နင်က ဘယ်လိုက်ချင်ပါ့မလဲ"

"ဟာ ကိုကြီးထင်ကျော်ကြီး ဘာတွေလျှောက်ပြောနေတာလဲ"

"ဟေ့ကောင် ဘာလဲဟ"

"အံမယ် နင်တို့က ရှက်နေကြတယ်ပေါ့၊ ငါက သဘောရိုးနဲ့ ပြောတာပါဟ"

ကောင်မလေးက ခပ်သုတ်သုတ် ထွက်ကာသွား၏။ ကောင်မ





လေး ထွက်သွားတော့ ခိုင်ဇော်က ထင်ကျော့်ကို ကြည့်၍ . . .

"မင်းက တကယ်ပဲ ပါးစပ်ကို စည်းမရှိဘူး"

"ဘာဖြစ်လို့လဲကွ၊ ငါက ဘာပြောလို့လဲ"

"မင်းပြောတာ မင်းသိမှာပေါ့"

"သိတယ်လေ ဘာဖြစ်လို့လဲ၊ မင်းက နာနေလို့လား"

"ငါက ဘာမှမဖြစ်ပါဘူး၊ ဟိုက မိန်းကလေးကွ"

ထင်ကျော်က ခနဲ့တဲ့တဲ့ အပြုံးမျိုးနဲ့ကြည့်ပြီး . . .

"မိန်းကလေးမို့လို့ စလိုက်တာပေါ့ကွ၊ ယောကျ်ားအချင်းချင်းတော့ ငါလည်း စမလား"

"သွားကွာ . . သွားတော့၊ ရော့ ဒီမှာ မင်းရောင်းရမယ့် ဂျာနယ်တွေ"

ထင်ကျော်က ခိုင်ဇော် လှမ်းပေးတဲ့ ဂျာနယ်ထပ်ကို လှမ်းယူလိုက်ပြီး . . .

"သွားမှာပါ သွားမှာ . . စိတ်ချပါ၊ အခုတော့ ငါ့ကို အတင်းသွားစေချင်နေပြီပေါ့၊ အေး အေး . . ငါမရှိဘူးဆိုပြီး အလွမ်းသယ်မနေကြနဲ့ဦးနော်"

ခိုင်ဇော်က ခွေးခြေကို ကိုင်၍ ထင်ကျော့်ကို ရိုက်မည့်ဟန်လုပ်လိုက်သည်။ ထင်ကျော် ထွက်ပြေးသွား၏။ ခိုင်ဇော် ထိုင်၍ ကျန်ခဲ့သည်။ သို့သော် သူ့နှလုံးသားကတော့ ဟိုဒီပြေးလွှားကာနေ၏။ ပြီးနောက် ထိုင်နေရင်းနှင့် မောဟိုက်ကာ တက်လာ၏။ ဘာလို့မှေလာ



www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိ။ ဈေးရောင်းရင်း ဟိုဒီပြေးလွှားရသောကြောင့် မောသော အမောမျိုးမဟုတ်။ ဘယ်လိုအမောမျိုးဆိုတာလည်း သူမသိပေ။

ကောင်မလေးကို မသိမသာ လှမ်းကြည့်လိုက်သည်။

'ဖူးပွင့်ဝေ' ဟု စိတ်ထဲမှာ ခေါ်ကြည့်လိုက်၏။

'ရှင်'

ဟု ကောင်မလေးပါးစပ်က ပြန်ထူးလိုက်တာ ကြားလိုက်ရ၏။ သူ့စိတ်ထဲမှာ ခေါ်လိုက်တာများ ကောင်မလေး ကြားသွား၍ပြန်ထူးလိုက်တယ်ထင်ပြီး လန့်သွားသည်။

သို့သော် ကားတစ်စီးပေါ်မှ သူမကို လှမ်းခေါ်လိုက်သောကြောင့် ပြန်ထူးလိုက်သံဆိုတာ သိသွား၍ သက်ပြင်းချလိုက်မိလေသည်။

မောတယ် ကောင်မလေးရယ် . . .။

ငါ့ရင်တွေ မောလိုက်တာ . . .။

* * *





"မော လိုက်တာကွာ၊ ဒီဘဝက ဘယ်တော့မှ ကျွတ်ပါ့မလဲ မသိဘူး"

ဟု ထင်ကျော်က ဂျာနယ်တစ်စောင်နဲ့ ယပ်ခတ်ရင်း ဆိုလိုက်သည်။ ဖူးပွင့်ဝေက ပြုံးလိုက်ကာ ထင်ကျော့်ထမင်းထုပ်ထဲသို့ သုံးထပ်သားတစ်တုံး ခပ်ထည့်ပေးလိုက်သည်။ ထို့နောက် ခိုင်ဇော့် အထုပ်ထဲသို့လည်း လက်သုံးလုံးလောက်ရှိ အတုံးတစ်တုံး ထည့်ပေးလိုက်၏။

ဝက်သားတုံးများသည် ကျွတ်ကျွတ်အိတ်ထဲတွင် ထည့်ထားသော ထမင်းပုံပေါ်၌ အဆီတဝင်းဝင်းနှင့် တုန်ကာနေ၏။ ဝက်သား အနှစ်တွေကလည်း ညိုတိုတို အောက်ခံထမင်းအရောင်တွင် ခင်းခန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာသွားသည်။

ခိုင်ဇော်နဲ့ ထင်ကျော်က တံတွေး တစ်ချက်မြိုချလိုက်သည်။

ကောင်မလေးက အသင့်ပါလာသော ဖွန်းနှင်ချောင်းကို ထုပ်ပေးပြီး . . .

"မောမနေနဲ့ အစ်ကို . . မောမနေနဲ့၊ မောရင် ပုံးကြောင်သွားမယ်"

"ဟုတ်သားပဲ ဒီလောက်ကလေး မောတာများ ညည်းနေသေးတယ်၊ ကလေးတောင် သိတယ်"

"အမလေး တစ်ခါတလေလေး ညည်းမိပါတယ်ကွာ၊ ဝိုင်းဆူလိုက်ကြတာ"

နှစ်ယောက်စလုံး ထင်ကျော့်ကို ကြည့်၍ ရယ်လိုက်ကြသည်။ ခိုင်ဇော်က ဖွန်းကို အကျအနကိုင်၍ လက်သုံးလုံးလောက်ရှိသည့် သုံးထပ်သားကို အလယ်က ပိုင်ပိုင်နိုင်နိုင် ထိုးချလိုက်သည်။ နူးအိနေသော သုံးထပ်သားထဲသို့ ဖွန်းထိပ်ဖျားက အိခနဲ ဝင်ကာသွား၏။

ထို့နောက် ထမင်းအနည်းငယ် ခပ်၍ စားကြည့်လိုက်ရာ

"အားလားလား ကောင်းလိုက်တာ၊ ဒါ နင်ချက်တာတော့ မဖြစ်နိုင်ဘူး"

"ဘာလဲ . . သူများချက်ထားတဲ့ဟာကို စားစေချင်လို့လည်း မနက်အစောကြီး ဈေးသွားပြီး ထချက်လာရသေးတယ်၊ စေတနာကို မစော်ကားနဲ့"



"ဟား ဟား ဟား ဟား ဟုတ်ပါပြီဟာ၊ ငါက ကောင်းလွန်းလို့ မယုံသင်္ကာဖြစ်သွားတာပါ"

"ဟွန့် ဆယ့်သုံးနှစ်သမီးကတည်းက ဟင်းချက်လာတာ၊ ဘာမှတ်လဲ"

"ဟုတ်လား နင်က အခု ဘယ်နှနှစ်လဲ"

"မပြောပြဘူး၊ သတ်ရင် သတ်ပစ်လိုက်"

"မပြောလည်း နေပါ၊ နင့်ရုပ်ကြီး ကြည့်တာနဲ့ အသက်သုံးဆယ်ကျော်ပြီဆိုတာ ငါတို့ သိပါတယ်"

"သေလိုက်ပါလား သေလိုက်ပါလား၊ ဘာသုံးဆယ်လဲ၊ ဒီနေ့မှ နှစ်ဆယ်ပြည့်တာ . . ဟွန်း"

ထင်ကျော်နဲ့ ခိုင်ဇော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်လိုက်ကြ၏။ အရယ်ဆုံးတော့ ထင်ကျော်က ဝင်ပြောသည်။

"ဒါဆို ဒီနေ့က နင့်မွေးနေ့ပေါ့"

"အင်း"

"ဘာကျွေးမှာလဲ"

"ကျွေးပြီးပြီလေ၊ ဒီမှာ . ."

"သြော် ဒီဝက်သားဟင်းက မွေးနေ့အထိမ်းအမှတ်ပေါ့"

"ဟုတ်ပါ့"

"ကဲ ဒါဆိုလည်း ဒါနမြောက်သွားအောင် စားလိုက်ကြတာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ၊ အသက် တစ်ရာ့နှစ်ဆယ် ရှည်စေသော်"

ထို့နောက် သူတို့ တပျော်တပါး စားသောက်ကြသည်။ ဟင်းကလည်း ကောင်းဆိုတော့ တစ်ယောက်ကို ထမင်းနှစ်ထုပ်စီလောက် ကုန်သွားကြ၏။ ခဏကြာတော့ ထမင်းလည်း ပြောင်၊ ဟင်းလည်း ပြောင်ပြီ။

စားပြီး သစ်ပင်ရိပ်ကလေးအောက်တွင် ခဏနားကြသည်။ သူတို့နေရာလေးက ပိတောက်ပင်အရိပ်ကလေးအောက်မှာရှိ၍ အေးမြလှ၏။

ထင်ကျော်က သစ်ပင် ပင်စည်လေးကိုမှီ၍ ပိုက်ဆံအသစ်တစ်ရွက်လိပ်ကာ သွားကြားထိုးနေရင်း . . .

"ဟဲ့ နင်တို့က မောင်နှမ ဘယ်နှယောက်လဲ"

ကောင်မလေးက ထမင်းချိုင့်ကို သွားချိတ်နေရင်းမှ ထင်ကျော့်ကို လှည့်ကြည့်၍ . . .

"သုံးယောက်"

"နင်က အကြီးလား"

"မဟုတ်ဘူး၊ အစ်မတစ်ယောက်၊ မောင်လေး တစ်ယောက် ရှိတယ်"

"ဩော်"

"အစ်မက မော်လမြိုင်မှာလေ၊ သူ့ယောက်ျားနဲ့ နေတယ်၊ မောင်လေးက ခုနစ်တန်း၊ အဖေကတော့ နတ်ပြည်ရောက်သွားပြီ"

ဗိုး : မိုး : ၀၁၆၀



သူလို့ပဲ ဖတဆိုးလေးပါလားဟု ခိုင်ဇော်က တွေးလိုက်မိ၏။

ထင်ကျော်က စကားကိုဆက်သည်။

"နင် ကျောင်းနေသေးလား"

"အင်း ဘယ်လိုပြောရမလဲ၊ အပြင်ဖြေပေါ့"

"ဟင် နင်က တက္ကသိုလ်တက်နေတယ် ဟုတ်လား"

"ဟာ မဟုတ်ပါဘူး၊ ဆယ်တန်း တစ်နှစ်ကျပြီး အပြင်ဖြေလို့ ပြောတာပါ"

ဒါတော့ သူတို့နှစ်ယောက်စလုံးထက် သာသွားပြီဟု ခိုင်ဇော် တွေးလိုက်၏။

ထင်ကျော်က သွားကြားထိုးရင်းက ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သူ့ပုံစံက အလုပ်အင်တာဗျူးတစ်ခုမှာ လူတွေ့စစ်ဆေးနေသော ကုမ္ပဏီပိုင်ရှင်ပုံစံ ပေါက်နေ၏။

ကောင်မလေးက စံပယ်ပန်းကုံးလေးတွေကို တစ်ချက် ရေခါလိုက်ပြီး . . .

"ဒါနဲ့ အစ်ကိုတို့ကရော"

"ငါက ညီမတစ်ယောက်ရှိတယ် . . သုံးတန်း၊ အဖေက ပန်းရံခေါင်းဆောင်၊ အမေက ငါးခြောက် ရောင်းတယ်၊ ဒီကောင်ကတော့"

ထင်ကျော်က ခိုင်ဇော့်ကို လှည့်ကြည့်လိုက်သည်။

ခိုင်ဇော်က . . .

"ငါက နင့်လိုပဲ၊ အဖေ မရှိတော့ဘူး ဟဲ . . ဟဲ၊ နတ်ပြည်

ဗိုး : မိုး : ၁၁၁၂၀

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီ၊ ငါ့အမေက ထင်ကျော့်အမေလိုပဲ . . ဈေးသည်၊ ကုန်စိမ်း ရောင်းတယ်၊ ငါက ညီအစ်ကို မောင်နှမ မရှိဘူး၊ တစ်ဦး တည်းသော သား"

"ဩော်"

ကောင်မလေးက ထိုတစ်ခွန်းသာပြောပြီး စံပယ်ပန်းလေး တွေကို နှစ်ရာဖိုး တစ်ကုံးစီ လိုက်တွဲနေသည်။

ထို့နောက် မျက်နှာတည်တည်ငြိမ်ငြိမ်လေးနှင့် သက်ပြင်း တစ်ချက်ချ၍ . . .

"ညီမ အမေကတော့ ဘာမှမလုပ်နိုင်တော့ဘူး၊ လေဖြတ်ပြီး အိပ်ယာထဲ လဲနေတာ သုံးနှစ်လောက်ရှိပြီ"

"ဟင်"

သူတို့ရင်ထဲမှာ ဘာကြောင့်မှန်းမသိ အားနာခြင်း၊ ဝမ်းနည်း ခြင်းတွေ ခံစားလိုက်ရ၏။ သူတို့သာ ကောင်မလေးအတွက် ထိုခံစား ချက်တွေ ခံစားလိုက်ရသော်လည်း သူမကတော့ အေးအေးဆေးဆေး အမူအရာရှိလှ၏။ လောကဓံနှင့် ဘဝ၏ ဖိအားတွေပေါ်မှာ နေသား ကျနေသော သူတစ်ယောက်၏ မျက်နှာမျိုး . . .။

သူမကပင် စကားဆက်သည်။

"အဲ့ဒါကြောင့် ညီမတို့ တစ်အိမ်လုံး အလုပ်လုပ်တာပေါ့၊ ညီမက ပန်းရောင်းတယ်၊ အစ်မတို့ လင်မယားကလည်း အမေ့ကို လှမ်းထောက်ပါတယ်၊ မောင်လေးကတော့ ကလေးဆိုတော့ သိပ်

ဒိုး : မိုး : ၀၁၄၀



မလုပ်နိုင်သေးဘူးပေါ့၊ ကျောင်းအားရက်တော့ ဈေးထဲမှာ ဒညင်းသီး ပြုတ် ရောင်းတယ်"

သူတို့ သက်ပြင်းကို သူမ ကြားသွားမှာစိုးသောကြောင့် ခိုး ချလိုက်မိ၏။

ထင်ကျော်က . . .

"အဆင်ပြေတယ်မလား"

"ပြေပါတယ်၊ မောင်လေး ကျောင်းစရိတ်ရယ်၊ အိမ်စရိတ် ရယ်ကိုတော့ အစ်မက ပေးတယ်လေ၊ ညီမက အမေ့ဆေးဖိုးကို ပန်း ရောင်းပြီး ရှာပေးတယ်"

"ဩော်"

"ကဲ စကားကောင်းနေတာနဲ့ ကားတွေတောင် တော်တော် စည်နေပြီ၊ သွားလိုက်ဦးမယ်"

ကောင်မလေး ထွက်သွားသည်။ သူတို့နှစ်ယောက်လုံး ငေါင် ၍ ကျန်ခဲ့၏။ သူတို့ရင်ထဲက ကောင်မလေးသည် တစ်ခုခု ဆွဲထုတ် သွားသလို ဟာပြီး ကျန်ခဲ့၏။ ဘာမှန်းတော့ မဝေခွဲတတ်။

ထင်ကျော်က ခိုင်ဇော်ကို လှည့်ကြည့်သည်။ ခိုင်ဇော်က ကောင်မလေးကို လှမ်းပြီး ငေးနေတာ တွေ့ရ၏။

"ဒီကောင်မလေးက ကလေးလိုသာနေပေမယ့် သူ့စိတ်က အရွယ်နဲ့မလိုက်အောင် ရင့်ကျက်တယ်ကွ"

ခိုင်ဇော်က ဘာမှမပြော။

ဒိုး : မိုး : ၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က သူ့ဘာဝထက်စာရင် တော်သေးတယ် ပြောရမှာပဲ"

ခိုင်ဇော် သက်ပြင်းကို ချသည်။ ခုန စားထားသော ဝက်သားတုံးများသည် ဗိုက်ထဲတွင် ခုန်ကာနေ၏။

* * *





ရာသီဥတုသည် မိုးလေး အုံ့ပျပျဖြစ်ကာနေ၏။ မိုးအနှောင်းဆောင်းအကူး ရာသီတို့၏ ထုံးစံအတိုင်း မနက်ခင်း၌ မြူနှင့် မိုးက ရောကာနေ၏။ တစ်ညလုံး ရွာထားသော မိုးကြောင့် သစ်ရွက်ဖျားလေးများတွင် ရေစက်တို့ တွဲခိုနေကြသည်။ မပွင့်တပွင့် နေရောင်ခြည်အောက်၌ ပတ်ဝန်းကျင်သည် အေးမြကာနေသည်။

ခိုင်ဇော်က လက်ဖက်ရည်ကျစိမ့်လေးတစ်ခွက် သောက်ချင်နေသေး၍ ဆိုင်ကို မခင်းသေးဘဲ ယမ်းဆုံနားက လက်ဘက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။ ထင်ကျော် ရောက်လာရင် ဆိုင်ကို မတွေ့ပါက ထိုလက်ဖက်ရည်ဆိုင်သို့ လိုက်လာမည်ဆိုတာ သူ သိသည်။ ထို့ကြောင့် ထင်ကျော့်ကို စောင့်မနေတော့ဘဲ ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခါနီး 'ဖူးပွင့်' ကို တွေ့လိုတွေ့ငြား ရှာကြည့်သေးသည်။ 'ဖူးပွင့်' ကို တွေ့ပါက လက်ဖက်ရည်ဆိုင်သို့ ခေါ်သွားဖို့ စဉ်းစားသည်။ သို့သော် 'သူမ' ကို ရှာမတွေ့၍ တစ်ယောက်တည်းသာ ထွက်လာခဲ့လိုက်သည်။ ဆိုင်ရောက်တော့ ကျစိမ့်တစ်ခွက် မှာသည်။ ခဏကြာတော့ လာချပေးသော ကျစိမ့်ကို တစ်ချက်ငုံ၍ အရသာခံကာ သောက်ပြီး ပတ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့်နှင့် ငေးနေလိုက်သည်။

ထိုစဉ် တစ်နေရာအရောက်တွင် သူ့အကြည့်တွေက ရပ်သွားသည်။ စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေ၍ သေချာအားစိုက်ကာ ကြည့်ရင်း မျက်မှောင်ကျုံ့သွား၏။

သေချာပါတယ်။ 'ဖူးပွင့်မှ ဖူးပွင့်ပါ' 'ဒီကောင်မလေး ဘာများလုပ်နေပါလိမ့်' ဟု စိတ်ထဲတွေးကာ အကဲခတ်နေလိုက်၏။ ဖူးပွင့်က ယောကျ်ားတစ်ယောက်နဲ့ စကားပြောနေခြင်းဖြစ်သည်။ ထိုယောကျ်ားလေး မှီပြီးရပ်နေသော ကားကို တွေ့လိုက်ရ၍ ဟိုတစ်နေ့က ဖူးပွင့်နဲ့ စံပယ်ပန်း ဝယ်ရင်း စကားပြောနေတဲ့ လူငယ်ဆိုတာ ခိုင်ဇော် သိလိုက်သည်။ ဒီနေ့လည်း ပန်းဝယ်ရင်း စကားပြောနေတာပဲ ဖြစ်လိမ့်မည်ဟု စိတ်ထဲ တွေးလိုက်မိ၏။

သို့သော် မဟုတ် . . .။ သူတို့ စကားပြောပုံက ခရီးသွားဟန်လွှဲ နှုတ်ဆက်စကားပြောနေပုံမျိုး မဟုတ်။ တစ်စုံတစ်ခုကို အလေးအနက်ထားပြီး ပြောနေတဲ့ပုံစံဖြစ်သည်။ လူငယ်ပြောတဲ့ စကားတွေကို ဖူးပွင့်က ရယ်ကာမောကာနှင့် နားထောင်နေသည်။ တစ်ချက်





တစ်ချက် သူမ နှုတ်ခမ်းလေးကို လက်နဲ့အုပ်၍ ရှက်ပြုံးလေး ပြုံးသွားသည်။ တစ်ချက် တစ်ချက် ခေါင်းလေးကို ခါရင်း ရယ်သည်။ လူငယ်က စိတ်ပါလက်ပါနှင့် ဖူးပွင့်ကို ဘာတွေပြောနေလည်း သူ မသိပေ။

သူ . . သိတာ တစ်ခုတော့ ရှိသည်။ လူငယ်နှင့် ဖူးပွင့်သည် တရင်းတနှီးနှင့် စကားတွေ ပြောနေကြတယ်ဆိုတာကိုပဲဖြစ်၏။ သူ့ရင်ထဲမှာ ထိုမြင်ကွင်းကို မြင်လိုက်ပြီးနောက် ဘာဖြစ်သွားမှန်း မသိပေ။ ရင်ခုန်သံသည် သုံးဆလောက် မြန်ကာသွား၏။ နှလုံးသွေးတွေ တဒိတ်ဒိတ်နှင့် ခန္ဓာကိုယ်အနှံ့ ကလီစာတွေကို တိုးဆွနေသလို ခံစားလိုက်ရ၏။ စိတ်ထဲမှာလည်း ဘာကိုအလိုမကျမှန်းမသိ။ ဘာကိုဒေါသထွက်မှန်းမသိ ဖြစ်ကာလာ၏။ မနာလို ဝန်တိုစိတ်လည်း ဖြစ်ကာသွားသည်။

ခဏကြာတော့ လူငယ်က ဖူးပွင့်ကို နှုတ်ဆက်ပြီး ကားမောင်းကာ ထွက်သွားသည်။ ဖူးပွင့်တစ်ယောက် လက်ပြရင်း ကားလေးကို ကြည့်ကာ ကျန်ခဲ့၏။ သူ စားပွဲထိုးလေးကို လှမ်းခေါ်၍ ပိုက်ဆံရှင်းကာ ထရပ်လိုက်သည်။ လက်ဖက်ရည်ကို တစ်ငုံသာ သောက်ရသေးသောကြောင့် ကောင်လေးက ခွက်ကိုကြည့်၍ . . .

"အဆင်မပြေလို့လား အစ်ကို၊ ပြင်ပေးရမလား"

ခိုင်ဇော် ခေါင်းခါပြလိုက်ကာ . . .

"ရတယ်၊ ကိုယ်သွားစရာလေး တစ်ခုရှိလို့ပါ၊ အရေးကြီးနေလို့"

ကောင်လေးက ကြောင်တောင်တောင်နဲ့ ခေါင်းညိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခွက်ကို သိမ်းကာထွက်သွား၏။ သူ လက်ဖက်ရည်ကို ဆက်သောက်ချင်စိတ်လည်း မရှိတော့။ အခုချိန်မှာ ဒီနေရာက အမြန်ထွက်သွားချင်စိတ်ပဲ ရှိသည်။ ထို့ကြောင့် ကောင်လေး ထွက်သွားပြီးတာနှင့် သူ ဆိုင်ထဲမှ ပြေးထွက်ခဲ့တော့သည်။

ဖူးပွင့် မမြင်အောင် မီးပွိုင့်ဟိုဘက်က ပတ်၍ ပြန်လာခဲ့၏။ ဖူးပွင့်ကတော့ ပလက်ဖောင်းလေးမှာ ရပ်ရင်း တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားကာ ကျန်ခဲ့လေသည်။ ဘာတွေလဲတော့ မသိ။

သူ့ရင်မှာတော့ ပူလောင်လှသည်။

ဒီကောင်မလေးကြောင့်တော့ ခက်နေလေပြီ။

* * *



ခိုင် ဇော် လက်ဖက်ရည်ဆိုင်ထဲက ခပ်သုတ်သုတ် ထွက်သွားတာကို ဖူးပွင့်က သှမ်းမြင်လိုက်သည်။ လှမ်းခေါ်မလို့လုပ်တော့ ခိုင်ဇော်က ခပ်ဝေးဝေးသို့ ရောက်သွားပြီဖြစ်၍ မခေါ်ဖြစ်လိုက်တော့။

ဒီနေ့မနက် သူမက ခိုင်ဇော်တို့ထက် စောပြီး ရောင်းနေကျနေရာသို့ ရောက်သည်။ ခိုင်ဇော်ရော ထင်ကျော်ပါ မတွေ့သဖြင့် ဒီဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်၏။ ဤမှာတင် ကျောင်းရှေ့နား ရောက်တော့ ကိုဝေထွန်းနဲ့ တွေ့ခြင်းပင်ဖြစ်သည်။ ကိုဝေထွန်းက သူမဆီက စံပယ်ပန်းဝယ်ရင်း မျက်မှန်းတန်းမိနေသော လူငယ်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှေ့နား သူမ ရောက်တော့ ကိုဝေထွန်းက ကားပေါ်မှ ဆင်းလာပြီး သူမကို နှုတ်ဆက်ခြင်းဖြစ်သည်။

သူမက ခါတိုင်းလို ပန်းဝယ်မည်ထင်၍ လှမ်းသွားလိုက်တော့ . . .

"ခါတိုင်းလိုပဲ ငါးရာဖိုး လုပ်လိုက်၊ ဒါနဲ့ စပ်စုတယ် မထင်နဲ့နော်၊ ညီမနာမည် ဘယ်လိုခေါ်လဲ"

သူမက ငါးရာဖိုး ပန်းကိုတွဲ၍ လှမ်းပေးလိုက်ပြီး နာမည်ပြောလိုက်သည်။

"ဖူးပွင့်ဝေပါ"

"နာမည်လေးက လှသားပဲ၊ လူနဲ့လိုက်တယ်"

သူမ ပြုံးပြ၍ လှည့်ထွက်မည်လုပ်တော့ . . .

"နေပါဦး ညီမလေးရဲ့၊ ညီမလေးကို အစ်ကို ပြောစရာရှိလို့"

"ဘာများလဲဟင်"

"ဟိုဟာ ဒီလိုပါ၊ အစ်ကို့နာမည်က စပြီး မိတ်ဆက်မယ်နော်၊ အစ်ကို့နာမည်က ဝေထွန်းပါ၊ ဒါက အစ်ကို့လိပ်စာကဒ်"

သူမ ယောင်နနနှင့် ကိုဝေထွန်းဟုပြောသော ထိုလူငယ် ထုတ်ပေးတဲ့ ကဒ်ပြားလေးကို လှမ်းယူလိုက်သည်။ ကဒ်ပြားထဲတွင် သူမ သိပ်နားမလည်သော အင်္ဂလိပ်စာဖြင့် ရေးထားသည့် စာတန်းတွေကို တွေ့ရ၏။

ကိုဝေထွန်းက သူ့ကဒ်ပြားလေးကို ကြောင်တောင်တောင်နှင့်





ကြည့်နေသော သူမကို ပြုံးကြည့်လိုက်ကာ . . .

"အစ်ကိုက ဓာတ်ပုံဆရာတစ်ယောက်ပါ၊ အစ်ကို့ဓာတ်ပုံတွေက နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း ဆုရဖူးပါတယ်၊ အဟဲ . . ဒါတွေကို ညီမကတော့ သိချင်မှ သိလိမ့်မယ်၊ ကိုယ်ပြောချင်တာက ဒီလို . . ညီမကို အစ်ကို ဓာတ်ပုံပြိုင်ပွဲတစ်ခုအတွက် မော်ဒယ်အဖြစ် အသုံးပြုချင်လို့ပါ"

"ရှင်"

"ဒီလိုပါ၊ အစ်ကိုပြောတာ နားရှုပ်သွားလား မသိဘူး"

"ဟုတ်ကဲ့၊ ဘာ . . ဘာလဲဟင်"

"ဒီလို . . အစ်ကိုက ဓာတ်ပုံပြိုင်ပွဲတစ်ခု ဝင်မလို့၊ အဲဒီပြိုင်ပွဲအတွက် ညီမလေးကို မော်ဒယ်အဖြစ် အသုံးပြုပြီး ဓာတ်ပုံရိုက်ချင်လို့ပါ၊ ညီမလေးရဲ့ ပုံစံ၊ ညီမလေးရဲ့ မျက်နှာနဲ့က အစ်ကိုရိုက်မယ့်ကာရိုက်တာနဲ့ လုံးဝကိုက်ညီနေတယ်၊ အဲ့ဒါကို ညီမလေးနဲ့ စတွေ့တဲ့နေ့ကတည်းက အစ်ကို သတိထားမိတာ၊ ဒါပေမယ့် ညီမလေးနဲ့ အခုလို မသိသေးတော့ အစ်ကိုက ဘယ်ကစပြောရမှန်းမသိဘူး ဖြစ်နေတာ၊ ညီမ ကူညီနိုင်မလားဟင် . . ကူညီနိုင်မယ်ဆိုရင် အစ်ကို့ဘက်ကလည်း ညီမအတွက် အကြောင်းကို ထိုက်ထိုက်တန်တန် ချီးမြှင့်မှာပါ"

သူမ ကိုဝေထွန်းရဲ့ စကားဆုံးတော့ ကြောင်စီစီလေး ဖြစ်နေသည်။ သူမလို စံပယ်ပန်းရောင်းတဲ့ ကောင်မလေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခာတ်ပုံပြိုင်ပွဲတစ်ခုအတွက် ခာတ်ပုံရိုက်မယ်ဆိုတော့ ရုတ်တရက် ကြောင်သွားခြင်းဖြစ်၏။ ကိုဝေထွန်းကိုလည်း မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ပြန်ကာကြည့်နေမိသည်။

ကိုဝေထွန်းက သူမရင်ထဲမှာ ဘာတွေဖြစ်နေမလဲဆိုတာ သဘောပေါက်သော အမူအရာနှင့် တစ်ချက်ပြုံးလိုက်ကာ . . .

"ဘာလဲ ညီမလေးက မယုံလို့လား"

သူမက တစ်ချက်ရယ်လိုက်ရင်း . . .

"အင်း . . ဟိုဟာ . . တစ်မျိုးကြီးပဲ"

"ကိုယ်က တကယ်ပြောတာပါ၊ ညီမသာ လက်ခံပေးမယ်ဆိုရင် ကိုယ့်အတွက် တန်ဖိုးရှိတဲ့ ခာတ်ပုံတစ်ပုံ ဖြစ်လာမှာ အသေအချာပဲ၊ အမှန်ပြောရရင် ကိုယ်က လူတစ်မျိုး၊ ကိုယ်လိုချင်တဲ့ ခာတ်ပုံတစ်ပုံကို နာမည်ကြီး မော်ဒယ်တွေကို အသုံးပြုပြီး ရိုက်ရတာထက် ကိုယ်လိုချင်တဲ့ အိုင်ဒီယာနဲ့ ကိုက်ညီမယ့် အပြင်လောကက လူတစ်ယောက်ကို ခေါ်ပြီး ရိုက်ရတာကို လိုလားတယ်၊ အဲ့ဒါမှ ကိုယ်လိုချင်တဲ့ ပုံစံအတိုင်း ဘာဟန်ဆောင်မှုမှ မပါတဲ့ သဘာဝရဲ့ အလှတရားကို ရမယ်လို့ ကိုယ်ထင်တယ်၊ အခုဟာကလည်း စံပယ်ပန်းရောင်းတဲ့ မြန်မာမိန်းကလေးတစ်ယောက်ရဲ့ အလှကို ဘာရေးချယ်မှုမှ မပါဘဲ ပင်ကိုယ်အလှအတိုင်း တင်ပြချင်တဲ့ စိတ်၊ ဒါ့ကြောင့် ညီမလေးကို အကူအညီတောင်းရတာပါ"

အိပ်မက်တစ်ခုတော့ မဟုတ်ဘူးဆိုတာကို သူမ လက်ခံမိ





သည်။ ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာလည်း သူမ မဖော်ပြတတ်တော့။

ကိုဝေထွန်းက စကားတွေ ဆက်ပြောနေသည်။ ဘာတွေပြောနေလည်းဆိုတာ သူမ မကြားတစ်ချက်၊ ကြားတစ်ချက်။ သေချာတာကတော့ ကိုဝေထွန်းစကားတွေထဲတွင် သူမကို ခာတ်ပုံအရိုက်ခံစေချင်သည်ဆိုသည့်အကြောင်း၊ သူ့ခာတ်ပုံသာ ပြိုင်ပွဲမှာ ဆုရရှိခဲ့လျှင် ရွှေ့လျှောက် တက်လမ်း အများကြီးရှိသည်ဆိုသည့်အကြောင်း စသည်တို့ပင် ဖြစ်၏။

နောက်ဆုံးတော့ သူမက စဉ်းစားပါဦးမည်ဆိုသည့် စကားတစ်ခွန်းတည်းသာ ပြောလိုက်နိုင်သည်။ သူမကိုယ် သူမ ထိုအချိန်တွင် ဘာဆုံးဖြတ်လို့ ဆုံးဖြတ်ရမှန်းမသိ ဖြစ်နေတာကတော့ အမှန်ပင်။

သူမလို ဘဝမျိုးအတွက် ထိုကိစ္စသည် အိပ်မက်တစ်ခုပင်ဖြစ်သည်။ ဒါမှမဟုတ် အိပ်မက်တောင် မမက်ဖူးသည့် ကိစ္စတစ်ခုဖြစ်သည်။ အမေ့ကိုလည်း တိုင်ပင်ချင်သည်။ အစ်မကိုလည်း ပြောပြချင်သည်။

ပြီးတော့ သူမ၏ ရှားရှားပါးပါး ယောကျ်ားလေးမိတ်တွေဖြစ်သော ခိုင်ဇော်တို့ ထင်ကျော်တို့နှင့်လည်း တိုင်ပင်ချင်၏။

ထို့ကြောင့် စဉ်းစားပါဦးမည်ဆိုတဲ့ စကားတစ်ခွန်းကိုသာ သူမ ပြောလိုက်ရခြင်းဖြစ်လေသည်။

ကိုဝေထွန်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်စဉ်းစားနော်၊ စဉ်းစားလို့ရရင် လိပ်စာကဒ်ထဲက တယ်လီဖုန်းအတိုင်း ဆက်သွယ်လိုက်"

ဟု ပြောကာ ပြန်သွားလေသည်။ ကိုဝေထွန်း ထွက်သွားတော့ လက်ပြနှုတ်ဆက်ရင်း အတွေးပေါင်းစုံနှင့် ချာချာလည်ကာ ကျန်ခဲ့တော့၏။

ထို့နောက် သူမ လက်ဖဝါးပြင်လေးကို ယောင်ပြီး ကြည့်လိုက်မိသည်။ လွန်ခဲ့တဲ့နှစ်က သူမ ဘကြီးတစ်ယောက် အိမ်လာလည်တုန်းက သူမ လက္ခဏာကိုကြည့်၍ ပြောသွားဖူးတာလေးကို သတိရလိုက်မိ၏။ ဘကြီးက ရွာမှာ ဗေဒင်တွေ ဘာတွေလည်း ဟောသည်။

"ငါ့တူမက နယ်နယ်ရရတော့ မဟုတ်ဘူး၊ အောင်မြင်ရေးလမ်းကြောင်း ရှိတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အောင်မြင်ကျော်ကြားတဲ့လူတစ်ယောက် ဖြစ်လာနိုင်တယ်"

ထိုတုန်းကတော့ ဘကြီးစကားကို နားထောင်ပြီး ပြုံးရုံသာ ပြုံးနေခဲ့သည်။ သူတို့ဘဝအခြေအနေအရ ဘကြီးပြောသွားသော စကားသည် ဒဏ္ဍာရီပုံပြင်တစ်ပုဒ်ကို နားထောင်နေရသလိုသာ . . ။

အခုတော့ . . . ။

သူမ တွေးရင်း ရင်ထဲမှာ ပျော်သလိုလို၊ ဝမ်းနည်းသလိုလို ခံစားလိုက်ရ၏။

စံပယ်ပန်း ကိုင်ထားသော ကျန်လက်လေး တစ်ဖက်ကတော့ မသိမသာ တုန်ခါနေလျက် . . . ။



"ဟ ဓာတ်ပုံဝေထွန်းဆိုတာ နာမည်ကြီးပဲ၊ သူ့ဓာတ်ပုံတွေက မဂ္ဂဇင်းတွေ ဂျာနယ်တွေမှာ မျက်နှာဖုံး ဓာတ်ပုံတွေ ပါနေကျပဲ၊ ဒီမှာကြည့် ဒီမှာ . . အဲ့ဒါ သူရိုက်ထားတဲ့ ပုံတွေ . . "

ထင်ကျော်က ဂျာနယ် သုံးစောင်လောက်ကို ရွေး၍ ထုတ်ပြလိုက်သည်။

နာမည်ကြီး မင်းသမီးသုံးယောက်လောက် ပါသော ဂျာနယ်မျက်နှာဖုံးတွေကို တွေ့ရသည်။ အောက်တွင် ဓာတ်ပုံဝေထွန်းဟု အင်္ဂလိပ်လို ရေးထား၏။

ဖူးပွင့်ဝေက ထိုဓာတ်ပုံတွေကို ကြည့်၍ . . .

"ဒါ . . ဒါဆို ခုနလူက ကိုဝေထွန်း အစစ်ပေါ့နော်"

"အစစ်ပေါ့ဟ၊ သူကတော့ မဟုတ်ဘဲ နင့်ကို လိမ်ပြောသွားစရာမှ မလိုတာ . . နော် . . ဟော့ကောင်"

ထင်ကျော်က ပြောရင်းနှင့် ခိုင်ဇော်ပခုံးကို လှမ်းပုတ်လိုက်သည်။

ခိုင်ဇော် တွေတွေငေးငေးဖြစ်နေရာမှ ဆတ်ခနဲ တစ်ချက်ဖြစ်သွားပြီး . . .

"အေး အေး ဟုတ်တယ်လေ . . အဲ့ဒါ . . ဟုတ်တယ်"

"မင်းကလည်း ကြောင်တောင်တောင်နဲ့၊ ဘာတွေဖြစ်နေတာလဲ၊ ဒီမှာ ဖူးပွင့် . . အဲ့ဒါ နင့်အတွက် ဂွင်ပဲ၊ အဲ့ဒီလိုအခွင့်အရေးမျိုးဆိုတာ ရခဲတယ်ဟ၊ အဲ့ဒီလိုပြိုင်ပွဲတွေမှာ ကိုယ့်ရုပ်ပါတဲ့ ဓာတ်ပုံတစ်

www.burmeseclassic.com

www.burmeseclassic.com



ပုံ ဝင်ပြိုင်ခွင့်ရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ ပြီးတော့ အဲဒီလိုပွဲမျိုးဆိုတာ ဓာတ်ပုံပညာရှင်တွေအပြင် ကျန်တဲ့အနုပညာရှင်တွေပါ လာကြတာ၊ ဒါရိုက်တာ တစ်ယောက်က နင့်ပုံကြည့်ပြီး ရုပ်ရှင်မင်းသမီး တင်ရိုက်ချင်တယ်ဆို ဘယ်လိုလုပ်မလဲ"

"ဟာ ကိုထင်ကျော်ကြီးကလည်း ဒီကဖြင့် ဓာတ်ပုံတောင် မရိုက်ရသေးဘူး၊ ဘာတွေပြောနေမှန်း မသိဘူး"

ထင်ကျော်က ရယ်သည်။ ခိုင်ဇော်က တွေတွေကြီးဖြစ်နေ၏။

ဖူးပွင့်ဝေက တစ်ချက်စဉ်းစားဟန်လုပ်ပြီး . . .

"အင်း ကိုထင်ကျော်ကြီး ပြောသလို ဖြစ်လာရင်တော့ ကောင်းမယ်နော်၊ အဲ . . ဒါပေမယ့် ညီမက ရှက်တယ်"

"ရှက်မနေနဲ့၊ မိန်းကလေးတိုင်း ဓာတ်ပုံရိုက်ခံရတာကို ဝါသနာပါကြတယ်၊ နင့်လို ဓာတ်ပုံလည်း အရိုက်ခံရဦးမယ်၊ ပြီးတော့ ကိုယ့်ဓာတ်ပုံကို ပြိုင်ပွဲတောင် ဝင်ခွင့်ရဦးမယ်ဆိုရင် မိန်းကလေးတိုင်း လိုလို လုပ်ချင်ကြမှာပဲ၊ ရှက်မနေနဲ့ ဖူးပွင့် . . လုပ်သာလုပ်လိုက်၊ ငါ အားပေးတယ် . . ဟုတ်တယ်မလား ခိုင်ဇော်"

"ဟင် . . အင်း . . အင်းပေါ့ . . ဟုတ်တာပေါ့"

"ဒါဆို ညီမ အမေ့ကို ဒီည တိုင်ပင်ကြည့်လိုက်ဦးမယ်"

"အေး တိုင်ပင်လိုက် . . တိုင်ပင်လိုက်၊ နင့်အမေ ခွင့်ပြုမှာပါဟာ၊ ငါကြိုတွက်ပြီးသား . . နင်သာ သတ္တိမွေးထား"

ဖူးပွင့်ဝေ ပျော်နေသည်။ ဓာတ်ပုံရိုက်ရမည့်အရေးကို တွေး





ကာ ပျော်နေမိသည်။

ခဏကြာတော့ ခိုင်ဇော်နဲ့ ထင်ကျော်ကို လှည့်ကြည့်ကာ

"တကယ်လို့ ရိုက်ဖြစ်ရင် ကိုထင်ကျော်တို့ လိုက်ခဲ့ရမယ်နော်"

"ဘယ်ကိုလဲဟ"

"ဘယ်ပဲဖြစ်ဖြစ်ပေါ့၊ ဓာတ်ပုံရိုက်တဲ့နေရာကို ပြောတာ"

"ဟဲ့ ငါတို့က အလုပ်နဲ့ဟ"

"ဟာ မရဘူး . . လိုက်ရမယ်၊ အလုပ်က နောက်မှလုပ်ပေါ့၊ မရဘူး . . လိုက်ရမယ်"

ကလေးတစ်ယောက်လို နှုတ်ခမ်းစူကာ ဖူးပွင့်ဝေက ချွဲသည်။ ထင်ကျော်က ခိုင်ဇော့်ကို လှည့်ကြည့်၏။ ခိုင်ဇော်က မသိမသာ သက်ပြင်းချပြီး ခေါင်းညိတ်ပြလိုက်သည်။

ထင်ကျော်က . . .

"ကဲ . . ဒါဆိုလည်း ပြီးရော၊ နင်သာ ရိုက်ဖြစ်ရင် ငါတို့ လိုက်မယ်၊ ဒါပေမယ့် အလကားတော့ မရဘူးနော်၊ ထမင်းကျွေးရမယ်"

"ကျွေးမှာပေါ့၊ ကိုဝေထွန်းက ပိုက်ဆံလည်း ထိုက်ထိုက်တန်တန် ပေးမယ်လို့ ပြောသွားတယ်"

"မိုက်တယ်ကွာ"

ဟု ထင်ကျော် ရေရွတ်လိုက်သည်။

ဖူးပွင့်ဝေက စံပယ်ပန်းလေးကို ကိုင်ကာ ခုန်ပေါက်၍ ထွက်သွား၏။ သူမရင်ထဲ ဘယ်လောက်အထိ ပျော်ရွှင်နေမယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ခန့်မှန်းမိသည်။

ထင်ကျော်က ဈေးဦးမပေါက်သည့် မျက်နှာနှင့် ထိုင်နေသော ခိုင်ဇော်ကို ကြည့်၍ . . .

“မင်းက ကူနွေလေး ထိန်းပါဦးကွာ၊ ကောင်မလေးက ပျော်နေတဲ့ဟာကို”

ခိုင်ဇော် ဘာမှမပြော သက်ပြင်းကိုသာ ချသည်။

ထင်ကျော်က ခိုင်ဇော့်ပခုံးကို ဖက်၍ . . .

“မင်းရင်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ငါနားလည်ပါတယ် သူငယ်ချင်းရာ၊ ဒီလိုပေါ့ သူတစ်ဦး၏ တိုးတက်မှုကို သူတစ်ဦးက ကူညီပေးရတယ်တဲ့၊ မင်း ကောင်မလေးအပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ ငါသိပါတယ်၊ မင်းစိတ်ထဲမှာ ကူညီပေးချင်တဲ့စိတ်က ငါ့ထက် ပိုနေမယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် ကံကြမ္မာကြီးက မင်းနဲ့ဝေးရာကို ကောင်မလေးကို ခေါ်သွားမှာ စိုးနေတာမလား”

ခိုင်ဇော် ငြိမ်နေသည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပဲဖြစ်၏။

ထင်ကျော်က . . .

“ကဲ ဘာမှတွေးမနေနဲ့၊ ငါတို့ လုပ်စရာရှိတာလေးတွေ သွားလုပ်ရအောင် လာ”

ဟုပြောပြီး ထင်ကျော်က ဂျာနယ်ထုပ်ကို ဆွဲကာ ထရပ်လိုက်၏။ ခိုင်ဇော်လည်း မထချင် ထချင်နှင့် ထရပ်သည်။

ဝိုး : မိုး : ၀၁၄၆



စိတ်ညစ်တာတောင် ကောင်းကောင်းမညစ်ရပါလားဟု ခိုင်ဇော့်စိတ်ထဲ တွေးလိုက်မိပါတော့သည်။

“ကဲ ဂျာနယ်တွေ ရမယ်နော်၊ အချစ် . . အလွမ်း . . အကြမ်းအရမ်းလေးတွေ ပါတယ်”

ဟု ထင်ကျော်က အော်ရင်း စသွား၏။

ခိုင်ဇော် ရင်ထဲမှာ ကြိတ်ပြီး ဆဲလိုက်သည်။

“သေချင်းဆိုး”

* * *

ဝိုး : မိုး : ၀၁၄၆

www.burmeseclassic.com

www.burmeseclassic.com



ထရိုင်ဘောက်ကို ကြပ်၍ zoom ကို တစ်ချက် ချိန်လိုက်သည်။

ထို့နောက် စိတ်ကျေနပ်လောက်အောင် အတိုးအလျှော့လုပ်ပြီး အလင်းအမှောင်ကို ချိန်ဖို့လုပ်၏။ မီးထိုး၊ မှန်ထိုး သုံးယောက်လောက် အလုပ်ရှုပ်ကာသွားသည်။

'ဖူးပွင့်ဝေ' ကို ကင်မရာရှေ့ ရပ်ခိုင်းပြီး ဝေထွန်းက လိုချင်တဲ့ ပုံစံကို ပြောသည်။

'ဖူးပွင့်ဝေ' တော်တော်နဲ့မရ။ ကင်မရာကို စိမ်းနေသော ကြောင့်တစ်ကြောင်း၊ မီးတွေ မှန်တွေကြားတွင် မနေတတ်သော ကြောင့်တစ်ကြောင်း လူက တောင့်တောင့်ကြီး ဖြစ်နေ၏။





ထင်ကျော်က အားမလို အားမရဖြစ်လာ၍ ဖူးပွင့်ဝေအနားကို သွားကာ ဝေထွန်း လုပ်ပြခိုင်းသည့် အမူအရာအတိုင်း လုပ်ပြသည်။ ထင်ကျော့်ပုံစံကို ကြည့်၍ အားလုံးရယ်လိုက်ကြ၏။ ရယ်မောလိုက်သောကြောင့် ဖူးပွင့်ဝေ၏ ရင်ထဲမှာ ပေါ့ပါးကာသွားပြီး ရိုက်ကွင်းနှင့် ပိုမိုရင်းနှီးသွားသလို ခံစားလိုက်ရသည်။

ထို့နောက် အိုက်တင်တွေ တဖြည်းဖြည်းနှင့် ပိုမိုပီပြင်လာသည်။

နေ့လယ်လောက်ရောက်တော့ ရိုက်ကွင်းကို တစ်ချက်နားသည်။ ဝေထွန်းက သူ လိုချင်တဲ့ ပုံစံကို မရမချင်း အေးအေးဆေးဆေး ရိုက်ယူ၏။

ရိုက်ကွင်းတည်တဲ့နေရာကလည်း ကန်တော်ကြီးထဲ မှာဖြစ်၍ နေ့လယ်နားနေစဉ် သန့်ရှင်းသပ်ရပ်သော စားသောက်ဆိုင်လေး တစ်ခုမှာ ထိုင်ရင်း စကားပြောဖြစ်ကြ၏။

"အခုရိုက်ထားတဲ့ ပုံတွေကတော့ မဆိုးပါဘူး၊ စိတ်ကျေနပ်ပါတယ်၊ ဒါပေမယ့် နောက်ထပ် ပို့စ်အမျိုးမျိုးနဲ့ ကိုယ် ထပ်ရိုက်ချင်သေးတယ်၊ အခုတော့ တစ်ခုခုစားရင်း အေးအေးဆေးဆေး နားပါဦး"

"အစ်ကိုက ဓာတ်ပုံပြိုင်ပွဲမှာ ပုံ ဘယ်နှပုံ ဝင်ပြိုင်မှာလဲဟင်"

ထိုစကားကို ခိုင်ဇော်က မေးလိုက်ခြင်းဖြစ်၏။ ဝေထွန်းက အပြုံးလေးနဲ့ ကြည့်ပြီး . . .

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိချင်လို့ပါ၊ အစ်ကို အခုရိုက်ထားတာတွေလည်း အများကြီးဆိုတော့ . . ."

ဝေထွဋ်က ခေါင်းတစ်ချက် ညိတ်လိုက်ပြီး . . .

"ဒီလို ညီလေးရ၊ အစ်ကိုတို့ ဓာတ်ပုံဆိုတာ ရိုက်တဲ့ပုံတိုင်းကို စိတ်တိုင်းကျတာ မဟုတ်ဘူး၊ အဲ့ဒီအထဲကမှ ကိုယ့်စိတ်ကြိုက် သုံးလေးပုံ ထုတ်ပြီး ဝင်ပြိုင်ကြတာ"

"ဪ ဒါဆို ပုံတွေ အများကြီးထဲက တစ်ပုံ နှစ်ပုံလောက်ပဲ သုံးတာပေါ့"

"ဒါပေါ့"

"ဪ မသိပါဘူး၊ ကျွန်တော်က လေးငါးဆယ်ပုံလောက် ရိုက်ပြီးရင် ပြီးပြီထင်တာ"

ဝေထွဋ်က ရယ်သည်။ ပြီးနောက် ဖူးပွင့်ဝေကို လှမ်းကြည့်လိုက်ပြီး . . .

"ဒါပြီးရင် ညီမလေး ဝတ်စုံလဲရမယ်နော်၊ ဒီဝတ်စုံနဲ့က ရပြီ၊ နောက်ဝတ်စုံနဲ့ ရိုက်ရအောင်"

"ဟုတ်၊ ဒါ . . ဒါနဲ့ ညီမက ဘယ်မှာသွားလဲရမှာလဲ"

"အစ်ကို အားလုံး စီစဉ်ထားပါတယ်၊ ဒီနားမှာ အစ်ကို့ ဓာတ်ပုံစတူဒီယိုတစ်ခုရှိတယ်၊ အဲ့ဒီမှာ သွားလဲလိုက်၊ အစ်ကို့ကားနဲ့ပဲ လိုက်ပို့ပေးမှာပါ၊ မိတ်ကပ်ဆရာမပါ တစ်ခါတည်း ခေါ်သွားလိုက်"

ထို့နောက် ဝေထွဋ်က သူ့တပည့်တစ်ယောက်ကို ညွှန်ကြား





လိုက်သည်။

သူတို့ ထိုဆိုင်လေးမှာတင် ထမင်းစားလိုက်ကြ၏။ ထမင်းစားပြီး ခဏနားတော့ ဖူးပွင့်ဝေနှင့် မိတ်ကပ်ဆရာမတို့ကို ဝေထွဋ်၏ တပည့်က စတူဒီယိုသို့ လိုက်ပို့သည်။ ဝေထွဋ်ကတော့ ဆိုင်မှာတင် ထိုင်ရင်း ကျန်ခဲ့၏။

ဖူးပွင့်ဝေတို့ ထွက်သွားပြီးနောက် ဝေထွဋ်က . . .

"ဖူးပွင့်ဝေနဲ့ ညီလေးတို့က ငယ်သူငယ်ချင်းတွေလား"

"ငယ်သူငယ်ချင်းတွေတော့ မဟုတ်ဘူး အစ်ကို၊ ဈေးရောင်းရင်းတွေ့ပြီး ခင်သွားကြတာ၊ ဒါပေမယ့် သူငယ်ချင်း အရင်းအချာတွေလိုပါပဲ"

"ဪ ကိုယ်က ညီလေးတို့ကို ငယ်သူငယ်ချင်းတွေ ထင်နေတာ၊ ဒါနဲ့ ညီလေးတို့က ဘာလုပ်တာလဲ"

"ကျွန်တော်တို့က ဂျာနယ်ရောင်းတာ"

"ဟုတ်လား၊ အဲ့ဒီမီးပွိုင့်မှာပဲလား"

"ဟုတ်တယ် အစ်ကို"

ဝေထွဋ်က ခေါင်းတညိတ်ညိတ် လုပ်သည်။ ပြီးမှ . . .

"ကောင်းပါတယ်ကွာ၊ ဂျာနယ်ရောင်းတဲ့အလုပ်ကလည်း မဆိုးပါဘူး၊ ကိုက်တယ်မလား"

"အင်း ဘယ်လိုပြောရမလဲ၊ ပုံမှန်တော့ မရှိဘူးပေါ့ အစ်ကိုရယ်"

ထိုသို့စကားကောင်းနေကြစဉ် မီးသမား၊ မှန်သမားတွေထဲမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ကိုဝေထွဋ်နား ရောက်လာပြီး နေရာပြောင်းမှာလား လာမေး၍ စကားစပြတ်သွားကြ၏။

ဝေထွဋ်က သူတို့ကို ခဏဟုဆိုကာ ထသွားသည်။

ဝေထွဋ် ထွက်သွားပြီးတော့ ထင်ကျော်က . . .

"ဖူးပွင့်ဝေက ဒီလိုလေး မိတ်ကပ်တွေ ဘာတွေနဲ့ ပြင်လိုက်ဆင်လိုက်တော့ တော်တော်ချောတာပဲကွ၊ ကောင်မလေးကို ဒီလောက်ရုပ်ထွက်သွားမယ်လို့တောင် ငါ ထင်မထားဘူး"

ခိုင်ဇော်က ဘာမှပြန်မပြောဘဲ ရေနွေးကြမ်းပန်းကန်လုံးကို အကြောင်းမဲ့ လှည့်နေသည်။

ထင်ကျော်က ခိုင်ဇော်ကို ပြုံးစိစိနှင့် ကြည့်ပြီး . . .

"မင်းက ငါ့ထက် ဖူးပွင့်ဝေရဲ့ အလှအပတရားတွေကို ပိုပြီး ခံစားတတ်မှာပါကွာ၊ ဟုတ်ဖူးလား"

"ထင်ကျော်"

"ဘာလဲ"

"တိတ်တိတ်နေကွာ၊ ဘာတွေလာပြောနေမှန်း မသိဘူး"

"ဒါလေး ပြောတာပဲကွာ၊ မင်းက ဘာဖြစ်လဲ"

"မပြောနဲ့ကွာ"

ထင်ကျော်က တအစ်အစ်နဲ့ ကြိတ်ရယ်နေသည်။

ထိုအချိန်မှာ ဝေထွဋ် ဆိုင်ထဲ ရောက်လာပြီး ပိုက်ဆံ ရှင်းဖို့လုပ်သည်။ ပိုက်ဆံ ရှင်းပြီးနောက် ခိုင်ဇော်တို့ဘက် ကြည့်ကာ . . .





"ကဲ ညီလေးတို့ . . ကိုယ်တို့ ဟိုဘက်ပြောင်းရအောင်၊ သွားကြစို့"

"ဖူးပွင့်ဝေတို့ကို မစောင့်တော့ဘူးလား"

"အဲဒီနေရာကို သူတို့နဲ့ ပါသွားတဲ့ အစ်ကို့တပည့် သိတယ်၊ လိုက်လာလိမ့်မယ်"

ထို့နောက် နောက်ရိုက်ကွင်းတစ်နေရာသို့ သူတို့ပြောင်းကြသည်။ ဓာတ်ပုံရိုက်တာလည်း ဗီဒီယိုရိုက်သလိုပဲ မီးတွေ၊ မှန်တွေ သုံးရတယ်ဆိုတာ အခုမှ သူတို့ သိသွား၏။

နောက်ရိုက်ကွင်းသို့ ရောက်ပြီးနောက် ဖူးပွင့်ဝေတို့ ရောက်လာကြသည်။

ကားပေါ်က ဆင်းလာသော ဖူးပွင့်ဝေကိုကြည့်ကာ အားလုံး ပါးစပ်အဟောင်းသားလေးတွေ ဖြစ်ကုန်ကြ၏။

ဖူးပွင့်ဝေက အဖြူရောင်ဝမ်းဆက် မြန်မာဆန်ဆန် အင်္ကျီလေးနှင့်ဖြစ်၏။ မျက်နှာမှာလည်း မိတ်ကပ်ပါးပါးလေးသာ ဖို့ထားပြီး သနပ်ခါးပါးကွက်ကြားလေး လိမ်းခြယ်ကာထားသည်။

ဒါပဲ၊ ဘာစတန့်ထွင်ထားတာမှ မပါ။

သို့သော် ဖူးပွင့်ဝေသည် ရိုးရိုးရှင်းရှင်းလေးနဲ့ ထင်းထင်းလင်းလင်း လှကာနေ၏။ သူမ အသားအရေလေးသည် ဒီနေ့မှ ပို၍ ဝင်းအိနေသလို ထင်ရ၏။

ခိုင်ဇော် ဖူးပွင့်ဝေအလှကို ကြည့်၍ သက်မ တစ်ချက် ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

အင်း ဒါကြောင့်လည်း ဝေထွဋ်က ဖူးပွင့်ဝေကို ရွေးချယ်လိုက်တာဖြစ်လိမ့်မည်ဟု စိတ်ထဲမှာ တွေးလိုက်မိ၏။

ထိုနေ့က ထိုဝတ်စုံလေးနှင့် စံပယ်ပန်းကုံးလေးတွေကို ကိုင်ထားရင်း ပုံစံအမျိုးမျိုးနှင့် ဓာတ်ပုံတော်တော်များများ ရိုက်ယူသည်။ ဝေထွဋ်ကလည်း သူ လိုချင်သော ပုံကို မကြိုက်မချင်း ရိုက်ယူ၏။ ဖူးပွင့်ဝေကလည်း အတတ်နိုင်ဆုံး ကြိုးစားကာ သရုပ်ဆောင်ပေးသည်။

နောက်ဆုံးတော့ အောင်မြင်သွားသည်ဟုဆိုရမည်။

ဝေထွဋ်က သူရိုက်ခဲ့တဲ့ ပုံတွေကို ပြန်ကြည့်၍ ကျေနပ်အားရသွားကာ ...

"ရပြီ .. ဒါဆို ဖြစ်ပြီ"

ဟုဆို၍ ညနေစောင်းမှ ရိုက်ကွင်းသိမ်းလိုက်တော့သည်။

ထို့နောက် သူတို့ကို ကားနဲ့ လိုက်ပို့ပေးသည်။ မီးပွိုင့်အကျော်လောက်မှာပဲ သူတို့ ဆင်းလိုက်၏။ အိမ်အထိ လိုက်ပို့ပေးမယ်ဆိုသော်လည်း သူတို့က လက်မခံ၍ ထိုနေရာတွင်ပင် ချပြီး ပြန်သွားလေ၏။

ဝေထွဋ်က ပြန်ကာနီး ဖူးပွင့်ဝေလက်ထဲသို့ စာအိတ် တစ်အိတ် ထည့်ပေးတာ ခတွေ့လိုက်ရသည်။

ပါးစပ်ကလည်း ...

"ညီမလေးအတွက် သရုပ်ဆောင်ကြေးပါ" ဟု ပြောသွားလေ





သည်။ စာအိတ်အနေအထားကို ကြည့်ခြင်းအားဖြင့် ငွေတော်တော်များမည်ဆိုတာကို ခန့်မှန်းမိ၏။

ဝေထွဋ် ထွက်သွားတော့ ဖူးပွင့်ဝေက ...

"မနက်ဖြန် အစ်ကိုတို့ အိမ်ပြန် ထမင်းမစားနဲ့တော့နော်၊ ညီမ ဆိုင်တစ်ဆိုင်မှာ လိုက်ကျွေးမယ် သိလား"

ထင်ကျော်က လက်မထောင်ပြ၏။ ခိုင်ဇော်ကတော့ မချိုပြုံးနှင့် ခေါင်းညိတ်ပြသည်။

ထို့နောက် သူတို့ လမ်းခွဲ၍ ထွက်လာခဲ့ပါတော့သည်။

ခိုင်ဇော့်စိတ်ထဲမှာ ဘယ်လိုဖြစ်နေမှန်း မသိအောင် ခိုးလိုးခုလုကြီး ဖြစ်နေလေသည်။ ရင်ထဲမှာလည်း ဘာကိုမှန်းမသိ မကျေမနပ်နဲ့ ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



“မကျေနပ်ဘူးကွာ . . မကျေနပ်ဘူး”

“မင်းက ဘာကို မကျေနပ်နေတာလဲ”

“ဘာကိုမှ မကျေနပ်ဘူး၊ ငါ့ဘဝ ငါလည်း မကျေနပ်ဘူး၊ ကံကြမ္မာကိုလည်း မကျေနပ်ဘူး”

“မင်းပဲ အရင်တုန်းက ကိုယ့်ဘဝကိုယ် ကျေနပ်တယ်ဆို”

“တစ်ခါမှ မပြောဖူးဘူး”

ခိုင်ဇော်က မျက်ထောင့်နီကြီးနဲ့ အော်သည်။ ထင်ကျော်က ပြုံးစိစိလုပ်၍ . . .

“မင်းပဲ ဟိုတစ်ခါ ပြောတာလေ၊ လူဆိုတာ ကိုယ့်ဘဝကိုယ် ရောင့်ရဲတင်းတိမ်တတ်ရတယ်ဆို”



“ရောင့်ရဲတာနဲ့ ကျေနပ်တာနဲ့ ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့ကွာ . . ရောင့်ရဲမှတော့ ကျေနပ်လို့ ရောင့်ရဲတာပေါ့”

“အေး အရင်တုန်းက ရောင့်ရဲနိုင်ပေမယ့် အခု မရောင့်ရဲနိုင်တော့ဘူးကွာ”

“ငါကတော့ ရောင့်ရဲတယ်၊ ပိုတောင် ရောင့်ရဲလာသလိုပဲ”

“သေလိုက်”

“တစ်နေ့နေ့တော့ သေမှာပါပဲ၊ ဒါပေမယ့် အခုတော့ မသေနိုင်သေးဘူး၊ ရည်းစားလေး ဘာလေးထား . . မိန်းမလေး ယူသွားလိုက်ဦးမယ်”

ခိုင်ဇော်က မဲ့လိုက်သည်။ ထင်ကျော်က . . .

“နေပါဦး မင်းက ဒီနေ့မှ ဘာဖြစ်နေတာလဲ၊ မကျေနပ်ဘူးချည်း ထိုင်အော်နေတယ်”

ခိုင်ဇော်က ဂျာနယ်ပုံကို လက်နဲ့ ဘုန်းခနဲ တစ်ချက် ရိုက်လိုက်ကာ သက်ပြင်းကို ချလိုက်သည်။ ထို့နောက် မျက်နှာအိုနှင့် . .

“ငါ ညက တစ်ညလုံး အိပ်မရဘူးကွာ”

“ကြွမ်းပိုး ကိုက်လို့လား”

“မနောက်ပါနဲ့ ထင်ကျော်ရာ၊ ငါ တကယ်ခံစားနေရတာပါ။ ငါ သူ့အကြောင်း တစ်ညလုံး တွေးပြီး အိပ်မရဘူးဖြစ်နေတယ်၊ သူ ငါ့ကို ခွဲသွားမှာစိုးတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"မင်း သိရဲ့သားနဲ့ အပိုတွေ မေးမနေပါနဲ့ကွာ"

"ဖူးပွင့်ဝေလား"

"ငါ့ဘဝမှာ သူ့အပြင် ဘယ်သူရှိဦးမှာလဲကွာ"

"နေပါဦး၊ ဖူးပွင့်ဝေက မင်းကို ခွဲသွားမှာစိုးတယ်ဆိုတော့ သူက ဘယ်သွားမှာမို့လို့လဲ"

"ငါပြောတာကို မင်းနားမလည်တာလား၊ နားမလည်ချင် ယောင် ဆောင်နေတာလား"

"ငါ မင်းဖြစ်နေတာကို နားလည်း လည်တယ်၊ ဒါပေမယ့် နားလည်း မလည်ဘူး၊ ရှင်းရှင်းပြောစမ်းပါ၊ မင်း ကောင်မလေးကို ချစ်နေတယ်မလား"

"အင်း"

"ဒါဆို ဖွင့်ပြောလိုက်ပေါ့၊ ဘာခက်လို့လဲ"

"အဲ့ဒါကျတော့လည်း ငါ့ဘဝနဲ့ မဖြစ်နိုင်ပါဘူးကွာ"

"ဟင် ဘာလို့ မင်းဘဝနဲ့ မဖြစ်ရမှာလဲ၊ သူနဲ့ ငါတို့ဘဝတွေက အတူတူပဲဟာ"

"သူက အခုဆို ဓာတ်ပုံပြိုင်ပွဲတွေ ဘာတွေ ဝင်နေရပြီကွ၊ ငါတို့လို လမ်းဘေးအဆင့် မဟုတ်တော့ဘူး၊ ပြီးတော့ ဓာတ်ပုံဆရာ ဝေထွန်းဆိုတဲ့ လူရဲ့ အကြည့်ကိုလည်း ငါ မကြိုက်ဘူး၊ ဖူးပွင့်ဝေကို ကြည့်တာများ တစူးတစိုက်နဲ့"

ဝိုး မိုး ၁၁၆၅



"ဒါကတော့ မင်းဘာသာမင်း ထင်နေတာပါကွာ၊ ဓာတ်ပုံဆရာဆိုတော့လည်း ကိုယ်ရိုက်ရမယ့်လူ့ရဲ့ မျက်နှာကို သေသေချာချာ ကြည့်တာ ဆန်းလားကွ၊ ပြီးတော့ ဖူးပွင့်ဝေကလည်း အခုလောလောဆယ် ရုတ်တရက်ကြီး နာမည်ကြီးသွားတာမှ မဟုတ်သေးတာ၊ သူ့ရဲ့ကံဇာတာနဲ့လည်း ဆိုင်ပါသေးတယ်ကွာ၊ မင်း ဟိုတစ်ခါ ပြောသလို ကျောက်သွားတူးသလိုပေါ့ . . အောင်ချင်လည်း အောင်မယ်၊ မအောင်ချင်လည်း မအောင်ဘူးပေါ့ကွာ"

ခိုင်ဇော်က သက်မကို လေးလေးပင်ပင်ကြီး ချသည်။ ပြီးတော့ ခေါင်းကိုခါသည်။ ထို့နောက် . . .

"ငါသာ ရုတ်တရက် ထီပေါက်ပြီး ချမ်းသာသွားရင် ဖူးပွင့်ဝေကို သွားတောင်းမှာ သေချာတယ်"

"မင်း အဲ့ဒီလိုဆို ဖူးပွင့်ဝေကပဲ ငွေမက်သလိုလို ဖြစ်နေပြီ၊ ဟုတ်သေးပါဘူးကွာ၊ မင်းအတွေးက ချော်လိုက်တာ . . မင်းဘဝက ထီပေါက်မှ မိန်းမ ယူရမလိုဖြစ်နေပြီ၊ အခုလည်း ဖူးပွင့်ဝေနဲ့ မင်းနဲ့က ဘာတွေများ ကွာခြားနေလို့ စိတ်အားငယ်နေရတာလဲ . . သူက ဓာတ်ပုံလေး တစ်ခါ ရိုက်ဖူးတာပဲ ရှိတာ၊ အဲ . . ဒါဆို ဒီလိုလုပ်ပါလား . . မင်းလည်း မင်းပုံကြီးကို ဓာတ်ပုံရိုက်ပြီး ပြိုင်ပွဲသွားဝင်ပါလား၊ ဒါဆို ဖူးပွင့်ဝေနဲ့ မင်းနဲ့ ညီသွားပြီ"

"ဟေ့ကောင် စကားအကောင်းပြော၊ ဖောက်မလာနဲ့"

"မင်းပဲ ဖူးပွင့်ဝေကို ချစ်တယ်ဆို"

ဝိုး မိုး ၁၁၆၅

www.burmeseclassic.com

www.burmeseclassic.com



"အေး ချစ်တယ် . . ချစ်တယ် . . ချစ်တယ်၊ ဘာဖြစ်လဲ"

"တိုးတိုးပြော . . တော်ကြာ ဖူးပွင့်ဝေ ရောက်လာလို့ ကြားသွားဦးမယ်"

"ကြားကြားကွာ"

"ဩော် သတ္တိတွေ တော်တော်ကောင်းနေတယ်ပေါ့"

"အေး ဟုတ်တယ် ဘာဖြစ်လဲ"

ထိုအချိန်မှာ ထင်ကျော့်မျက်နှာက အံ့ဩဟန် တစ်ချက်ဖြစ်သွားပြီး ခိုင်ဇော့်အနောက်ဘက်ကို လှမ်းကြည့်လိုက်ကာ . . .

"ဟာ ဖူးပွင့်ဝေ ဘယ်တုန်းက ရောက်လဲ"

ခိုင်ဇော် တုန်ခနဲ တစ်ချက်ဖြစ်သွားကာ ချာခနဲ လှည့်ကြည့်လိုက်၏။ သို့သော် သူ့နောက်ကျောတွင် ဘယ်သူမှ မရှိပေ။ ထင်ကျော်သူ့ကို လုပ်လိုက်ပြီဆိုတာသိ၍ ပြန်လှည့်ကြည့်လိုက်တော့ ထင်ကျော် မရှိတော့။

ဂျာနယ်တစ်ထပ်ကို ဆွဲ၍ အဝေးကို ထွက်ပြေးသွားတာ တွေ့လိုက်ရသည်။ ခိုင်ဇော် စိတ်တိုတိုနှင့် တစ်ချက် ဆဲပစ်လိုက်၏။

". . . . ."

ထို့နောက် ဝေထွင့်မျက်နှာကြီးကိုလည်း ထိုကဲ့သို့ပင် ရည်စူးပြီး ပစ်ပစ်နှစ်နှစ် ဆဲပစ်လိုက်ပါတော့၏။

* * *



# အခန်း (၃)

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေသည် တရွေ့ရွေ့ ကုန်ဆုံးကာလာပါသည်။ နာရီစက္ကန့်တံလေး တစ်ချပ်ချပ် ရွေ့လျားနေသည်နှင့်အမျှ ရက်တွေ လတွေ ကူးပြောင်းလာ၏။ သူတို့ ဂျာနယ်ရောင်းသော ဘဝလေးတွေလည်း နာရီလက်တံလေးတွေကို ခိုစီးရင်း ရက်တွေလတွေကို ကျော်ဖြတ်ကာ ထူးမခြားနားသော ဘဝလေးတွေထဲမှာပဲ နေ့စဉ် ကျင်လည်နေရ၏။ ဖူးပွင့်ဝေသည် တစ်နေ့တခြား ပိုမိုလှပလာတာက လွဲရင်ပေါ့ . . .။

ဖူးပွင့်ဝေက ဓာတ်ပုံရိုက်ပြီးကတည်းက အလှအပကို အရင်ကထက် ပိုမိုမက်မောလာသည်ဟု သူတို့ ထင်မိ၏။ ဝေထွန်း ဝယ်ပေးသော နာမည်ကျော် အလှကုန်ပစ္စည်းများကြားတွင် ဖူးပွင့်ဝေ၏



အလှသည် ထွန်းလင်းစနေမင်းလို တဖြည်းဖြည်း အရောင်တောက်ကာလာ၏။ အရင်က အရုဏ်ဦး နေရောင်ခြည်လေးလို သနပ်ခါးပါးကွက်ကြားလေးနဲ့ အေးမြနေသော သူမအလှက အခုဆို အရုဏ်ကျော် နေရောင်ခြည်လို တဖြည်းဖြည်း စူးရှကာလာ၏။

အခုနောက်ပိုင်း ဖူးပွင့်ဝေ စံပယ်ပန်း သိပ်ရောင်းတာတောင် မတွေ့တော့။ ဝေထွန်း ချိတ်ဆက်ပေးသည်ဆိုသော VCD ဒါရိုက်တာ တစ်ယောက်နဲ့တွေ့ပြီး သီချင်းခွေတွေမှာ တစ်ပုဒ်စ နှစ်ပုဒ်စ ဝင်ရောက်သရုပ်ဆောင်နေပြီဟု ကြားရသည်။ သုံးလလောက်နေတော့ ဝေထွန်း ဝင်ရောက်ယှဉ်ပြိုင်သည့် ဓာတ်ပုံပြိုင်ပွဲမှာ သူမပုံက ဒုတိယ ရသည်။ ဤသို့ဖြင့် သူမ စံပယ်ပန်းရောင်းတဲ့ အလုပ်ကို စွန့်လွှတ်လိုက်သည်။

သူမအိမ်လေးရှေ့မှာ အိမ်ဆိုင်လေး တစ်ဆိုင် နေ့ချင်း ညချင်း ပေါ်လာ၏။ ယခင် ဓနိမိုး၊ ထရံကာ နေအိမ်အစား သွပ်မိုး၊ ပျဉ်ကာ အိမ်လေးတစ်လုံးဖြစ်လာသည်။ သူမလည်း အစရှိ အနောင်နောင်ဆိုသည့်စကားအတိုင်း အနုပညာနယ်ပယ်ထဲသို့ တစ်စတစ်စ ဝင်ရောက်သွားလေတော့၏။ လအနည်းငယ်အကြာ သူမ သရုပ်ဆောင်ထားသော သီချင်းခွေတွေ ထွက်လာသည်။ သူမ တစ်ခန်းစ နှစ်ခန်းစ ဝင်ရောက်ရိုက်ကူးထားသော ဗီဒီယိုကားတွေ ထွက်လာသည်။ နောက်ပိုင်း ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ မျက်နှာဖုံး သရုပ်ဆောင်အဖြစ် မကြာခဏ ဖော်ပြခြင်း ခံလာရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ဇော်နဲ့ ထင်ကျော်ကတော့ ယခင်ကအတိုင်းပင်ဖြစ်သည်။ လမ်းဘေးမှာ ဂျာနယ်ရောင်းရင်းနှင့် အားတဲ့အချိန်မှာ သူမအကြောင်းကို ပြောဖြစ်ကြ၏။ ဟိုအရင်တွေတုန်းက တစ်ပတ်တစ်ခါလောက် သူတို့ဆီ လာသော်လည်း အခုနောက်ပိုင်းတွေမှာ မလာဖြစ်တော့။ သူမနဲ့ လုံးဝမတွေ့တာတောင် နှစ်လလောက်ရှိပြီဟု ထင်ကျော်က ဆို၏။

ခိုင်ဇော်က . . .

"သူက ငါတို့လိုမှ မဟုတ်တော့တာကွာ၊ ပိတ်ကားပေါ်ရောက်သွားတဲ့ ရွှေမင်းသမီးလေး ဖြစ်နေပြီပဲ"

"မင်းပြောသလိုလည်း မဟုတ်သေးပါဘူးကွာ၊ အခုမှ ကြိုးစားနေတုန်းပါ"

"ဘာပဲဖြစ်ဖြစ် ငါတို့လို လူတွေထက်စာရင်တော့ အစစအရာရာ အဆင်ပြေနေပြီပေါ့ကွာ"

ထင်ကျော်က တွေးတွေးစစလုပ်ရင်း ခေါင်းညိတ်ပြ၏။

"ဒါတော့ ဟုတ်တယ်ကွ၊ စံပယ်ပန်း ရောင်းတဲ့ဘဝထက်စာရင်တော့ အများကြီး သာသွားတာပေါ့၊ အင်း . . ငါတို့ကိုလည်း ဘယ်သူများ ဓာတ်ပုံတွေ ဘာတွေ ရိုက်ပြီး ပြိုင်ပွဲတွေ ဘာတွေဝင် . . VCD မင်းသားတွေ ဘာတွေ လုပ်ခိုင်းပါ့မလဲ မသိဘူးနော်"

ထင်ကျော့်စကားကြောင့် ခိုင်ဇော်က ရယ်သည်။ ထို့နောက်

"ငါတို့ရုပ်တွေကို ဘယ်သူက အချိန်ကုန် ငွေကုန်ခံပြီး လာ



လုပ်ပေးပါ့မလဲကွာ . . ဖူးပွင့်ဝေက ချောလို့ စင်တော်က ကောက်သွားတာပေါ့ကွ"

"အဲ့ဒါတော့ ဟုတ်တယ်ကွ၊ ဒီကောင်မလေးရုပ်က စံပယ်ပန်းသာ ရောင်းနေရပေမယ့် မွေးထူး ရခြားရုပ်ကွ၊ တသွေးတမွေးလေး"

ခိုင်ဇော်က ဘာမှမပြောဘဲ ဂျာနယ်အဟောင်းတစ်စောင်မှ ဖြဲ၍ သိမ်းထားသော မျက်နှာဖုံးပုံလေးကို ကြည့်နေလိုက်သည်။ ထိုမျက်နှာဖုံးပုံလေးထဲတွင် ခေတ်ဆန်ဆန်လှပချောမောနေသော ဖူးပွင့်ဝေကို တွေ့ရ၏။ ဓာတ်ပုံလေးအောက်မှာ နာမည်ထိုးကာထား၏။ မော်ဒယ် 'မေလွန်းပျို' ဟု . . .။

ဖူးပွင့်ဝေနာမည်က ဖူးပွင့်ဝေ မဟုတ်တော့။ သရုပ်ဆောင်နာမည်ကို 'မေလွန်းပျို' ဟု ပေးလိုက်သည်။ ယခုအချိန်မှာ သူမက ဘယ်သူမှ မီးပွိုင့်မှာ စံပယ်ပန်း ရောင်းခဲ့သည့် ကောင်မလေး ဖူးပွင့်ဝေဟု သိကြတော့မည်မဟုတ်။ သူမက တစ်ချိန်မှာ မော်ဒယ်သရုပ်ဆောင် 'မေလွန်းပျို' ဖြစ်နေလေပြီ။ သူမ၏ ပတ်ဝန်းကျင်သည် သူတို့လို ဂျာနယ်လက်ပွေ့ရောင်းတဲ့ ကောင်လေးတွေပဲရှိသည့် ပတ်ဝန်းကျင် မဟုတ်တော့။ မီးတွေ၊ မှန်တွေ၊ ကင်မရာတွေ ဝိုင်းရံထားသော ပတ်ဝန်းကျင်ဖြစ်သွားပြီ . . .။

"ခိုင်ဇော်"

ပြန်မထူးဘဲ လှည့်ကြည့်လိုက်သည်။ ထင်ကျော်က သက်ပြင်းတစ်ချက်ချ၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့ကို လွမ်းနေတာလား"

ခိုင်ဇော်က ခေါင်းညိတ်ပြသည်။

"လွမ်းရင် အိမ်သွားလည်ပေါ့ကွာ၊ သူ့အိမ် မင်းသိနေတာပဲ"

"မသွားချင်ပါဘူးကွာ၊ ငါ သူ့ကို တွေ့ရင် ခံစားချက်တွေ ပိုဆိုးလာလိမ့်မယ် .. အခုတောင် ..."

ခိုင်ဇော်က ထိုနေရာမှာတင် စကားကို ခဏဖြတ်ကာ ဂျာနယ်စာရွက်လေးကို ခေါက်လိုက်၏။ ထို့နောက် ခါးကြားမှာ ထိုးထားသော ပိုက်ဆံအိတ်အဟောင်းလေးထဲ ထည့်လိုက်သည်။

"မင်း အဲ့ဒီလိုဖြစ်နေမယ်ဆိုရင် ပိုဆိုးလာမှာပေါ့ကွ၊ သူ့ကို သွားတွေ့လိုက်လို့ မျက်နှာလေး မြင်လိုက်ရရင် ပိုသက်သာမလားလို့"

"အခုလည်း သူ့ပုံလေး တွေ့နေရတာပဲကွာ .. ရပါတယ်"

"မင်း မလိမ်ပါနဲ့ကွာ၊ မရပါဘူး ငါသိပါတယ် .. မင်း အခုတလော အလုပ်မှာလည်း စိတ်မဝင်စားတော့ဘူး၊ မနက် ဂျာနယ်ယူတာတောင် ငါသွားယူပေးနေလို့ အဆင်ပြေနေတာပါ။ မင်းဘာသာမင်းသာ သွားယူပြီး ရောင်းရမယ်ဆို ငါတို့ ထမင်းငတ်တာ ကြာပြီ၊ ဒီမှာ .. ခိုင်ဇော် ငါတို့ဘဝတွေက စိတ်ကူးနဲ့ လွမ်းနေရလောက်အောင် အချိန်တွေ ပိုနေတဲ့ဘဝတွေ မဟုတ်ဘူးဆိုတာ မင်းသိပါတယ်"

"ငါသိပါတယ်ကွာ"

"သိရင် ဘာဖြစ်လို့ အခုလို လေလွင့်နေရတာလဲကွာ၊ ငါသာ မင်းနေရာဆို နှစ်ခုထဲက တစ်ခု လုပ်လိုက်ပြီ"

မိုး : မိုး : ၈၁၇၆ ပ



ခိုင်ဇော်က မျက်ခုံးပင့်၍ ကြည့်သည်။ ထင်ကျော်က ခိုင်ဇော့်ကို အကဲခတ်သလို တစ်ချက်ကြည့်၍ စကားကိုဆက်၏။

"တစ်ခုက သူ့ကို ခေါင်းထဲက လုံးဝထုတ်ပစ်လိုက်ဖို့၊ နောက်တစ်ခုကတော့ သူ့ဆီကို သွားပြီး ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်ဖို့ပဲ၊ အဲ့ဒါမှ အဖြေ အမည်း သဲကွဲအောင် သိမှာလေ .. သူ ပြန်ချစ်ရင် ချစ်မယ် .. မချစ်ရင်လည်း မတတ်နိုင်ဘူးပေါ့ကွာ"

"ဒါဆို ငါက ..."

"အဲ့ဒီနည်းလမ်း နှစ်ခုတည်းက တစ်ခုကိုရွေး"

"ပထမနည်းလမ်းကတော့ မဖြစ်နိုင်ဘူးကွာ .. ငါ သူ့ကို လုံးဝ မေ့လို့မရဘူး"

"ဒါဆို ဒုတိယနည်းလမ်း သုံးပေါ့ကွ"

"ငါ ကြောက်တယ်ကွ"

"ကြောက်ရင် ပထမနည်းလမ်းသုံးလေ"

"အဲ့ဒါ မဖြစ်ပါဘူးဆို"

"ဟင် မင်းဟာက ဘာလဲဟ .. ဒါဆို မင်း ဒီလိုပဲ တအုံတနွေးနွေးနဲ့ နေတော့မှာလား၊ ရှုံးမနေနဲ့ ဟော့ကောင် .. စိတ်ကူးယဉ်ဖို့ အချိန်မရဘူး"

ခိုင်ဇော် သက်ပြင်းရှည်ကြီး ချသည်။ ထို့နောက် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ကာ ထရပ်လိုက်၏။

ထင်ကျော်က ကြည့်၍ ...

မိုး : မိုး : ၀၁၂၆ ပ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ"

"အခုပဲ သွားပြောမယ်ကွာ"

"ဟာ မင်းကလည်း ဖြစ်လိုက်တော့လည်း ချက်ချင်းပါလား"

"စိတ်ကူးယဉ်ဖို့ အချိန်မရှိဘူးကွ"

"ဒီအချိန်သွားလည်း သူ အိမ်မှာရှိမှာမှ မဟုတ်တာ၊ မနက်ဖြန်ညနေမှ သွားပါကွာ . . နော်"

ခိုင်ဇော် ပြန်ထိုင်လိုက်သည်။ ထင်ကျော်ပြောတာ မှန်သည်။ ဖူးပွင့်ဝေ နေ့ခင်းဘက်တွေမှာ ရိုက်ကွင်းရောက်နေတတ်သည်ဟု ကြားဖူးထား၏။

ထို့ကြောင့် မနက်ဖြန်ညနေမှပဲ သွားတော့မည်။

* * *



ဒီနေ့ တစ်နေ့လုံး ခိုင်ဇော် တက်ကြွနေသည်။ မနက်မိုးလင်းကတည်းက သီချင်းလေး တအေးအေးနဲ့ ဖြစ်နေ၏။ သူ့ပုံစံကြည့်လိုက်ကတည်းက တစ်စုံတစ်ခုအတွက် ပျော်ရွှင်နေသည်ဆိုတာ သိသာသည်။ ရင်ထဲမှာ ခါတိုင်းနေ့တွေလို တအုံတနွေးနွေးနှင့် တင်းကျပ်မနေဘဲ ပေါ့ပါးလန်းဆန်းကာနေ၏။

ထင်ကျော်က ခိုင်ဇော့်ကို ကြည့်၍ . .

"အဲ့လိုနေစမ်းပါ ခိုင်ဇော်ရာ . . မင်းအတွက် ဖွင့်ပြောမယ်လို့ စိတ်ကူးလိုက်တာတောင် ရင်ထဲမှာ ဒီလောက်ပေါ့သွားရင် ဖွင့်ပြောပြီးလိုက်တဲ့အခါ ပိုပြီး လန်းဆန်းသွားမှာ သေချာပဲ"

ခိုင်ဇော်က ပြုံးပြုံး ပြုံးပြုံးနှင့် ခေါင်းတညိတ်ညိတ် လုပ်

www.burmeseclassic.com

www.burmeseclassic.com



နေရင်းမှ . . .

"မင်းပြောတာ ဟုတ်တယ်ကွ၊ ငါ့ရင်ထဲမှာ အခု တော်တော် ပေါ့နေတယ်၊ ပျော်လည်း ပျော်နေသလိုပဲ . . ဒါပေမယ့် တစ်ခုတော့ ရှိတယ်ကွ၊ သူ ငါ့ကို ဘယ်လိုတုံ့ပြန်မလဲ မသိဘူးနော်"

"ဒါက သူ့အပိုင်းလေ . . မင်းအပိုင်းက ဖွင့်ပြောဖို့ . . ဖွင့်ပြောပြီးရင် မင်းကိစ္စပြီးပြီ . . ကျန်တာ သူ့ကိစ္စ"

"အေးကွာ . . သူ ငါ့ကို တစ်ခါတည်း ချစ်တယ်လို့ ပြောလိုက်ရင် သိပ်ကောင်းမှာပဲ"

"ဒါကတော့ မင်းက လောဘကြီးသွားပြီ၊ မိန်းကလေးပဲ စဉ်းစားဦးမှာပေါ့ကွ၊ အရင် သူ ရောင်းတဲ့စံပယ်ပန်းလို ပိုက်ဆံပေး ဝယ်လို့ရတဲ့ အမျိုးမှ မဟုတ်တာ"

ခိုင်ဇော်က ရယ်လိုက်၏။

ထို့နောက် ညနေစောင်းလာတော့ ထုံးစံအတိုင်း လက်ကျန်ဂျာနယ်တွေကို ထုတ်ကာ ဆိုင်ကို သိမ်းသည်။ ထင်ကျော်က စိတ်လောနေသော ခိုင်ဇော်ကို ကြည့်၍ . . .

"မင်းက ဘယ်လိုဖြစ်လို့ သိမ်းနေတာလဲ . . ရောင်းလို့ရပါသေးတယ်ကွ၊ အစောကြီးရှိပါသေးတယ်"

"သွားမယ့်လာမယ့် အချိန်ကိုလည်း ကြည့်ဦးလေကွာ၊ မစောတော့ဘူး"

"လောတော့လည်း မင်းအပြင် အပိုမရှိတော့ပါလား"





ဟု ထင်ကျော်က ရေရွတ်လိုက်လေသည်။

ထို့နောက် စားပွဲခုံနှင့် ခုံနှစ်လုံးကို ခြံထဲမှာ သွားထားပြီးနောက် အပြင်သို့ ထွက်လာကြ၏။

ခိုင်ဇော်က ထင်ကျော့်ကိုကြည့်ပြီး . . .

"ငါတို့ လက်ချည်းသက်သက် သွားလို့ ကောင်းပါ့မလား၊ တစ်ခုခု ဝယ်သွားရင်ကောင်းမယ်" ဟု ဆိုသည်။

"ဘာလို့လဲ"

"မသိဘူးလေ၊ ဒီအတိုင်းသွားလို့ ကောင်းပါ့မလားလို့၊ ဖူးပွင့်က လိမ္မော်သီး ကြိုက်တယ်ကွ၊ ဒီနားက ဆိုင်မှာ လိမ္မော်သီးလေး ဝယ်သွားရင်ကောင်းမယ်"

"ဟော့ကောင် လူနာသတင်းသွားမေးတာမှ မဟုတ်တာ၊ ရည်းစားစကား ပြောဖို့ သွားတာ၊ အစားအသောက်တွေ ဝယ်သွားစရာလားကွ"

ခိုင်ဇော်က ထိုတော့မှ 'အေး ဟုတ်သားပဲ' ဟု ပြော၏။

ထင်ကျော်က ခိုင်ဇော့်စကားအဆုံးမှာ . . .

"တစ်ခုတော့ ရှိတယ်၊ သူ့အမေ စားဖို့ ဝယ်ချင် ဝယ်သွားလိုက်ပေါ့၊ သူ့အမေက လေဖြတ်ပြီး အိပ်ယာထဲ လဲနေတယ်ဆိုတော့ လူမမာသဘောမျိုးဖြစ်နေတာပဲ၊ လိမ္မော်သီးကို သူ့အမေအတွက် ဝယ်သွားလိုက် . . သူလည်း စားချင် စားမှာပေါ့"

ခိုင်ဇော်နဲ့ ထင်ကျော် မီးပွိုင့်ဟိုဘက်မှာ ရောင်းသည့်ဈေး



www.burmeseclassic.com

www.burmeseclassic.com



ထိပ်က လိမ္မော်သီးဆိုင်သို့ ထွက်လာလိုက်သည်။ ထို့နောက် အလုံးကြီးကြီးနှင့် မျက်နှာပန်းလှလှ လိမ္မော်သီး ဆယ်လုံးလောက် ဝယ်ပြီး ကျွတ်ကျွတ်အိတ်နဲ့ ထုတ်လာလိုက်သည်။

ဖူးပွင့်ဝေတို့ အိမ်သို့ အသွားတွင် ခိုင်ဇော်က မနက်ကတည်းက အဆင်သင့်ထည့်လာသော လက်ကိုင်ပုဝါလေးနဲ့ မျက်နှာကို တစ်ချက် သုတ်လိုက်ပြီး . . .

"ထင်ကျော် . . ငါ့မျက်နှာ အဆင်ပြေပါ့မလား"

ထင်ကျော်က ကြောင်တောင်တောင်နဲ့ လှည့်ကြည့်၍ . .

"မင်းမျက်နှာက ဘာဖြစ်နေလို့လဲ"

"သိဘူးလေ အဆင်ပြေပါ့မလားလို့၊ အဆီတွေ ဘာတွေများ ပျံနေသလားလို့"

ထင်ကျော်က ခိုင်ဇော့်အမူအရာကို ကြည့်ကာ ဟားတိုက် ရယ်သည်။

ပြီးတော့ . . .

"ခိုင်ဇော်ရာ မင်းမျက်နှာက မနေ့ကလည်း ဒီအတိုင်းပါပဲ၊ ဒီနေ့လည်း ဒီအတိုင်းပါပဲကွာ . . မင်း စိတ်အေးအေးထားစမ်းပါ။ စိတ်တွေ သိပ်လှုပ်ရှားပြီး တွေးချင်ရာတွေ လျှောက်တွေးမနေပါနဲ့"

ခိုင်ဇော် ရှက်သွားသည်။ ထို့နောက် လက်ကိုင်ပဝါလေးကို ခေါက်၍ အိတ်ကပ်ထဲ ပြန်ထည့်လိုက်၏။ ဖူးပွင့်ဝေတို့ အိမ်ကို သွားရာ လမ်းတစ်လျှောက် သူ့ရင်ခုန်သံသည် ဒီဇယ်ရထား ဆယ်စင်းလောက်

ဦး : မို : ၁၁၆ ပ



ခုတ်မောင်းနေသလို ဆူညံနေသည်။

"ဟေ့ကောင် . . ငါ ဖူးပွင့်နဲ့ စကားပြောနေတဲ့အချိန် မင်း ငါနဲ့အတူ ရှိပေးနော်"

"ဟာ အဲ့ဒါတော့ ဘယ်ဖြစ်မလဲကွ၊ ရည်းစားစကားကို လူရှေ့သူရှေ့မှာ ပြောရတယ်လို့ မင်းကို ဘယ်ပညာရှိက ဟောထားလဲ၊ ငါ့ရှေ့မှာ မင်းက သူ့ကိုပြောတော့ သူ ရှက်သွားမှာပေါ့"

"ငါ . . ငါတယ်ယောက်တည်း ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲကွာ၊ စိတ်တင်းထားစမ်းပါ . . ပြောဖြစ်အောင်သာ ပြောလိုက် . . ပြောပြီး ပြီးသွားတာပဲ"

ဤသို့ဖြင့် ဖူးပွင့်ဝေတို့ အိမ်နား နီးလာသည်။ အိမ်ကို လှမ်းမြင်နေရသော အခြေအနေသို့ ရောက်လာ၏။ ခိုင်ဇော် ရင်သည် ဒိန်းတလိန်းနှတ် ဆယ်ပါး ဝင်ပူးသလို တုန်ခါကာလာ၏။

အိမ်ရှေ့ရောက်တော့ လှမ်းကြည့်လိုက်စဉ် နှစ်ယောက်စလုံး မျက်မှောင်ကျုံ့ကာ သွား၏။

အိမ်တံခါး သော့ပိတ်ထားသောကြောင့် သူတို့နှစ်ယောက်လုံး ပတ်ဝန်းကျင်ကို တစ်ချက် လှေ့လာလိုက်သည်။

"အိမ်များ မှားသလား မသိဘူး"

"မဖြစ်နိုင်ဘူးကွ . . ဒီအပင်ကြီးကို ငါမှတ်မိတယ်၊ ဒါ သူတို့အိမ်ပဲ၊ ဟိုမှာတွေ့လား ဆိုင်လေးလည်း ရှိတယ်"

"ဒါဆို ဘာလို့ ပိတ်ထားတာလဲ"

ဦး : မို : ၁၁၆ ပ

www.burmeseclassic.com

www.burmeseclassic.com



"အပြင်များ သွားသလား မသိဘူး"

"သူ့အမေက လေဖြတ်နေတာကွ၊ အပြင်သွားတယ်ဆိုလည်း အိမ်မှာတော့ တစ်ယောက်ယောက် ကျန်ခဲ့မှာပေါ့"

ထိုအချိန်တွင် ခြံရှေ့သို့ မိန်းမကြီးတစ်ယောက် ဖြတ်သွား၍ သူတို့ မေးကြည့်လိုက်သည်။ ထိုမိန်းမကြီးက သူတို့နှစ်ယောက်ကို ကြည့်၍ . . .

"ဒီအိမ်က ဖူးပွင့်ဝေတို့ ပြောင်းသွားကြပြီလေ"

"ဗျာ"

နှစ်ယောက်စလုံး အာမေဋိတ်သံ ကိုယ်စီနှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

မိန်းမကြီးက သူတို့နှစ်ယောက်ကို ကြည့်၍ . . .

"မောင်လေးတို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့က ဖူးပွင့် သူငယ်ချင်းတွေပါ"

"ဩော် အေး . . ဖူးပွင့်တို့က ပြောင်းသွားကြပြီကွဲ့"

"ဘယ်ပြောင်းသွားလဲဆိုတာ သိလားခင်ဗျ"

"အဲ့ဒါတော့ အတိအကျ မသိဘူး၊ မြို့ထဲဘက်ကို ပြောင်းသွားတာတော့ သိတယ်၊ အရေးကြီးလို့လား . . အရေးကြီးရင်တော့ ဒီအိမ်ကို ရောင်းဖို့အပ်သွားတဲ့ ပွဲစားဆီမှာတော့ သူတို့ လိပ်စာ မေးပေးလို့ရတယ်"

"အဲ . . ဟိုဟာ . . ရပါတယ် အရေးမကြီးပါဘူး . .





မရောက်တာကြာလို့ ဝင်လာတာပါ၊ ဒါနဲ့ ပြောင်းတာ ဘယ်လောက်ကြာသွားပြီလဲ"

မိန်းမကြီးက စဉ်းစားဟန်တစ်ချက်လုပ်ပြီး . . .

"အင်း တစ်လခွဲ . . အဲ . . နှစ်လလောက်ရှိပြီထင်တယ်၊ အမှတ်တမဲ့ပဲ"

သူတို့လည်း ထိုမိန်းမကြီးကို ကျေးဇူးတင်စကားပြော၍ ထွက်လာခဲ့၏။ နှစ်ယောက်စလုံး အပြန်လမ်းမှာ စကားမပြောဖြစ်။ သူတို့လမ်းထိပ်ရောက်တော့ ခိုင်ဇော်က လိမ္မော်သီး ငါးလုံးကို ထုတ်၍ ထင်ကျော်ကို ပေးလိုက်သည်။

"ဒါ မင်းအမေကို ပေးလိုက်ကွာ၊ ကျန်တဲ့ ငါးလုံးတော့ ငါ့အမေအတွက် ယူသွားမယ်"

ထင်ကျော်က သက်ပြင်းချကာ လိမ္မော်သီး ငါးလုံးကို လှမ်းယူလိုက်သည်။

ထို့နောက် ခိုင်ဇော် ထွက်ကာသွား၏။

ထင်ကျော် သက်ပြင်းချပြီးတော့ ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်ရင်း ကျန်ခဲ့သည်။ နောက်ရက်များတွင် အရင်လိုပဲ ပြန်မှိုင်နေမည့် ခိုင်ဇော့်ကို ဆက်လက်တွေ့နေရဦးမည်ဆိုတာ သူ သိလိုက်၏။

သူလည်း ဘာမှမတတ်နိုင်တော့ပေ။ ထို့နောက် လိမ္မော်သီး ငါးလုံးကို ပိုက်ကာ အိမ်ထဲသို့ လှမ်းဝင်လိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်လောက်အကြာတွင် သူတို့လမ်းဆုံလေး၌ ကြော်ငြာဆိုင်းဘုတ်တစ်ခု လာထောင်တာ တွေ့ရသည်။ အလှကုန်ပစ္စည်းကြော်ငြာဖြစ်၏။ ကြော်ငြာမော်ဒယ်လေးက 'မေလွန်းပျို' ပင် ဖြစ်လေသည်။

* * *



ကြော်ငြာဆိုင်းဘုတ်အတွင်းတွင်ရှိသော သူမ၏ မျက်နှာသည် ဖြူစင်ဝင်းပကာနေသည်။ မျက်တောင်ကော့လေးများအောက်တွင် ကြယ်ကလေးတွေလို တောက်ပနေသော မျက်ဝန်းလေးတွေက ကြည်လင်ရွှန်းလဲ့ကာနေ၏။ ခိုင်ဇော်သည် ယခင်ကလို ဂျာနယ်အပိုင်းအစလေးကို ထုတ်ကြည့်စရာ မလိုတော့ဘဲ တစ်ချက် မော့ကြည့်လိုက်ရုံနှင့် ဖူးပွင့်ဝေကို သူ တွေ့နေရသည်။ သူမကလည်း သူ့ကို ရွှန်းရွှန်းစားစား ပြန်ကြည့်နေတယ်လို့ ထင်မိ၏။

ဒီမျက်ဝန်းလေးတွေ၊ အဲ့ဒီမျက်ဝန်းလေးတွေကို သူ အမြဲ အမှတ်ရနေခဲ့သည်။ ဒီမျက်ဝန်းလေးတွေနဲ့ပဲ သူနဲ့ စတွေ့တဲ့နေ့က သူမ ရန်တွေ့သွားခဲ့သည်။ ဒီမျက်ဝန်းလေးတွေနဲ့ပဲ သူမ မွေးနေ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဝက်သားနှစ်ဆယ်သား ကျွေး၍ ကျင်းပသွားခဲ့၏။ အခုတော့ ဒီမျက်ဝန်းလေးတွေကပဲ ကြော်ငြာဆိုင်းဘုတ်အထက်မှာ သူ့ကို ကြည့်နေလေသည်။ အရာရာသည် အိပ်မက်လို တစ်ကွက်ချင်း ပြောင်းလဲခဲ့သည်။ မပြောင်းလဲဘဲ ကျန်ခဲ့တာကတော့ သူဖြတ်သန်းနေရတဲ့ဘဝနဲ့ သူမကို ချစ်တဲ့ အချစ်ပဲ ဖြစ်၏။

ချစ်တယ် ကောင်မလေးရယ် . . .။

ရင်ထဲမှာ တီးတိုးရွေရွတ်မိတာပါ . . .။

အရင်က မီးပွိုင့်ကို တစ်ယောက်တည်း ဖြတ်မကူးရဲလို့ အားကိုးတကြီးဖြစ်နေတဲ့ အမူအရာလေးကတည်းက ချစ်ခဲ့တာပါ။ အခုလို တင့်ရွှန်းလှပနေတဲ့ အမူအရာလေးကိုလည်း ချစ်တာပါပဲ။ အင်း . . အခုတော့ မီးပွိုင့်ဖြတ်မကူးရဲရင် ဘယ်သူတွေကများ လိုက်ပို့ပါ့မလဲဟု မဆီမဆိုင် တွေးလိုက်မိ၏။

"ဟာ ဒီကောင် ဒုက္ခပဲ၊ ဒီမှာ ညီလေး . . ဟော့ ကိုယ့်ညီ"

"ဗျာ . . ဗျာ အစ်ကို"

"ဟာ . . ကိုယ့်ညီကလည်းကွာ ငေးတာက ငေးပေါ့၊ ဒီဆိုင်းဘုတ်ကြီးက ဒီက ဘယ်မှရွေ့မသွားပါဘူးကွ၊ ဒီဟာ ဘယ်လောက်လဲ . . ဒီဟာ . ."

ထိုလူက လက်မှာ အားကစားဂျာနယ်တစ်စောင် ကိုင်ရင်း မေးသည်။ လက်လေးချောင်း ထောင်ပြလိုက်၏။ ထိုလူ ပိုက်ဆံပေးပြီး ထွက်သွားတော့ ဆိုင်းဘုတ်ကလေးကို ပြန်ငေးနေလိုက်၏။

ဒီ : မိ : ဝ ၁ ၄ ၅



ဒီအချိန် ဖူးပွင့်ဝေ ဘာတွေများ လုပ်နေပါလိမ့် . . .။

ဇိမ်ခံကားကြီးထဲမှာ . . .။

ခမ်းနားသပ်ရပ်တဲ့ ကော်ဖီဆိုင်လေးထဲမှလား . . .။

ဒါမှမဟုတ် သူ့အမေနားမှာ ထိုင်ရင်း စကားတွေပဲ ပြောနေမလား . . .။

ရိုက်ကွင်းပေါ်မှလား . . .။

သူ လျှောက်တွေးနေမိသည်။ သေချာတာတစ်ခုကတော့ စံပယ်ပန်း လျှောက်ရောင်းနေမှာ မဟုတ်တာတော့ သေချာသည်။ သူ သတိရနေသလိုမျိုး သူ့ကို သတိရနေမှာ မဟုတ်တာတော့ သေချာသည်။ ဘဝမမေ့သွားသည့်တိုင်အောင် သူတို့နဲ့အတူတူ လမ်းဘေးမှာ ထမင်းလာစားချင်မှာ မဟုတ်တာတော့ သေချာ၏။

"ဟော့ကောင် မင်းတစ်လှည့် လစ်လိုက်ဦးကွာ၊ ငါ့ ဖနောင့်သံစူးလာလို့ . . အားလားလား"

ထင်ကျော့်အသံကြား၍ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ခြေထောက်တစ်ဖက်ကို အားပြုထောက်ရင်း ခုံပေါ် ထိုင်ချလိုက်သော ထင်ကျော့်ကို တွေ့ရ၏။

"ဘယ်လိုဖြစ်လာတာလဲကွ"

"ဘယ်သေနာတွေ မြောင်းဘေးမှာ သစ်သားပြားအဟောင်းတွေ လာပစ်ထားလည်း မသိဘူးကွ၊ ငါလည်း အမှတ်တမဲ့ဆိုတော့ နင်းမိလိုက်တာ ဗွီခနဲပဲ"

ဒီ : မိ : ၁ ၁ ၄ ၅

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ကဲ အဲ့ဒါဆိုလည်း ဆေးခန်းသွားမလား"

"ညနေမှ သွားမယ်"

"ဒါဆိုလည်း ပြီးရော၊ ငါ သွားရောင်းလိုက်ဦးမယ်"

ခိုင်ဇော်က ထင်ကျော်လက်ထဲက ဂျာနယ်ကို ယူ၍ လမ်းမသို့ ဆင်းလိုက်၏။ နေပူပူ၊ လေပူပူတွင် လူတွေသည် ကိုယ့်ကိစ္စနှင့်ကိုယ် နည်းမျိုးစုံဖြင့် လှုပ်ရှားသွားလာနေကြ၏။ တချို့က မှတ်တိုင်မှာ၊ တချို့က ဘတ်စကားထဲမှာ၊ တချို့က ဇိမ်ခံကားတွေပေါ်မှာ၊ တချို့က လမ်းမပေါ်မှာ စသည်ဖြင့် . . . .။

"ဂျာနယ်တွေ . . ဂျာနယ်တွေ . . ဂျာနယ်တွေနော် အစုံပါတယ် . . အစုံ"

သူ့အသံက လမ်းမတစ်လျှောက် လွင့်ထွက်ကာသွား၏။ ကားတချို့မှ ဂျာနယ်တွေ ဝယ်သွားကြသည်။ ခဏအကြာတွင်တော့ မီးပွိုင့်စိမ်းတော့မည်ဖြစ်၍ သူနေရာသို့ ပြန်ရန် လမ်းပြန်လျှောက်လာလိုက်သည်။

ထိုအချိန် ကားတစ်စီး ဘေးသို့အဖြတ်၌ နောက်ခန်းမှာ ထိုင်နေသော ကောင်မလေးတစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရတော့ . . .

"ဟင် . . ဖူးပွင့်ဝေ"

ခိုင်ဇော် နှုတ်မှ လွှတ်ခနဲ ထွက်သွားပြီး ကြောင်ကာ ကြည့်နေမိသည်။ ကားထဲရှိ ဖူးပွင့်ဝေကလည်း သူ့ကိုတွေ့သွား၍ အံ့သြဝမ်းသာသွားသော မျက်နှာနှင့် နောက်ခန်းမှန်ကို ချပစ်လိုက်၏။ ကားအတွင်းရှိ အအေးလှိုင်းသည် ရုတ်တရက် အပြင်ကို ဟပ်လိုက်သလိုဖြစ်သွားသောကြောင့် ခိုင်ဇော့်တစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားရသေးသည်။



"ဟယ် ကိုခိုင်ဇော် . . အခုပဲ ညီမက ကိုခိုင်ဇော်တို့ကို တွေ့မလားလို့ ရှာနေသေးတာ . . ."

"အေး . . ငါလည်း တူပါတယ်လို့ ကြည့်နေတာဟ . . ဒါ . . ဒါနဲ့ နင်တို့ အိမ်ပြောင်းသွားကြပြီနော်"

"ဟုတ်တယ် ကိုခိုင်ဇော် . . ဟုတ်တယ် . . လာလည်ကြဦး၊ ဒါနဲ့ ကိုထင်ကျော်ကြီးရော . . "

"ထင်ကျော်ကြီး ရှိတယ် . . ရှိတယ်၊ ဖနောင့် သံစူးလို့တဲ့ ဟိုမှာ ထိုင်နေတယ်"

"ဟုတ်လား ဒါဆို ဆေးသွားထိုးခိုင်းလိုက်ဦး"

"အေးပါ . . ဒါနဲ့ ဘယ်ပြောင်းသွားတာလဲ"

ဖူးပွင့်ဝေက ပိုက်ဆံအိတ်ကလေးထဲက လိပ်စာကဒ်ပြားတစ်ခု ထုတ်ပေးသည်။ ခိုင်ဇော်က လှမ်းယူလိုက်ပြီး . . .

"ဪ အေး ဟုတ်ပြီ ဟုတ်ပြီ . . ဒါနဲ့ အန်တီရော နေကောင်းလား"

ထိုအချိန်တွင် မီးပွိုင့်စိမ်းသွား၍ ကားက ဖြည်းညင်းစွာ ထွက်သွားသည်။ ဖူးပွင့်ဝေက ကားပြတင်းပေါက်လေးမှာ ခေါင်းပြ၍

www.burmeseclassic.com

www.burmeseclassic.com



"အမေက ဆေးရုံမှာ၊ နောက်မှ ပြောပြမယ်၊ အိမ်လာလည် ဦးလေ . . ဖုန်းကြိုဆက်လိုက်"

"အေး . . အေး"

ခိုင်ဇော် ကားတွေ ကြားထဲမှာ ရပ်၍ကျန်နေခဲ့၏။ သူ့လက်ထဲက လိပ်စာကဒ်လေးကို ရတနာတစ်ခုလို ကြည့်ကာ ပြုံးနေမိသည်။ ထို့နောက် ထင်ကျော်ရှိရာသို့ ပျော်ရွှင်စွာ ခုန်ပေါက်၍ သွားလိုက်ပါတော့သည်။

ထင်ကျော်က သူ့ထံ ခုန်ပေါက်ပြေးလာသော ခိုင်ဇော့်ကို ကြည့်ကာ . . .

"ဘာဖြစ်လာတာလဲ မကြီးမငယ်နဲ့"

ခိုင်ဇော်က ကဒ်ပြားလေးကို ပြ၍ . . .

"ဒီမှာကြည့်စမ်း . . ဟဲ ဟဲ"

"ဘာများလဲလို့ ကဒ်ပြားတစ်ခု ကောက်ရလာတာများကွာ၊ အထူးအဆန်းလုပ်လို့"

"ခွီးပဲ သေချာကြည့်ပြီးမှ ပြော"

ထင်ကျော်က ကဒ်ပြားကို ယူကြည့်လိုက်သည်။ ခဏကြာတော့ ဝမ်းသာအားရမျက်နှာနှင့် . . .

"ဟင် မင်း ဖူးပွင့်ဝေနဲ့ တွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် . . ဟုတ်တယ်၊ အရှင်လတ်လတ်ကြီးကို တွေ့ခဲ့တာ"





"ဘယ်မှာလဲ"

"ဒီနားမှာ သူ့ကား ဖြတ်သွားတာကွ၊ အဲ့ဒါ ငါက လှမ်းနှုတ်ဆက်တော့ သူကလည်း ဝမ်းသာအားရ ပြန်နှုတ်ဆက်တယ် သိလား"

"မင်းက ငါ့တောင် လှမ်းမခေါ်ဘူး"

"မင်းခြေထောက်က ထောက်နိုင်တာ ကျနေတာပဲ၊ ပြီးတော့ မီးပွိုင့်ကလည်း စိမ်းကာနီး . . "

"ဒါနဲ့ သူက ဘယ်လိုလုပ်ရောက်လာတာလဲ"

"အဲ့ဒါတော့ ငါလည်း မမေးလိုက်ရဘူး၊ တစ်နေရာက ပြန်လာပုံပဲ၊ သူ့အမေတော့ ဆေးရုံတင်ထားရတယ် ပြောတယ်ကွ"

"ဘာဖြစ်လို့လဲ"

"အဲ့ဒါလည်း ပြောမသွားဘူး၊ မီးပွိုင့်စိမ်းသွားတာနဲ့ နောက်မှ ပြောမယ်ဆိုပြီး ထွက်သွားတာပဲ"

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် လိပ်စာကဒ် ရသွားပြီဆိုတော့ မင်းအတွက် အဆင်ပြေသွားတာပေါ့၊ မင်း သူ့ဆီ ဖုန်းတွေ ဘာတွေ ဆက်လို့ ရသွားပြီပေါ့"

"ဒါပေါ့ကွ"

ခိုင်ဇော်က အူမြူးနေသည်။ ထင်ကျော်လည်း ခိုင်ဇော် မြူးနေတာကိုကြည့်၍ ပျော်နေသည်။ ခဏကြာတော့ ထင်ကျော်က . . .

"ဖူးပွင့်ဝေက ကားတွေ ဘာတွေနဲ့ပေါ့ ဟုတ်လား၊ သူကိုယ်တိုင် မောင်းလာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဘူးကွ၊ ဒရိုင်ဘာနဲ့ . . သူက နောက်ခန်းမှာ ထိုင်နေတာ၊ သူ့ကားလား ဘာလားတော့ မသိဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ အခြေအနေကတော့ တော်တော်ကောင်းနေပြီလို့ ဆိုရမှာပဲ"

"ဒါပေါ့ကွ . . ကားတွေ ဖုန်းတွေတောင် ကိုင်နိုင်ပြီဆိုတော့ အခြေအနေ တော်တော်ကောင်းနေပြီပေါ့"

"ဝမ်းသာတယ်ကွာ"

"အေး ငါလည်း ဝမ်းသာတယ်ကွာ"

"ငါက မင်းအတွက်လည်း ဝမ်းသာတယ်"

ခိုင်ဇော်က ပြုံးလိုက်သည်။ ထင်ကျော်က . . .

"မင်း ဘယ်တော့ ဖုန်းဆက်မှာလဲ"

"တစ်ရက်ရက်ပေါ့ကွာ"

ဟု ခိုင်ဇော်က မတင်မကျ ပြောလိုက်လေသည်။

* * *





တစ်ရက်ရက်ပေါ့ကွာဟု ဆိုသော်လည်း ခိုင်ဇော်က နောက်တစ်ရက်မှာတင် ဖုန်းဆက်သည်။ ကံအားလျော်စွာပင် တစ်ခါတည်း လိုင်းချိတ်မိသွား၍ ဟိုဘက်က ကောင်မလေးတစ်ယောက် လာကိုင်၏။

"ဖူးပွင့်ဝေလားဟင်"

"အဲ . . ရှင်"

"ဖူးပွင့်ဝေလားလို့"

"အင်း ဟုတ်တယ်၊ ဘယ်သူလဲ ကိုခိုင်ဇော်လား . . ကိုထင်ကျော်လား"

"ငါပါ ကိုခိုင်ဇော်ပါ၊ ဒါနဲ့ ငါတို့မှန်း နင် ဘယ်လိုလုပ် သိရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်က တခစ်ခစ် ရယ်မော၍ . . .

"သိတာပေါ့၊ ဒီနာမည်ခေါ်တဲ့ ယောကျ်ားလေးဆိုလို့ ကိုဝေထွဋ်ရယ်၊ ကိုခိုင်ဇော်တို့ရယ်ပဲ ရှိတာပဲ၊ ကိုဝေထွဋ်အသံကတော့ ညီမ မှတ်မိနေလို့ ဒါ ကိုခိုင်ဇော်တို့ပဲ ဖြစ်ရမယ်လို့ သိလိုက်တာ"

ဝေထွဋ်နာမည် ကြားလိုက်ရ၍ ခိုင်ဇော် မျက်နှာ တစ်ချက်မဲ့လိုက်သည်။ ဖူးပွင့်ဝေက ဒီကောင့်အသံကို မှတ်မိနေရလောက်အောင် တစ်နေ့ ဘယ်နှခေါက်လောက်များ ဖုန်းပြောနေလဲ မသိပေ။

"ဩော် အေး . . အေး၊ ငါ့အသံလည်း မှတ်ထားဦးနော်၊ တော်ကြာ မေ့သွားဦးမယ်"

"အင်းပါ . . ဒါနဲ့ အခု ဘယ်ကဆက်နေတာလဲ"

"မီးပွိုင့်နားကလေဟာ၊ နင် မသိတော့ဘူးလား . . တို့ PCO ဖုန်းလေ"

"ဩော် သိပြီ သိပြီ . . အဲ့ဒီက ဆက်နေတာလား"

"အေး ဟုတ်တယ်ဟ၊ ဒါနဲ့ နင် အခု ဘယ်မှာလဲ"

"ပြက္ခဒိန်တစ်ခု ရိုက်နေတာ၊ စတူဒီယို ရောက်နေတယ်"

"ဟုတ်လား ဖုန်းပြောလို့ရော ရရဲ့လား"

"ရပါတယ် အခုမှ ပြင်တုန်း ဆင်တုန်း"

ထို့နောက် စကားစ ခဏပြတ်သွားကြသည်။ ခိုင်ဇော် ဘာပြောရမှန်းမသိဘဲ စဉ်းစားနေ၏။ ခဏကြာတော့ . . .

"နင့် . . နင့်အခွေတွေ ငါကြည့်ရတယ်ဟ သိလား၊ နင်

ဝိုး ၊ မှိုး ၊ ၀ ၁ ၃ ၆ ၂



ရိုက်ထားတဲ့ ဗီဒီယိုတွေလည်း ကြည့်ရတယ်"

"ဟုတ်ကဲ့"

"နောက်ပြီးတော့ ငါတို့မီးပွိုင့်လေ . . မီးပွိုင့်နားမှာလည်း နင့်ကြော်ငြာပိုစတာကြီး လာချိတ်ထားတယ်ဟ သိလား"

"ဟုတ်လား"

"အဲ . . ဟိုဟာ . . ဒါနဲ့ အန်တီက ဘာလို့ ဆေးရုံတင်ရတာလဲဟင်"

"ဟမ် . . ဘာလဲ"

"အန်တီ . . အန်တီလေ ဘာလို့လဲလို့"

"ဩော် အမေလား . . အမေက ထုံးစံအတိုင်း လေဖြတ်တာပဲလေ၊ ဆေးရုံတင်ထားတော့ ပိုကောင်းတာပေါ့၊ ညီမကလည်း အလုပ်တစ်ဖက်နဲ့ဆိုတော့ သိပ်မကြည့်နိုင်တော့ဘူးလေ၊ ပြီးတော့ မောင်လေးကလည်း သိတဲ့အတိုင်း ကျောင်းတစ်ဖက်နဲ့ဆိုတော့ . ."

ဓညင်းသီးပြုတ် မရောင်းတော့ဘူးလားဟု ယောင်ပြီး မေးမလို့ ဖြစ်သွားသေးသည်။ ပြီးတော့မှ သတိရသွား၍ ပါးစပ်ကို အမြန်ထိန်းလိုက်ရ၏။

"ဒါနဲ့ နင် ဗီဒီယိုကားတွေ ထပ်မရိုက်ဘူးလားဟင်"

"အင်း ရိုက်ပါတယ် . . အခုလောလောဆယ်တော့ VCD ခွေတွေပဲ အရိုက်များသေးတယ်"

"ဟုတ်လား ငါက နင် ဗီဒီယိုတွေ ရုပ်ရှင်တွေ ဆက်တိုက်

ဝိုး ၊ မှိုး ၊ ၀ ၁ ၃ ၆ ၂

www.burmeseclassic.com

www.burmeseclassic.com



ရိုက်နေပြီထင်တာဟ"

"ခေါင်းဆောင်မင်းသမီးအနေနဲ့တော့ မရိုက်ရသေးဘူးပေါ့ ကိုခိုင်ဇော်ရယ်၊ ဒါပေမယ့် ဒုတိယမင်းသမီးနေရာကတော့ တစ်ကား နှစ်ကားလောက် ပါပြီးပါပြီ . . ဒီလိုပါပဲ လုပ်နေရတုန်းပါပဲ၊ ဒါနဲ့ ကိုခိုင်ဇော်တို့ အိမ်လာလည်ကြဦးလေ"

"အေး လာလည်မယ်ဟာ၊ ငါတို့လည်း နင်နဲ့ စကား အေးအေး ဆေးဆေး မပြောရတာ ကြာလို့ ပြောချင်နေတာ၊ နင် ဘယ်အချိန် အားလဲ"

"အားပါတယ် . . နေ့လယ်တော့ မလာနဲ့ မရှိဘူး၊ ညနေ ပိုင်းတွေတော့ အားပါတယ်၊ ဖုန်းတော့ ကြိုဆက်ဦးလေ"

"အေးပါဟာ ကြိုဆက်လိုက်မယ်"

"အဲ့ဒါဆို ဒါပဲနော် . . ကိုခိုင်ဇော်၊ ဟိုမှာ ရိုက်ဖို့ ခေါ်နေပြီ"

"အေး အေး . . သွား"

"တာ့တာ"

ဖူးပွင့်ဝေ ဖုန်းချသွား၏။ သူမနဲ့ စကားပြောရတာ အင်တာ ဗျူးတစ်ခုမှာ အမေးအဖြေ လုပ်နေတာနဲ့ တူသည်ဟု ခိုင်ဇော် တွေးမိ ၏။ သူမစကားသံကို နားထောင်ရတာ အရင် အရာရာကို ရှက်ရွံ့ တတ်သည့် ဖူးပွင့်ဝေ၏ အသံမျိုးမဟုတ်တော့။ ကလေးလို ဒေါသ ထွက်ပြီး စွတ်ရွတ်အော်ပစ်လိုက်မည်ဆိုသည့် စိတ်နှင့် ပြောနေသော စကားပြောသံမျိုးလည်း မဟုတ်တော့။ ဘယ်လိုအသံပုံစံမျိုးလည်း



ဆိုတာ သူ မခွဲခြားတတ်ပေ။

မာနကြီးသွားတဲ့ ပုံစံလည်း မဟုတ်သလို . . သူတို့လို လူမျိုး တွေနှင့် မပေါင်းဖက်ချင်တော့သည့် လေသံလည်း မဟုတ်ပေ။

ဒါဆို ရင့်ကျက်သွားတာပဲဖြစ်လိမ့်မည်ဟု ခိုင်ဇော် ခန့်မှန်းမိ၏။

အင်းပေါ့လေ . . အခု အခြေအနေထိ ရောက်သွားမှတော့ ရင့်ကျက်နေပြီပေါ့ဟု ခိုင်ဇော် ရေရွတ်လိုက်မိပါတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



**တိုက်**ခန်းက ကျယ်ဝန်းသန့်ပြန့်လှ၏။ ဧည့်ခန်းမှာ နိုင်ငံခြားဖြစ် ဆိုဖာတွေ ခင်းကာထားသည်။ အလယ်မှာ ချထားသော စားပွဲက ကနုတ်ပန်းတွေနှင့် လှပစွာ ခြယ်သထားသော ကျွန်းစားပွဲတစ်ခုဖြစ်၏။ နံရံမှာ တန်ဖိုးကြီး ပန်းချီကားလေးတွေ ဟိုတစ်ခု ဒီတစ်ခု ချိတ်ကာထားသည်။ စားပွဲပေါ်မှာတော့ နှင်းဆီပန်းလှလှလေးတစ်ပွင့် ထိုးထားသော ပန်းအိုးရှည်ရှည်လေးကို တွေ့ရသည်။

ကော်ဖီနှစ်ခွက်ကို လာချရင်း ဖူးပွင့်ဝေက သူတို့ရှေ့က ဆိုဖာခုံမှာ ကြွကြွလေး ဝင်ထိုင်လိုက်၍ . . .

"ကိုခိုင်ဇော်တို့က လာကာနီးမှ ဖုန်းဆက်တော့ ဘာမှတော်





ကြိုမလုပ်ထားရဘူး၊ ဘာစားမလဲ ပြော သွားမှာပေးမယ်လေ"

"နေပါစေဟာ . . ငါတို့က နင်နဲ့တွေ့ဖို့ လာတာပါ၊ နောက်မှပေါ့"

ထင်ကျော်က ပြောလိုက်ပြီးနောက် ကော်ဖီခွက်ကို လှမ်းကိုင်လိုက်သည်။ ထိုစဉ် မီးဖိုချောင်ဘက်မှ အသက် ငါးဆယ်ခန့် အဒေါ်ကြီးတစ်ယောက် ထွက်လာ၍ မုန့်ပန်းကန်တစ်ချပ်ကို လာချပေးသည်။ အဒေါ်ကြီး ပြန်ထွက်သွားတော့ ဖူးပွင့်ဝေက . . .

"စားနော် အဆာပြေပေါ့"

ထင်ကျော်က မုန့်တစ်ချပ်ကို လှမ်းယူလိုက်သည်။

"ကိုခိုင်ဇော်လည်း စားလေ"

ခိုင်ဇော်က ကော်ဖီခွက်ကို လှမ်းယူမလို့လုပ်ပြီးမှ ယောင်နနနှင့် အေး . . အေး ဟု ပြောလိုက်၏။ ထင်ကျော်က ကိတ်မုန့်ကို တစ်ချက် ကိုက်လိုက်ပြီး . . .

"နင့်တိုက်ခန်းက ကောင်းလှချည်လား၊ ကွန်ဒိုဆိုတာ ဒါမျိုးကို ပြောတာလား"

ဖူးပွင့်ဝေက ခစ်ခနဲ တစ်ချက် ရယ်လိုက်သည်။ ထင်ကျော်က ဟိုကြည့် ဒီကြည့် တစ်ချက်လုပ်၍ . . .

"ဒါ နင်ဝယ်လိုက်တာလား ဟုတ်လား"

ဖူးပွင့်ဝေက အရယ်တစ်ဝက်နှင့် . . .

"မဟုတ်ပါဘူး ကိုထင်ကျော်ရယ်၊ အထင်မကြီးပါနဲ့ ငှားထား



www.burmeseclassic.com

www.burmeseclassic.com



တာပါ"

"ငှားထားတာ ဟုတ်လား . . တော်တော်ပေးရမှာပဲနော်"

ဖူးပွင့်ဝေက ရယ်ကာ ခေါင်းညိတ်ပြသည်။

"ဒါဆို နင်က တော်တော်ဟုတ်နေပြီပဲဟ . . ဒီလောက် ဈေးကြီးတဲ့ တိုက်ခန်းတောင် ငှားနေနိုင်တယ်ဆိုတော့ နင် တော်တော်ထောနေပြီပေါ့"

"ကဲပါ ကိုထင်ကျော်ရယ် စားစရာရှိတာ စားပါဦး၊ စကားတွေ ပြောလို့ မောနေပါဦးမယ်"

ထင်ကျော်က ကော်ဖီကို တစ်ငုံသောက်လိုက်သည်။ ဖူးပွင့်ဝေက ခိုင်ဇော်ကိုကြည့်၍ . . .

"ကိုခိုင်ဇော်တို့ရော အလုပ်တွေ ဘယ်လိုလဲ"

ခိုင်ဇော်က . . .

"ဒီလိုပဲပေါ့ဟာ နင်လည်း သိတဲ့အတိုင်း ပုံမှန်လေးပဲပေါ့"

"ငါတို့ဘဝတွေကတော့ ဒီ့ထက်ပိုပြီး ဘာထူးမှာလဲဟာ"

ထိုစကားကို ထင်ကျော်က ဝင်ပြောလိုက်ခြင်းဖြစ်၏။

ဖူးပွင့်ဝေက . . .

"အဲ့ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ လူ့ဘဝဆိုတာ ကြိုးပြီး မှန်းဆလို့မှ မရတာ"

"နင်ကတော့ ဟုတ်တာပေါ့ဟယ်၊ ငါတို့က နင့်ဘဝကို ကြည့်ပြီး အားကျနေတာ"



ထိုအချိန်မှာ ဖူးပွင့်ဝေ၏ ဟန်းဖုန်းက အသံပေါ်လာသည်။ ထို့ကြောင့် စကားစ ခဏပြတ်သွားကြ၏။ ဖူးပွင့်ဝေက ဖုန်းကို ကောက်ကိုင်လိုက်ပြီး . . .

"ဦးကိုလား . . လွမ်းပါ . . လွမ်းပြောနေတယ် ပြော အင်းလေ . . သွားမယ်လေ . . စောသေးတဲ့ဟာကို၊ ဩော် အင်းပါ စိတ်ချပါ ဦးကိုရဲ့ လွမ်းက ဘယ်နှခါ နောက်ကျဖူးလို့လဲ၊ ဦးကိုရောက်တာနဲ့ လွမ်းက အဆင်သင့်ပဲ၊ အိုကေ အိုကေ ဒါပဲနော် ဦးကို"

ဖုန်းပြောလို့ ပြီးသွားသည်။ ဖုန်းပြောနေစဉ်အတွင်း ဖူးပွင့်ဝေ၏ မျက်နှာက ရွှန်းလဲ့တောက်ပနေတာ တွေ့ရ၏။ ခိုင်ဇော်က ထင်ကျော့်ကို ကြည့်သည်။ ထင်ကျော်ကလည်း ခိုင်ဇော့်ကို လှည့်ကြည့်၍ အကြည့်ချင်း ဆုံကြ၏။ ထို့နောက် ခိုင်ဇော့်က သူ့အိတ်ကတ်ထဲ ထည့်လာသော စာအိတ်လေးကို မသိမသာ ငဲ့ကြည့်လိုက်၏။ ထိုစာအိတ်လေးထဲက စာရွက်လေးထဲတွင် သူ တစ်ညလုံး ထုဆစ်ထားသော နှလုံးသားလေး ပါလာလေသည်။

"တစ်ခါ တစ်ခါ ညီမလည်း ကိုထင်ကျော်တို့ဆီ အရမ်းလာချင်တာပဲ၊ ဒါပေမယ့် အလုပ်က တစ်ဖက်နဲ့ဆိုတော့ မရောက်ဖြစ်တာပါ၊ ဒါပေမယ့် စိတ်ထဲမှာတော့ အမြဲသတိရပါတယ်"

ထိုအချိန်တွင် တယ်လီဖုန်းက အသံထပ်မြည်လာပြန်၏။ ဖူးပွင့်ဝေက ကောက်ကိုင်လိုက်ပြီး . . .

"ကိုဝေထွန်း ပြော . . အင်း သွားမယ်လေ သွားမယ် . .

www.burmeseclassic.com

www.burmeseclassic.com



မလာနဲ့တော့၊ ဦးကို လာခေါ်မယ် ပြောတယ်၊ ဦးကိုနဲ့ပဲ သွားလိုက်တော့မယ် . . ဟာ မဟုတ်ပါဘူး ကိုဝေထွင့်ကလည်း သိရဲ့သားနဲ့၊ သူက လာခေါ်မယ်ပြောနေတဲ့ဟာကို . . အင်း အင်း၊ အခုပဲ ဖုန်းဆက်သွားတာ . . သူနဲ့ ဖုန်းချပြီးတော့ ကိုဝေထွင့်ဖုန်း ဝင်လာတာပဲ၊ အခုလား ဘာမှမလုပ်ဘူး၊ ဒီမှာ ကိုခိုင်ဇော်တို့ လာလည်လို့ စကားပြောနေတာ . . ဟုတ်ပြီ ဟုတ်ပြီ ဒါပဲနော်"

တစ်ဖက်က ဖုန်းချသွားသည်။ ဖူးပွင့်ဝေ ဖုန်းချလိုက်ပြီးနောက် အနောက်ဘက်ကို လှမ်းအော်လိုက်၏။

"ဒေါ်ကြီးရေ ဒေါ်ကြီး . . လွန်းရဲ့ အဝတ်အစားတွေ ထုတ်ထားလိုက်တော့နော်၊ တော်ကြာ ရေချိုးပြီး သွားတော့မှာ . . ဦးကို လာခေါ်တော့မယ်တဲ့"

"အေး အေး ဟုတ်ပြီ ဟုတ်ပြီ လွန်းလေး"

ခုနက ကော်ဖီ လာချပေးသော အဒေါ်ကြီး၏ အသံကို ကြားလိုက်ရသည်။ ထင်ကျော်က ဖူးပွင့်ဝေကို ကြည့်၍ . . .

"နင် သွားစရာရှိလို့လား"

"ရပါတယ် အခုမဟုတ်ပါဘူး၊ တော်ကြာမှာပါ . . ဒင်နာတစ်ခုရှိလို့"

"ဪ"

ထင်ကျော်က အာမေဋိတ်သံဖြင့် ရေရွတ်လိုက်သည်။ ခိုင်ဇော်က သူ့အိတ်ကပ်ထဲက စာအိတ်လေးကို တစ်ချက် ဖိသွင်းလိုက်၏။ သူ့ရင်တွေ တဆတ်ဆတ် ခုန်နေသည်။ ဒီစာအိတ် ပါလာတာကို ဖူးပွင့်ဝေ သိသွားမှာ ဘာလို့ကြောက်သွားမှန်း မသိ ကြောက်ကာသွား၏။ ပထမတော့ ပေးဖို့ ရည်ရွယ်ချက်နှင့် ယူလာခြင်းဖြစ်သော်လည်း အခုတော့ ပေးဖို့နေနေသာသာ ဒီစာအိတ်ကို ဖူးပွင့်ဝေ မြင်သွားမှာတောင် စိုးရိမ်နေမိသည်။





ထင်ကျော်က ခိုင်ဇော့်ကို ကြည့်လိုက်သည်။ ခိုင်ဇော်က အလိုက်တသိပင် မတ်တပ်ရပ်၍ . . .

"ငါတို့ ပြန်တော့မယ်ဟာ"

"ဟယ် ပြန်တော့မလို့လား နေပါဦး"

"နင်လည်း သွားစရာရှိနေတဲ့ဟာ"

"ရပါတယ် အခု မဟုတ်ပါဘူး"

"ငါတို့လည်း လမ်းမှာ ဝင်စရာလေးရှိနေသေးလို့ပါဟာ"

ဖူးပွင့်ဝေက ဘာမှတော့ ဆက်မပြောတော့။ ထင်ကျော်က ဦးဆောင်၍ အရင်ထွက်သွား၏။ ခိုင်ဇော်က ဖူးပွင့်ဝေဘေးက ကပ်လျှောက်လာရင်း . . .

"ဖူးပွင့်"

"ရှင်"

"ဟိုဟာလေ . . ငါ . . ငါ . ."

ခိုင်ဇော့်စကားတွေ အသံတုန်ကာ နေသည်။

သူချစ်ရသော မိန်းကလေးတစ်ယောက်၊ သူ မြတ်နိုးရသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကို ဖွင့်မပြောရဲသော ယောက်ျားတစ်ယောက်၏ ခံစားချက်ကြောင့်ဖြစ်၏။

ဖူးပွင့်ဝေက . . .

"ပြောလေ ကိုခိုင်ဇော်၊ ဘာလဲ"

"နင့်ကို ငါ သိပ်ချစ်တယ် ဖူးပွင့်ဝေရယ်"

ခိုင်ဇော့်ရင်ထဲမှာ မြည်ဟီးသွားသော စကားသံသာဖြစ်ပါသည်။ ထိုစကားလုံးများသည် လည်ချောင်းထက်သို့ တက်လာပြီးမှ ကြောက်လန့်တကြား ခုန်ဆင်းသွားကြ၏။

တကယ့်လက်တွေ့မှာတော့ . . .

"နင် . . နင် ငါတို့ဆီကို လာလည်ပါဦးဟာ"

ဟုသာပြော၍ ဖူးပွင့်ဝေရှေ့မှ ထွက်ခဲ့ပါတော့သည်။ ဖူးပွင့်ဝေက သူမရှေ့က ထွက်သွားသော ခိုင်ဇော့်ကို ကြည့်၍ သက်ပြင်းတစ်ချက် ချလိုက်ပါတော့၏။

ခိုင်ဇော်ကတော့ ထွက်သွားပြီဖြစ်လေသည်။

* * *



## အခန်း (၄)

www.burmeseclassic.com

www.burmeseclassic.com



မှန် အလုံ ပိတ်ထားသော နောက်ဆုံးပေါ် ဇိမ်ခံကားကြီး ၏ ထက်တွင် အဲယားကွန်းလေ အေးအေးလေးကို ခံရင်း ဖူးပွင့်ဝေပါလာသည်။ လမ်းဘေးဝဲယာကို တစ်ချက်ကြည့်လိုက်တော့ မြို့ပြမီးရောင်များအောက်တွင် လှုပ်ရှားနေသော လူတွေကို တွေ့ရ၏။ အရင်က ခုလိုညမျိုးတွေမှာ ပေါင်မုန့်တစ်ခွက်၊ တို့စရာ တစ်ဖုံနှင့် ဆမင်းကို ဖြစ်သလိုလွေးကာ အိပ်စက်ခဲ့ရဖူးတာကို သတိရမိ၏။ အခုတော့ နောက်ဆုံးပေါ်ဇိမ်ခံကားကြီးပေါ် ကျကျနန ပါလာရင်း ဧည့်ခံပွဲတစ်ခုကို သွားနေသော ဖူးပွင့်ဝေတစ်ယောက်ဖြစ်နေပြီ။ သူမ အတွက် ပေါင်မုန့်နဲ့ တို့စရာသည် အဓိကဟင်းလျာမဟုတ်တော့။ အရံ ဟင်းလျာအဆင့်သို့ ရောက်သွားသည်။





"လွန်းလေး"

"ရှင်"

"ဘာတွေ တွေးနေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ ဒီလိုပါပဲ"

"လွန်းလေး တစ်ခုခု တွေးနေပါတယ်၊ ဦးကို သိတာပေါ့"

ဦးကို . . .။ သူနာမည် အပြည့်အစုံက ဦးအောင်ကိုလွင် ဖြစ်၏။ အိတ်စပို့ အင်ပို့ ကုမ္ပဏီကြီးတစ်ခု ထောင်ထားသည်။ ရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေး တချို့မှာလည်း နောက်ကွယ်က ရှယ်ယာတချို့ ပံ့ပိုးထားတာရှိ၏။ သူမနဲ့က VCD ဒါရိုက်တာတစ်ယောက် မိတ် ဆက်ပေး၍ သိရှိထားသည်။ သူမကို တွေ့ပြီး နောက်တစ်ရက်မှာဘင် သူ ပံ့ပိုးထားသော ထုတ်လုပ်ရေးတစ်ခုက ဗီဒီယိုဇာတ်ကားတစ်ကား မှာ ဝင်ရောက်သရုပ်ဆောင်ခွင့်ရသည်။ ထို့နောက် တစ်နေ့နေ့ တစ် ချိန်ချိန် (အခါအခွင့်သင့်လာရင်) သူမအား ခေါင်းဆောင်မင်းသမီး တင်ရိုက်ပေးမည်ဟု ဆိုလာ၏။ ဤသို့ဖြင့် ဦးအောင်ကိုလွင် ခေါ် ဦးကိုနှင့် သူမ ရင်းနှီးမှု ရခဲ့လေသည်။

အခုတော့ . . . သူမ နေသည့် တိုက်ခန်း၊ သူမ အပြင်တွေ ဘာတွေ သွားစရာရှိရင် သုံးဖို့အတွက် ကား (ဒရိုင်ဘာအပါအဝင်)၊ ပြီးနောက် သူမ တစ်မိသားစုလုံး စရိတ်အပြင် သူမအတွက် အဝတ် အစား၊ အသုံးအဆောင်ကအစ ဦးကို တာဝန်ယူထားလေသည်။ နာ မည်ကြီး မင်းသမီးတစ်ယောက်အဖြစ် ပေါ်ထွန်းလာစေဖို့ ဦးကိုက



www.burmeseclassic.com

www.burmeseclassic.com



အစစ အရာရာ ပံ့ပိုးတာပါဟုဆို၏။ ပထမတော့ သူမ သဘော မပေါက်သေး။ နောက်မှ အနေကြာလာတော့ ဒီလိုပုံစံမျိုးတွေကို သဘောပေါက်လာသည်။

အဲ့ဒါ . . . .

'စပွန်ဆာ'

* * *





"ဖူး ပွင့်လား"

"ကိုဝေထွင်း ပြော"

"ဖူးပွင့်နဲ့ ကိုယ် တွေ့ချင်လို့ ဒီနေ့ညနေ အားမလား"

"အင်း အားပါတယ် ကိုဝေထွင်း၊ ကိစ္စရှိလို့လားဟင်"

"ကိစ္စရှိမှ တွေ့ရမှာလား ဖူးပွင့်ရယ်၊ ဖူးပွင့်ကို ကိစ္စမရှိဘဲ နဲ့ ကိုဝေထွင်းက တွေ့လို့ မရဘူးလား"

"ဟာ မဟုတ်ပါဘူး ကိုဝေထွင်းရဲ့၊ ဒီအတိုင်း စကားအဖြစ် မေးကြည့်တာပါ"

"ဒါဆို ညနေ ကို လာခေါ်မယ်၊ ဖူးပွင့် စောင့်နေနော်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖုန်းချပစ်လိုက်သည်။

ထို့နောက် ဆိုဖာခုံနောက်ကျောကို မှီရင်း သူမ အတွေးတွေ နယ်ချဲ့ပစ်လိုက်၏။

ကိုဝေထွန်း . . .။

သူ့နာမည်အပြည့်အစုံကလည်း ဝေထွန်းပဲ ဖြစ်၏။ မြန်မာနိုင်ငံရှိ နာမည်ကြီး ဓာတ်ပုံဆရာတွေထဲတွင် တစ်ယောက်အပါအဝင် ဖြစ်သည်။ သူမကို ဒီလောကထဲ ရောက်လာအောင် ခေါ်ဆောင်လာခဲ့သော သူတစ်ယောက်လည်းဖြစ်၏။

သူမ ဦးကိုနှင့် ရင်းနှီးမှုရသွားတော့ ကိုဝေထွန်းက လုံးဝ မကြိုက်။ သို့သော် သူမ ရှေ့ဆက်တိုးခဲ့သည်။ သူမ မိသားစုအတွက်၊ သူမရဲ့ အောင်မြင်မှု လှေကားထစ်တွေအတွက် . . .။

သူမကို ငွေမက်သော မိန်းမတစ်ယောက်ဟု ထင်ကောင်း ထင်ပေလိမ့်မည်။ သို့သော် သူမက ငွေမမက်၊ ဘဝကိုသာ မက်သော မိန်းမတစ်ယောက်သာဖြစ်သည်။ ဘဝဟူသော စကားလုံးအောက်တွင် အရာအားလုံး ပါသွားလေပြီ။ ငွေကြေး၊ အောင်မြင်မှုနှင့် ချမ်းသာကြွယ်ဝမှု စသည်တို့အားလုံး . . .။

ဦးကိုသည် သူမဘဝ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်သော သူတစ်ယောက်ဖြစ်၏။ ထို့ကြောင့် ဦးကိုနှင့် သူ တွဲခြင်းဖြစ်သည်။ ယခုဆို ဦးကိုအစွမ်းကြောင့် သူမ ဗီဒီယိုကား တစ်ကားမှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ခွင့်ရတော့မည်။ သူမသာ ခံယူ





ချက်ရှိရှိ ကြိုးစားပြီး သရုပ်ဆောင်ခဲ့လျှင် ပရိသတ် လက်ခံသော မင်းသမီးတစ်လက် ဘဝသို့ ရောက်ရှိလာနိုင်၏။

နောက်တစ်ခုက သူမ အမေ . . .။

သူမ အမေသည် ယခုဆို ဈေးကြီးပေး၍ တက်ရောက်ကုသရသော ဆေးရုံကြီးတွင် နပ်စ်မပေါင်း ခြံရံပြီး အခန့်သား နေရပေပြီ။ ယခင်ကလို ဖျာစုတ်တစ်ချပ်ပေါ်တွင် အိပ်ရင်း ဆန်ပြုတ်သာသာ ထမင်းကို စားနေရသူ မဟုတ်တော့။ ကြက်ပေါင်းစွပ်ပြုတ်၊ ဟောလစ်၊ မိုင်လိုတို့ကြားတွင် သက်သောင့်သက်သာ နေနေရပြီဖြစ်သည်။

သူမ မောင်လေးလည်း ဒညင်းသီးပြုတ် မရောင်းရတော့။ ကျောင်းကောင်းကောင်းတစ်ခုမှာ ပြောင်းတက်ရင်း ကျောင်းကြို၊ ကျောင်းပို့ကို ကိုယ်ပိုင်ကားတစ်စီးနဲ့ ဖြစ်နေလေပြီ။

ရှင်းရှင်းပြောရရင် သူမ အခုချိန်မှာ အရင်ဘဝမျိုးကို ပြန်မသွားချင်တာတော့ အမှန်ပင်။ ငွေကြေး၏ အာဏာကျယ်ပြန့်မှုကိုလည်း သူမ သိသွားပြီ။ အောင်မြင်မှု၏ လှုရာဝင်မှုကိုလည်း နားလည်သွားပြီဖြစ်၏။

ပတ်ဝန်းကျင်သည် ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်ဟု ကြားခဲ့ဖူး၏။ သူမကို တစ်လလောက် ဝိုင်းပြီး ပြောကြပါစေ၊ ဂရုမစိုက်တော့။

ဒီအချိန်မှာ အရာအားလုံးအတွက် သူမဘဝကို ပေးဆပ်ရင်း ပြုံးပြုံးလေး နားထောင်နေလိုက်မည်။ ထိုစကားတွေကို ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ရွံ့ပြီး သူမ ယခင်ဘ၀ကို ခုန်ချတော့မည်မဟုတ်။

အဘယ့်ကြောင့်ဆိုသော် သူမ ယခုရောက်ရှိနေသည့်ဘ၀ကို မက်မောသွားပြီဖြစ်သောကြောင့်ပင် ဖြစ်ပါတော့သည်။

* * *





“ဖူးပွင့်ကို ကိုယ် လက်ထပ်ပါရစေ”

“ရှင်”

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီလိုစကားမျိုး ပြောလာလိမ့်မည်ဟု သူမစိတ်ထဲ တွေးထားသော်လည်း အခုလို မြန်မြန်ဆန်ဆန် ဖွင့်ပြောလာလိမ့်မည်ဟု ထင်မထားပေ။ ထို့ကြောင့် အံ့ဩသွားခြင်း ဖြစ်၏။

ဝေထွန်းက . . .

“အံ့ဩသွားလား ဖူးပွင့် . . ဖူးပွင့်က အံ့ဩချင်လို့သာ အံ့ဩနေတာပါ၊ ကိုယ်က ဖူးပွင့်ကို စိတ်ဝင်စားနေတာ ကြာပါပြီ”

သူမ ပြုံးလိုက်သည်၊ ထိုအပြုံးက ကျွန်မ သိပါတယ်ဆိုတဲ



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမျိုး ဖြစ်၏။ ဝေထွန်းက . . .

"ဖူးပွင့် ဘယ်လိုသဘောရလဲ"

"လောလှချည်လား ကိုဝေထွန်းရယ်"

"လောရမယ် ဖူးပွင့် လောရမယ် . . ဖူးပွင့် ဘေးနားမှာ ကလည်း . . ."

ဝေထွန်းက စကားကို ထိုနေရာတွင် ရပ်ပြီး ဖူးပွင့်ဝေကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။ ဖူးပွင့်ဝေက ဟက်ခနဲ တစ်ချက် ရယ်ပြီး . . .

"အမလေး ကိုဝေထွန်းရယ် ဘာများလဲလို့ . . ဒီကိစ္စတွေရဲ့ သဘောကိုလည်း ကိုဝေထွန်းလည်း မသိဘူး မဟုတ်ဘူး၊ သိနေတာပဲ"

"ကဲပါ၊ ဒါတွေ ထားပါတော့ . . ကို ခုနပြောတာကို ဖူးပွင့် ဘယ်လိုသဘောရလဲလို့"

သူမ ရယ်နေရာမှ တဖြည်းဖြည်းချင်း ရပ်တည်သွားသည်။ ထို့နောက် နားသယ်စအဖျားမှာ ကျနေသည့် ဆံပင်ကို တစ်ချက် သပ်၍ သက်ပြင်းတစ်ချက် ချကာ . . .

"အေးအေးဆေးဆေးပေါ့ ကိုဝေထွန်းရယ်၊ ဘာဖြစ်လို့ လော နေတာလဲ"

"လာပြန်ပြီ ဒီစကား"

"ဒီစကား မပြောလို့ ဖူးပွင့်က ဘယ်စကားမျိုး ပြောရမှာလဲ"

"ကိုဝေထွန်းပြောတာ လက်ခံတယ်လို့ ပြော"





"အို အဲလိုတော့ မလုပ်ပါနဲ့"

"ဒါဆို . . ."

ဝေထွန်းက စကားရပ်ကာ ကြည့်၏။ သူမက . . .

"စဉ်းစားပါရစေဦး ကိုဝေထွန်းရယ် . . အမှန်အတိုင်း ပြော ရရင် ဖူးပွင့် ဒီအချိန်မှာ ဘာမှမစဉ်းစားချင်တော့ဘူး၊ အထူးသဖြင့် အိမ်ထောင်ရေးပေါ့၊ ဖူးပွင့်ဘဝမှာ လုပ်စရာတွေ အများကြီးရှိသေး တယ်လေ . . ဖူးပွင့်က နာမည်ကြီး မင်းသမီးတစ်ယောက် ဖြစ်ချင် သေးတာ"

ဝေထွန်း ငိုင်သွားသည်။ ထို့နောက် ဖူးပွင့်ဝေကို မမြင်ဖူးတဲ့ လူတစ်ယောက်လို ကြည့်၏။ ပြီးနောက် သက်ပြင်းကို ချသည်။ ဖူးပွင့် ဝေကတော့ မျက်လွှာအောက်ချကာ အအေးခွက်ကို ပိုက်ကလေးနဲ့ မွှေကာနေသည်။ သူမ ပုံစံက သွေးအေးအေးရှိလှ၏။

ဝေထွန်း တစ်ချက် မဲ့လိုက်သည်။ သူ့ကို ဖူးပွင့်ဝေ အလိမ္မာနဲ့ ငြင်းလိုက်ပြီဆိုတာ နားလည်လိုက်ပြီ။

ထို့ကြောင့် ဖြည်းညင်းစွာ ထရပ်လိုက်ကာ . . .

"ကို နားလည်လိုက်ပါပြီ၊ ကိုယ် ပြောခဲ့ဖူးတဲ့ စကားတွေကို လည်း ဒီနေရာမှာတင် မေ့ပစ်လိုက်ပါ ဖူးပွင့်၊ ဒါပေမယ့် တစ်ခုတော့ ပြောခဲ့ပါရစေ . . ကိုယ်က ဖူးပွင့်ကို တကယ်ချစ်လို့ လက်ထပ်မယ် ဆိုတဲ့အထိ ဆုံးဖြတ်ခဲ့တာပါ၊ သူများတွေလို . . ."

ဝေထွန်းက ဖူးပွင့်ဝေကို တစ်ချက် စိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်ဝေက ဝေထွင့်ကို မျက်လုံးတစ်ချက် ပြန်လှန်ကြည့်၏။ သူတို့ ခဏ အကြည့်ချင်း ဆုံတွေ့ကြသည်။ ခဏသာ . .။ မျက်ဝန်းများ ထဲတွင် တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်တွေ ဖတ်ကြသည်။ ဖူးပွင့် မျက်ဝန်းထဲက အဓိပ္ပာယ်ကို ဝေထွင့်က ဖတ်၏၊ ဝေထွင့် မျက်ဝန်းထဲက အဓိပ္ပာယ်ကို ဖူးပွင့်က ဖတ်သည်။

ထို့နောက် ဝေထွင့် လှည့်ထွက်ခဲ့၏။

'ခွင့်လွှတ်ပါ ကိုဝေထွင့်ရယ်"

ဖူးပွင့်ဝေ ရင်ထဲက ရေရွတ်လိုက်တာပါ . . .။ ဝေထွင့်က တော့ သူမကို ကျောခိုင်းသွားပြီ ဖြစ်ပါတော့သည်။

* * *



# ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



**သိပ်** မကြီးကျယ် မခမ်းနားသော်လည်း အတော်အသင့် သပ်ရပ်သော ယမကာဘားလေးတစ်ခုတွင် လူငယ် နှစ်ယောက် အရက်ထိုင်သောက်နေကြသည်။

တစ်ယောက်က အသက်ကြီးပြီး တစ်ယောက်က အသက်ငယ်ပုံရ၏။ အသက်ကြီးသော လူငယ်က ရှပ်အင်္ကျီ နို့နှစ်ရောင်လေးနှင့် စတိုင်ဘောင်းဘီ အနက်ရောင်တစ်ထည်ကို သပ်ရပ်စွာ ဝတ်ထားလေသည်။ အသက်ငယ်သော လူငယ်ကတော့ ရိုးရိုးရှပ်အင်္ကျီတစ်ထည်နှင့် ပုဆိုး ခပ်နွမ်းနွမ်း တစ်ထည်ကို ဝတ်ဆင်ထား၏။

နှစ်ယောက်စလုံး၏ အလယ်တွင် ဘလက်လေဘယ် တစ်လုံး ရှိသည်။ ပုလင်းက အပြည့်တော့ မဟုတ်၊ တစ်ဝက်ကျိုးနေပြီဖြစ်၏။



သပ်ရပ်စွာ ဝတ်စားထားသော လူငယ်က . . .

"ညီလေးပဲ စဉ်းစားကြည့်ကွာ . . အော့ . . ကိုယ် စိုက်ပျိုးခဲ့တဲ့ ပန်းကလေး . . ကိုယ် ပြုစုပျိုးထောင်ခဲ့တဲ့ ပန်းကလေး တစ်ပွင့် ခိုးယူသွားခြင်း ခံရရင် ဘယ်လိုခံစားရမလဲ"

"ဒါပေါ့ အစ်ကိုရ . . ခံစားရတာပေါ့"

"ကိုယ်လည်း ဒီလိုပဲ အရမ်းခံစားရတယ်"

"ဟုတ်ကဲ့"

"ကိုယ် တော်တော်ခံစားရတယ် . . ခံစားရတယ်၊ မင်းသူငယ်ချင်းကြောင့် ကိုယ် တော်တော်ခံစားရတယ်"

ထိုလူငယ်က သောက်လက်စ အရက်ခွက်ကိုချ၍ ကြောင်တောင်တောင်နှင့် . . .

"ကျွန်တော့် သူငယ်ချင်း ဟုတ်လား"

"ဟုတ်တယ် မင်းသူငယ်ချင်း . . မင်း သူငယ်ချင်း . . အဲ့ဒီ . . အဲ့ဒီအကြောင်းတွေ ပြောချင်လို့ မင်းကို ငါ ခေါ်လာတာ၊ အော့ . . ဂေ့"

"ထ . . ထ . . ထင်ကျော်လား . . ထင်ကျော်က အစ်ကို့ကို ဘာလုပ်သွားလို့လဲဟင်"

"ဘာ . . ဘယ်က ထင်ကျော်လဲ"

"ကျွန်တော့် သူငယ်ချင်းလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ခွီးပဲ . . အဲ့ဒီကောင်ကို ပြောတာမဟုတ်ဘူးကွ၊ ဖူးပွင့်ဝေဆိုတဲ့ မင်းတို့ သူငယ်ချင်းကို ပြောတာ"

လူငယ် မျက်လုံးပြူးသွားသည်။

ဖူးပွင့်ဝေနာမည် ကြားလိုက်ရ၍ အရက်မူးလည်း ပြေသလိုဖြစ်သွား၏။

"ဖူးပွင့် . . ဖူးပွင့် ဘာဖြစ်လို့လဲဟင်"

ပထမလူငယ်က ခေါင်းညိတ်တာလား၊ ခေါင်းငိုက်စိုက်ကျသွားတာလား မသိ လုပ်ရင်းမှ . . .

"ငါ့အသည်းကို ခွဲသွားတာကွ . . ခွဲသွားတာ . . ဟက်တက်ကြီးကို ခွဲသွားတာ . ."

"ဗျာ"

"မဗျာနဲ့ . . အဲ့ဒီ ဖူးပွင့်ဝေဆိုတဲ့ ကောင်မလေးက ငါ့အသည်းတွေကို ဘယ်ပြန်ညာပြန် ခွဲသွားတာ . . ငါ့မှာတော့ သူ့မျက်နှာလေးကို မြင်ပြီးကတည်းက ချစ်လိုက်ရတာ၊ ဒီဘဝလေးက လွတ်အောင် စွမ်းဆောင်ပေးလိုက်ရတာ . . အခုတော့ သူက လွတ်ရုံတင်မက ကျွတ်ပါ ကျွတ်အောင် လုပ်သွားတယ် . . လုပ်သွားတယ်ကွ"

"ဘယ်လိုဖြစ်လို့လဲ အစ်ကိုရယ်"

ထိုလူငယ်ရဲ့ အမေးအဆုံးမှာ ပထမလူငယ်က ရှင်းကာပြသည်။

သူနဲ့ ဖူးပွင့်ဝေ နောက်ဆုံး တွေ့ခဲ့သည်မှစ၍ ဖူးပွင့်ဝေရဲ့



အကြောင်းတွေကိုပါ ပြောကာပြ၏။ မူးမူးနှင့်ပြောသောကြောင့် တော်တော်များများ စုံလင်လှသည်။

ထိုလူငယ်၏ စကားဆုံးတော့ နားထောင်နေသည့် လူငယ်က ပါးစပ်အဟောင်းသားနှင့် . . .

"ဒါ . . ဒါဆို ဖူးပွင့်က အစ်ကို့ကို ငြင်းလိုက်တာပေါ့ ဟုတ်လား"

"ခွီးပဲ မင်းကလည်း ဒါလေးတောင် မသိဘူးလား၊ လဒူပဲ ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား မေးနေသေးတယ်"

ထို့နောက် ဝိုင်းကလေးသည် တိတ်ဆိတ်ကာသွားသည်။ လက်ကျန် တစ်ပိုင်းကို ကိုယ့်အတွေးနဲ့ ကိုယ် ဆက်ချကြသည်။ တစ်လုံးလုံး ပြောင်သွားချိန်မှာ လူငယ်က နောက်တစ်လုံး မှာဖို့ လုပ်သည်။

နောက်လူငယ်တစ်ယောက်က . . .

"တော်ပြီ အစ်ကို . . ကျွန်တော်လည်း တော်တော်လေး မူးနေပြီ၊ မနက် ဈေးရောင်းရဦးမှာ"

"မရောင်းနဲ့ကွာ"

"ဟာ မရောင်းလို့ မရဘူး အစ်ကို၊ ကျွန်တော်တို့က တစ်နေ့လုပ်မှ တစ်နေ့ . . ."

"ငါ ပိုက်ဆံပေးမယ်ကွာ . . မရောင်းနဲ့"

"မလုပ်ပါနဲ့ အစ်ကိုရယ် . . အစ်ကိုပေးတာလည်း ကျွန်တော် မယူချင်ပါဘူး၊ အစ်ကိုလည်း တော်တော်မူးနေပြီ ပြန်တော့နော်"

www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေး ပြောပြီး အတင်းချော့မော့ခေါ်မှ ထိုလူငယ် မထချင် ထချင်နဲ့ ပါလာသည်။ ထို့နောက် ထိုလူငယ်၏ ကားပေါ်သို့ တွဲကာ တင်ပေးလိုက်၏။

"မင်းကို ငါ လိုက်ပို့ပေးမယ်လေ၊ ကားပေါ်တက်"

"မတက်တော့ဘူး အစ်ကို၊ ကျွန်တော့်နေရာက နီးပါတယ်၊ လမ်းလျှောက်သွားလိုက်တော့မယ်"

ထိုလူငယ်က ကားစက်နှိုးသည်။

'အဲ့ဒါဆိုလည်း ပြီးရော' ဆိုပြီး မောင်းကာထွက်သွား၏။

ထိုတော့မှ ကျန်ခဲ့တဲ့ လူငယ်က သက်ပြင်း တစ်ချက် ချလိုက်ကာ ဝေထွေ၍ မောင်း၍ ထွက်သွားသော ကားလေးနောက်သို့ လှမ်းကြည့်လိုက်၏။

ထို့နောက် . . .

"ဖူးပွင့်ရယ် . . နင့်ကို ငါလည်း ချစ်တာပါပဲဟာ"

ဟု သူ့ရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေးလေး ရေရွတ်လိုက်ပါတော့သည်။

မကြာမီတွင် မိုးတွေ ရွာချလာသည်။

သူ့ခန္ဓာကိုယ်သည် မိုးရေထဲကို ဒီအတိုင်း တိုးဝင်၍ အိမ်ပြန်လာခဲ့ပါတော့၏။

ပါးပြင်ပေါ်သို့ ခံစားချက်ကြောင့် လိမ့်ဆင်းလာသည့် မျက်ရည်တွေက မိုးရေတွေနှင့် ရောကာသွားလျက် . . .





မနက်ဖြန် ဂျာနယ် ရောင်းရဦးမည်။

ဘဝကို ရောင်းစားနေသော လူတွေထက်စာရင် ဂျာနယ်ရောင်းတာက မြတ်ပါသည်ဟု ထိုလူငယ်၏ ရင်ထဲမှာ တွေးလိုက်ပါတော့သည်။

* * *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုး စံအတိုင်း ဆိုင်ခင်းကာ ဂျာနယ်တွေကို ဖုန်ခါ၍ တင်လိုက်၏။

ညက ရွာချထားသော မိုးအရှိန်ကြောင့် ရာသီဥတုက သာယာလျက်ရှိသည်။

ထင်ကျော်က ဒီနေ့မှ ဘာလို့ နောက်ကျနေလဲဟု စိတ်ထဲမှာ တွေးရင်း ဒေါသဖြစ်နေစဉ် . . .

"အစ်ကို ဒီနားမှာ စံပယ်ပန်းရောင်းတဲ့လူ ဘယ်နှယောက် ရှိလဲဟင်"

သူ ဖျတ်ခနဲ မော့ကြည့်လိုက်၏။



ရင်ထဲမှာ ရှိန်းခနဲဖြစ်သွားသည်။ ပါးစပ်ကလည်း ယောင်ပြီး

"ဖူးပွင့်ဝေ"

"ရှင်"

ကောင်မလေးက ကြောင်ပြီး ပြန်ထူးလိုက်သော အသံဖြစ်သည်။

သေချာကြည့်လိုက်တော့ ဖူးပွင့်ဝေ မဟုတ်။ ပုံစံတူခြင်းသာ ဖြစ်သည်။

ကြောင်တောင်တောင်နဲ့ ကြည့်နေသော သူ့ကို ကောင်မလေးက ကြည့်၍ . . .

"ဒီနားမှာ ညီမ ပန်းလာရောင်းမလို့ပါ၊ ဒီမှာ ပန်းရောင်းတဲ့လူ ဘယ်နှယောက်ရှိလဲလို့"

သူက ကြောင်တောင်တောင် လုပ်နေရင်းမှ . . .

"အရင်က တစ်ယောက် . . အဲ . . မရှိပါဘူး၊ ရပါတယ်"

"ဒါဆို ကျေးဇူးပဲ"

ကောင်မလေးက ပြောပြီး ထွက်သွား၏။

ကောင်မလေး ထွက်သွားတာကို ကြည့်ရင်း သက်ပြင်းကို ချလိုက်သည်။

ပြီးနောက် ပြုံး၍ ခေါင်းကို ခါရမ်းလိုက်ကာ . . .

"ကိုဝေထွန်းရေ . . နောက်တစ်ယောက် လာပြန်ပြီဗျာ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း ဖူးပွင့်ဝေ တစ်ဖြစ်လဲ မော်ဒယ် မေလွန်းပျို၏ ကြော်ငြာဆိုင်းဘုတ်ကြီးကို လှမ်းကြည့်မိလိုက်ပါတော့၏။

မော်ဒယ်မေလွန်းပျိုလေးကတော့ သူတို့ကို ပြုံးပြုံးလေးနှင့် ကြည့်နေလျက် . . . .။

* * *

ကြိုးစားလျက်

မိုးဆက်လင်းထက်

BURMESE CLASSIC .com

ဝိ : မို : ၈၁၉ပ

www.burmeseclassic.com